# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၃ ရက် တနင်္လာနေ့။ Monday, 12 June 2017 (၈၉၅၃)


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)




မြန်မာဂီတပွဲတော် နေပြည်တော်၌ ကျင်းပ

စာမျက်နှာ » ၃

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာပေါင်း ထောင်ကျော်ခန့်ရှိနေ

စာမျက်နှာ » ၁၁



ကလေးခရိုင် မင်းကင်းမြို့၌ ၂၄ နာရီ လျှပ်စစ်မီးလင်းတော့မည်

စာမျက်နှာ » ၁၆



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွီဒင်နိုင်ငံသို့ ရောက်ရှိ

**စတော့ဟုမ်း ဇွန် ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် ဇွန် ၁၀ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ကနေဒါနိုင်ငံမှ အဲယားကနေဒါ လေကြောင်းလိုင်းဖြင့် ထွက်ခွာခဲ့ပြီး ဇွန် ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပြင်သစ်နိုင်ငံ ချားလ်စ်ဒီဂေါလေဆိပ်သို့ ရောက်ရှိကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား မြန်မာသံအမတ်ကြီး ဦးဟန်သူနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဆွီဒင်လေကြောင်းလိုင်းဖြင့် ဆွီဒင်နိုင်ငံသို့ ဆက်လက်ထွက်ခွာကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်း၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွီဒင်နိုင်ငံရောက် မြန်မာနိုင်ငံသားများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ကုန်ကြမ်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရန်နှင့် ဒေသခံများ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နိုင်ရေး လေ့ကျင့်ပျိုးထောင်

**နေပြည်တော် ဇွန် ၁၁**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်သို့ ရောက်ရှိပြီး သထုံမြို့ စက်မှုနယ်မြေကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



စက်မှုနယ်မြေ(သထုံ)ကို တွေ့ရစဉ်။




ကြေးမုံ

# ယှဉ်ပြိုင်ခြင်းဖြင့် အောင်မြင်မှုရယူ

စစ်မှန်သောဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရာတွင် အားလုံးတန်းတူ ယှဉ်ပြိုင်မှုရကာ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိရန်အရေးကြီးသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလကို ဖြတ်သန်းရာတွင် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်နိုင်ကြသည်မှာ မှန်ကန်သော်လည်း ဈေးကွက်လက်ဝါးကြီးအုပ်မှု၊ တစ်ဦးတည်းစီးပွားရေး ထိန်းချုပ်မှုများရှိနေသေးသည်။

နေပြည်တော်တွင် ဇွန်လ ၆ ရက်ကပြုလုပ်သော မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဈေးကွက်စီးပွားရေးစနစ်တွင် မျှတသည့် ပြိုင်ဆိုင်မှုရှိစေရန် စီးပွားရေးလုပ်ငန်းရှင်များကို ယခင်ကဲ့သို့ အမျိုးသားအကျိုးစီးပွားအမည်ခံ၍ အကာအကွယ်ပေးမည်မဟုတ်ကြောင်း ပြောကြားခဲ့ရာ နိုင်ငံ့စီးပွားရေးစနစ်အောင်မြင်ရေးအတွက် ဖြစ်ပေါ်နေသောအားနည်းချက်ကို ထင်ဟပ်ပြလိုက်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်တိုးတက်လာသော်လည်း ပွင့်လင်းမြင်သာစွာဖြင့် စစ်မှန်သော ပြိုင်ဆိုင်လုပ်ကိုင်နိုင်မှု မရှိသေးသောကြောင့် အောင်မြင်သောစီးပွားရေးလမ်းကြောင်းပေါ်သို့ မရောက်ရှိသေးချေ။ စီးပွားရေးဈေးကွက်များတွင် အစဉ်အဆက်အသာစီးရသော အခွင့်အရေးများကို လုပ်ငန်းရှင်ကြီးအနည်းငယ်ကသာ ရရှိပိုင်ဆိုင်ထားသဖြင့် စီးပွားရေးဈေးကွက်မှာ ကျယ်ပြန့်သင့်သလောက် မကျယ်ပြန့်သေးဟုဆိုရမည်ဖြစ်သည်။

စီးပွားရေးဘက်ဆိုင်ရာတွင် အမျိုးသားအကျိုးစီးပွားဟုဆိုကာ လုပ်ကိုင်ကြသော်လည်း စီးပွားရေးလုပ်ငန်းရှင်တစ်စုအတွက် အကျိုးအမြတ်ဖြစ်ထွန်းခဲ့သည်။ အမျိုးသားအကျိုးစီးပွားဆိုသည်မှာ နိုင်ငံသားအားလုံး တန်းတူညီမျှအခွင့်အရေးရရှိသည့် လုပ်ဆောင်မှုပင်ဖြစ်သည်။ ရှေးယခင်က အမျိုးသားအကျိုးစီးပွားအမည်ခံကာ လုပ်ငန်းရှင်များက Monopoly တစ်ဦးတည်း လက်ဝါးကြီးအုပ်သည့်စနစ်ဖြင့်သာ လုပ်ကိုင်ခဲ့ကြသည်။ လုပ်ကိုင်ခွင့်ပြုသူတို့ကလည်း ထိုစီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးသမားများကိုသာ အကာအကွယ်ပေးခဲ့ကြသည်။ ခေတ်အဆက်ဆက်အမြစ်တွယ်ခဲ့သော အဆိုပါစီးပွားရေးစနစ်မှာ ကျန်ရှိနေသေးသဖြင့် ယင်းကိုပြောင်းလဲပစ်နိုင်အောင် ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ချက်ကို ကြိုဆိုရမည်ဖြစ်သည်။ သို့မှသာ ရေရှည်တည်တံ့ခိုင်မြဲပြီး စစ်မှန်ပြီးအောင်မြင်သော နိုင်ငံ့စီးပွားရေးဖြစ်ထွန်းလာမည်ဖြစ်သည်။

လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းရှင်များအနေဖြင့် ပွင့်လင်းမြင်သာစွာဖြင့် တန်းတူညီမျှယှဉ်ပြိုင်မှုကို ကြိုက်နှစ်သက်ကြမည်ဖြစ်သော်လည်း ချက်ချင်းလက်ငင်းအကောင်အထည်ဖော်လျှင် လက်ရှိစီးပွားရေးအပေါ် ထိခိုက်မည်ကိုလည်း စိုးရိမ်ကြမည်မှာအမှန်ပင်။ သို့သော် အစိုးရအနေဖြင့် အားလုံးတန်းတူညီမျှ ယှဉ်ပြိုင်ပြောင်းလဲဆောင်ရွက်ပေးခြင်းဖြစ်၍ တတ်နိုင်သမျှ အစွမ်းအစရှိသလောက်အားနှင့် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးလိမ့်မည်ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်ကို မှန်ကန်စွာလျှောက်လှမ်းသောအခါ မျှတသောယှဉ်ပြိုင်လုပ်ကိုင်နိုင်မှု ရှိရမည်ဖြစ်သည်။ ယင်းကိုအခြေခံကာ အားလုံးပါဝင်ယှဉ်ပြိုင်လုပ်ကိုင်ခွင့်ပြုရာတွင် အကန့်အသတ်အားလုံးကို ဖွင့်ပေးပြီး လွတ်လပ်စွာလုပ်ကိုင်ခွင့်ရမည်ဆိုပါက နိုင်ငံသားများ စီးပွားရေးအခွင့်အလမ်းကောင်းများ ရရှိလာမည်မှာ အမှန်ဖြစ်သည်။ ပြဋ္ဌာန်းထားသော ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်သည် မည်သည့်လုပ်ငန်းရှင်ကိုမဆို တန်းတူအခွင့်အရေးပေးထားခြင်းဖြစ်သည်။ ပြည်တွင်းလုပ်ငန်းရှင်များအား တတ်နိုင်သလောက်ထောက်ပံ့ကူညီမည်ဖြစ်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း အာမခံချက်ပေးထားသည်။

သို့ဖြစ်ရာ စီးပွားရေးလက်ဝါးကြီးအုပ်မှုကို ဖယ်ရှားပြီး လွတ်လပ်စွာဖြင့် ယှဉ်ပြိုင်နိုင်သော စီးပွားရေးအပြောင်းအလဲစနစ်ကို အကောင်အထည်ဖော်နေချိန်တွင် နိုင်ငံသားလုပ်ငန်းရှင်များအားလုံး ယှဉ်ပြိုင်ခြင်းစွမ်းအားနှင့် ကြိုးစားအားထုတ်မှု လုံ့လဝီရိယအကျိုးကြောင့် အချိန်ကာလတစ်ခုတွင် ပြည်တွင်းလုပ်ငန်းရှင်များ စွမ်းဆောင်ရည်မြင့်မားပြီး စစ်မှန်သောအမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# အသည်းရောင်အသားဝါ( စီ )ရောဂါကုသမှုစတင်ခြင်း အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၁**



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်အထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ အသည်းရောင်အသားဝါ(စီ)ပိုးရောဂါကုသမှု စတင်ခြင်း Pilot Program အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကူးစက်တတ်သော အသည်းရောင်ရောဂါများနှင့် ပတ်သက်၍ ပိုမိုသတိပြုနိုင်ရန်အတွက် လှုပ်နှိုးလိုက်သည့်အသွင် Wake Up Call တစ်ခုဖြစ်ပါကြောင်း၊ စီမံချက်အနေဖြင့် အသည်းရောင်ရောဂါ(စီ)ပိုး ဝေဒနာခံစားနေရသူ ၂၀၀၀ ကိုသာ အခမဲ့စတင်ကုသပေးသည်ဆိုသော်လည်း ပြည်သူများအနေဖြင့် အသည်းရောင်ရောဂါ (ဘီ)ပိုး၊ (စီ)ပိုး စသည်ဖြင့် ကူးစက်တတ်သော အသည်းရောင်ရောဂါများကိုလည်းကောင်း၊ ထိုရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကိုလည်းကောင်း၊ ကူးစက်မှုမှ ကာကွယ်နိုင်မည့်နည်းလမ်းများကိုလည်းကောင်း၊ ပိုမိုသတိပြုလာနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အသည်းရောင်ရောဂါ(စီ)ပိုးကူးစက်ခံထားရသူဦးရေမှာ ယခုအခမဲ့ ဆေးကုသပေးနိုင်သည့် ပမာဏထက် ပိုမိုများပြားစွာရှိနေနိုင်မည်ဖြစ်ပါကြောင်း၊ ဖြစ်ပွားသူအားလုံးကို ယခုကဲ့သို့ အခမဲ့ဆေးကုသမှုပေးနိုင်ရန်အတွက် မိမိတို့တိုင်းပြည်သည် များစွာချမ်းသာသော နိုင်ငံမဟုတ်ပါ၍ ရေရှည်တွင် အခက်အခဲဖြစ်နိုင်ပါကြောင်း၊ ပြည်သူများအကြား ရောဂါကာကွယ်ရေးနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာမြင့်တင်ခြင်း အစရှိသည့် ရောဂါကာကွယ်ရေးနည်းလမ်းများကို အသုံးပြု၍ ရောဂါအသစ်ဖြစ်ပွားသူဦးရေ လျော့နည်းအောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အသည်းရောဂါအထူးကုဆရာဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ စီမံချက်မန်နေဂျာများမှ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း သိရသည်။

၂၀၁၇ ခုနှစ် စာရင်းဇယားများအရ ကမ္ဘာတွင် အသည်းရောင်(ဘီ)ပိုး ကူးစက်ခံထားရသူဦးရေ ၂၅၇ သန်းခန့်ရှိပြီး အသည်းရောင်ရောဂါ(စီ)ပိုး ကူးစက်ခံထားရသူ ဦးရေ ၇၁ သန်းခန့်ရှိပါကြောင်း၊ ရောဂါကူးစက်ခံထားရသူများအနက် လူ ၂၀ တွင် တစ်ဦးမှာ မိမိတွင် ရောဂါရှိမှန်းသိကြပြီး ၎င်းတို့အနက်မှ ၁ ဒသမ ၄၅ သန်းခန့်သည် နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာဖြစ်ပွား၍ သေဆုံးလျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် မေလမှ နိုဝင်ဘာလ စစ်တမ်းအရ အသည်းရောင်ရောဂါ (ဘီ)ပိုး ဖြစ်ပွားသူ ၆ ဒသမ ၅ ရာခိုင်နှုန်းတွင် အသည်းရောင်ရောဂါ (စီ)ပိုးဖြစ်ပွားသူ ၂ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ပွားကြောင်း တွေ့ရှိရသောကြောင့် အမျိုးသား အသည်းရောင်ရောဂါ တိုက်ဖျက်ရေးမဟာဗျူဟာ စီမံချက် (၂၀၁၆-၂၀၂၀) ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး/ကူးစက်)မှ ဒေါက်တာသန်းထွန်းအောင်က အမျိုးသား အသည်းရောင် အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်ကိုလည်းကောင်း၊ ရန်ကုန်အထူးကုဆေးရုံကြီး အသည်းရောဂါကုဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဝင်းနိုင်က အသည်းရောင်အသားဝါ (စီ)ပိုး ရောဂါကုသရေးလုပ်ငန်းများအတွက် ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ အသည်းရောင်အသားဝါ (စီ)ပိုးရောဂါကုသရေး လုပ်ငန်းတွင် ဆေးမှတ်တမ်း စာရင်းဇယားများ ထည့်သွင်းရာ၌ အသုံးပြုမည့် Open MRS software ပြင်ဆင်ထားရှိမှုအခြေအနေကို Clinton Health Access Initiatives (CHAI) မှ ဒေါက်တာခင်စန်းတင့်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချင်းပြည်နယ်စီးပွားရေးသင်တန်းကျောင်း၌ စီးပွားရေးဆိုင်ရာသင်တန်းဆင်း

**မင်းတပ် ဇွန် ၁၁**

ချင်းပြည်နယ် မင်းတပ်မြို့ရှိ စီးပွားရေးဆိုင်ရာ သင်တန်း စီးပွားရေးသင်တန်းကျောင်း (CSBI) အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ချင်းပြည်နယ်စီးပွားရေးသင်တန်းကျောင်း စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသား ဦးအောင်နိုင်ဘွေ (ခရိုင်သာသနာရေးဦးစီးဌာနမှူး)က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၃၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

❖ **ကုန်ကြမ်းများမှ**

ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ သထုံမြို့စက်မှုနယ်မြေသို့ ရောက်ရှိကြပြီး စက်မှုနယ်မြေအတွင်း တည်ဆောက်ထားသည့် အဆောက်အအုံများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို စစ်ဆေးရာ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်က ကော့စတစ်ဆိုဒါစက်ရုံ(သထုံ)အဖြစ်မှ စက်မှုနယ်မြေ(သထုံ)အဖြစ် ပြောင်းလဲအကောင်အထည်ဖော်ရန် ဆောင်ရွက်နေမှု၊ လျှပ်စစ်၊ ရေနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ထားမှု၊ စက်မှုနယ်မြေအတွင်း Solar Process နည်းပညာဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် စိစစ်ညှိနှိုင်းနေမှု၊ ပြည်တွင်းပြည်ပ စက်မှုလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်ရန် Expression of interest ခေါ်ယူထားမှု၊ ရင်းနှီးမြှုပ်နှံရန် အဆိုပြုလာသည့်လုပ်ငန်းများ၊ စိစစ်ရွေးချယ်သွားမည့် လုပ်ငန်းစဉ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက စက်မှုနယ်မြေ(သထုံ) ပတ်ဝန်းကျင်ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများကိုပါ ထည့်သွင်းအကောင်အထည်ဖော်ရန်၊ ဆောင်ရွက်ပြီးခဲ့သော စက်မှုလုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်၊ အတွေ့အကြုံများကို အခြေခံပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရန်၊ ဒေသခံများ အလုပ်အကိုင်ရရှိရန်နှင့် လုပ်ငန်းခွင်အတွင်း ဝင်ရောက်လုပ်ကိုင်နိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့အား စက်မှုနယ်မြေ(သထုံ) အစည်းအဝေးခန်းမ၌ Energeia Asset Management (EAM)ကုမ္ပဏီ တာဝန်ခံက Solar Process နည်းပညာဖြင့် လျှပ်စစ်ထုတ်လုပ်မည့် စီမံချက်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် စက်မှုနယ်မြေအတွင်း ဆိုလာပြားတပ်ဆင်မည့်အဆောက်အအုံနှင့် အထည်ချုပ်စက်ရုံဆောင်ရွက်မည့် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

စက်မှုနယ်မြေ(သထုံ)အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် စက်ရုံမြေ ဧရိယာ ၆၇၈ ဧကပေါ်တွင် ပြည်တွင်း၊ ပြည်ပမှ စိတ်ဝင်စားသည့် စက်မှုလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ခဲ့ရာ ကုမ္ပဏီခုနစ်ခုမှ အဆိုပြုလွှာများ တင်သွင်းခဲ့ကြကြောင်း၊ ယင်းအဆိုပြုလွှာများကို စက်မှုဝန်ကြီးဌာန ကျွမ်းကျင်ပညာရှင်များပါဝင်သော အဖွဲ့များဖြင့် စိစစ်ဆောင်ရွက်လျက်ရှိပြီး နယ်မြေဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် နိုင်ငံအတွက် အကျိုးရှိမည့် စက်မှုလုပ်ငန်းများကို ဦးစားပေးရွေးချယ်နေကြောင်း သိရသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သထုံမြို့စက်မှုနယ်မြေအတွင်း တည်ဆောက်ထားသည့် အဆောက်အအုံများ၊ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားစဉ်။

အဆိုပြုလွှာတင်သွင်းခဲ့သည့် လုပ်ငန်းများအနက်မှ သဘာဝဆေးဖက်ဝင်အပင်များမှ ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်း၊ သစ်ဥသစ်ဖုများမှ ထုတ်လုပ်သည့် အချိုရည်နှင့် သစ်သီးခြောက်လုပ်ငန်း၊ ဒေသထွက်ရော်ဘာများအား အရည်အသွေးမြင့်သန့်စင်ခြင်း လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် ရော်ဘာဆက်စပ်ပစ္စည်းလုပ်ငန်းများကို စိစစ်လျက်ရှိပြီး လုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ရေး ဆောင်ရွက်နေသည်။

ထို့ပြင် စက်မှုနယ်မြေ(သထုံ)တွင် ဆောင်ရွက်ရန်လျာထားသည့် Solar Process နည်းပညာသုံး 30 MW လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့် လုပ်ငန်းအား အသေးစိတ်လေ့လာမှုများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်ပါက စက်မှုနယ်မြေ(သထုံ)အတွင်းရှိ စက်ရုံများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ပံ့ပိုးနိုင်မည့်အပြင် ပိုလျှံသည့်လျှပ်စစ်ဓာတ်အားဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သူများနှင့် ဆေးဝါးထုတ်လုပ်ရောင်းချသူများအကြား အမြဲတမ်းဆက်သွယ်ဆောင်ရွက်နေရမည်

**ရန်ကုန် ဇွန် ၁၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့နံနက် ၁၀ နာရီခွဲက ဆေးသုတေသနဦးစီးဌာနတွင် မြန်မာနိုင်ငံဆေးကောင်စီမှ ကျင်းပသည့် Medical Practitioners' Relationship with Industry Seminar အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သူများနှင့် ဆေးဝါးထုတ်လုပ်ရောင်းချသူများအကြားတွင် အမြဲတမ်းဆက်သွယ်ဆောင်ရွက်နေရမည်ဖြစ်၍ ကျင့်ဝတ်နှင့်လျော်ညီသော ဆက်သွယ်ဆောင်ရွက်မှုများဖြစ်ရန် အရေးကြီးကြောင်း၊

ဆက်သွယ်ဆောင်ရွက်မှုများသည် အခြေခံအားဖြင့် ဆေးဝါးထုတ်လုပ်သူများ၏ နည်းပညာတိုးတက်မှု၊ ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၏ ပညာရပ်ဆိုင်ရာ တိုးတက်မှု၊ လူနာများ၏လိုအပ်ချက်စသည့် အချက်များပေါ်မူတည်၍ အမြဲတမ်းပြောင်းလဲလျက်ရှိသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ၎င်းအခြေခံအကြောင်းတရားများကိုလည်း လေ့လာရန်လိုအပ်ကြောင်း။

ယနေ့ပြုလုပ်သည့် Seminar မှ စတင်၍ ၎င်းအခြေခံအကြောင်းတရားများကို ကဏ္ဍအလိုက် အဖွဲ့ငယ်များခွဲ၍ လေ့လာရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ နာမူနာများကိုကြည့်၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူများအတွက် အကျိုးရှိရန် ကျင့်ဝတ်နှင့်အညီ ဦးတည်စဉ်းစားပေးလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအက်စ်ကျော်လှက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး သဘာပတိအဖြစ် ပါမောက္ခ ဒေါက်တာအက်စ်ကျော်လှနှင့် ပါမောက္ခ ဒေါက်တာခင်မောင်အေးတို့က ဆောင်ရွက်၍ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြင့က Code of Professional Conduct of Medical Practitioners Regarding Relationship with Industry ကို လည်းကောင်း၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်အသင်းအလုပ်အမှုဆောင် ဒေါက်တာမျိုးသန့်က Business Ethics of Medical Industry ကို လည်းကောင်း၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှ အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာအေးမောင်ဟန်က Situations where Professional code has been breached (International arena) အကြောင်းကိုလည်းကောင်း၊ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းက Ethical Relationship Between Health Care Providers and the Pharmaceutical Industry အကြောင်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။


ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဝင်သစ်များအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာနေဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွဲ့ဝင်သစ်အားလုံးအတွက် အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ်ကို ကိုယ်စားလှယ်အဖြစ် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌက ကိုယ်စားလှယ် ပါမောက္ခ ဒေါက်တာသန်းသန်းအေးအား အဖွဲ့ဝင်သစ် အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အဖွဲ့ဝင်သစ်များကိုယ်စား ဒေါက်တာမျိုးခင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# မြန်မာဂီတပွဲတော် နေပြည်တော်၌ ကျင်းပ




**နေပြည်တော် ဇွန် ၁၁**

မြန်မာ့ရိုးရာနှင့် အနောက်တိုင်းတူရိယာများဖြင့် ပေါင်းစပ်ဖျော်ဖြေသည့် မြန်မာဂီတပွဲတော်(Myanmar Music Festival) ကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ ကျင်းပသည်။

ရှေးဦးစွာ ဂီတပွဲတော်အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက တောဘွဲ့ပဒေသာသီချင်းဖြင့် စတင်ဖွင့်လှစ်သည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် ထိုင်း၊ အမေရိကန်၊ တရုတ်၊ မလေးရှားနိုင်ငံနှင့် ပီရူးနိုင်ငံတို့မှ အနုပညာရှင်များက မြန်မာ့ရိုးရာနှင့် အနောက်တိုင်းတူရိယာများဖြင့် ပေါင်းစပ်ရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဂီတပွဲတော်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် အနောက်တိုင်းဂီတပညာရှင်တို့ ပူးပေါင်း၍ ဂီတပွဲတော်အတွက် ရည်ရွယ်ရေးစပ်ထားသည့် သီချင်းအသစ် ခြောက်ပုဒ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

မြန်မာဂီတပွဲတော်အား ဇွန် ၁၃ ရက်တွင် မန္တလေးမြို့၌လည်းကောင်း၊ ဇွန် ၁၈ ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စင်ကာပူနိုင်ငံအား အကြမ်းဖက်မှုအန္တရာယ်ခြိမ်းခြောက်နေဟု ဝန်ကြီးချုပ် လီရှန်လွန်း သတိပေး



**စင်ကာပူ ဇွန် ၁၁**

စင်ကာပူနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားလာနိုင်ကြောင်း၊ သို့ရာတွင် မည်သည့်အချိန်တွင် ဖြစ်ပေါ်လာနိုင်သည်ကို အတပ်မပြောနိုင်ကြောင်း ဝန်ကြီးချုပ် လီရှန်လွန်းက ဇွန် ၁၀ ရက်တွင် ပြောကြားလိုက်သည်။

အရှေ့တောင်အာရှဒေသ၌ အခြေစိုက်သော ခွဲထွက်ရေးအုပ်စုများသည် စင်ကာပူနိုင်ငံကို ခြိမ်းခြောက်လာနေကြောင်း ဝန်ကြီးချုပ်လီက ဩစတြေးလျအေဘီစီ ရုပ်မြင်သံကြားဌာန၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့မှ စစ်သွေးကြွများသည် အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်ခဲ့ကြကြောင်း စင်ကာပူဝန်ကြီးချုပ်က ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာရာဝီမြို့တွင် တိုက်ခိုက်နေသည့် အကြမ်းဖက်သမားများတွင် စင်ကာပူနိုင်ငံမှ တိုက်ခိုက်ရေးသမားများလည်း ပါဝင်ကြောင်း ဖိလစ်ပိုင်နိုင်ငံက မကြာသေးမီက ပြောကြားခဲ့သည်။

လူမျိုးပေါင်းစုံ နေထိုင်ပြီး ဘာသာပေါင်းစုံ ကိုးကွယ်ခွင့်ရှိသည့် စင်ကာပူနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပေါ်လာမည်ဆိုပါက ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်သည့်အပြင် မွတ်စလင်များနှင့် မွတ်စလင်မဟုတ်သူများအကြား အပြန်အလှန်ယုံကြည်မှု ပျက်ပြားကာ စိတ်ပိုင်းအရပါ ထိခိုက်လာနိုင်ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားသည်။

**ဆင်ဟွာ။**

# ဂျီ-၇ နိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများ ထိပ်သီးအစည်းအဝေးကျင်းပ

**ဘိုလော့နာ (အီတလီ) ဇွန် ၁၁**

စက်မှုဖွံ့ဖြိုးပြီးဖြစ်သော ဂျီ-၇ နိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ ထိပ်သီးအစည်းအဝေးကို အီတလီနိုင်ငံ ဘိုလော့နာမြို့၌ ဇွန် ၁၁ ရက်တွင် နှစ်ရက်ကြာ ကျင်းပခဲ့သည်။




ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီ သဘောတူစာချုပ်မှ အမေရိကန်နုတ်ထွက်မည်ဆိုသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ကြေညာချက်ထွက်ပေါ်လာပြီးနောက် ဂျီ-၇ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများအစည်းအဝေးကို ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။

ယခုအချိန် ကမ္ဘာ့နိုင်ငံအများအပြား ရင်ဆိုင်နေရသည့် ရာသီဥတုဖောက်ပြန်မှုများသည် ကမ္ဘာကြီး၏ သဘာဝအရင်းအမြစ်များ ကုန်ခန်းလုနီးပါး ရောက်ရှိနေကြောင်း ပြသသည့်လက္ခဏာများပင်ဖြစ်သည်ဟု ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီး ကိုင်ချီ ယာမာမိုတိုက သူ၏အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးနိုင်ရေးအတွက် ပါရီသဘောတူညီမှုကို ကမ္ဘာ့နိုင်ငံများက ပေါင်းစပ်ညှိနှိုင်းပြီး အဖြေရှာနိုင်မှသာ ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်မည်ဖြစ်သည်ဟု ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီး ကိုင်ချီ ယာမာမိုတိုက ပြောကြားရင်း ဂျီ-၇ နိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်ဝန်ကြီးများအား အချင်းချင်း ညီညွတ်မှုရှိစေရန် တိုက်တွန်းပြောကြားခဲ့သည်။

အစည်းအဝေးပထမနေ့ အစောပိုင်းတွင် ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီး ကိုင်ချီ ယာမာမိုတိုက အမေရိကန်နိုင်ငံအား ပါရီသဘောတူညီမှုမှ ခွဲထွက်ရန် ဆန္ဒပြင်းပြလျက်ရှိသည့် အမေရိကန်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီအကြီးအကဲ စကော့ပရုတ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံသဘာဝပတ်ဝန်းကျင်ဝန်ကြီး ကိုင်ချီ ယာမာမိုတိုက အမေရိကန်နိုင်ငံ ပါရီသဘောတူစာချုပ်မှ ထွက်မည်ဆိုသည့် အမေရိကန်သမ္မတထရန့်၏ ကြေညာချက်သည် သူ့အား အလွန်အမင်းစိတ်ဓာတ်ကျစေကြောင်းနှင့် ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်တားဆီးသည့် လုပ်ငန်းစဉ်များတွင် အမေရိကန်နှင့် ဆက်လက်ပူးပေါင်းသွားရန် ဆန္ဒရှိကြောင်း အေဂျင်စီအကြီးအကဲ စကော့ပရုတ်အား ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများအား ဦးဆောင်သည့်နိုင်ငံအဖြစ် ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်တားဆီးရန် ဆန္ဒရှိပါကြောင်း အေဂျင်စီအကြီးအကဲ စကော့ပရုတ်က ပြန်လည်ပြောကြားခဲ့သည်။

အစည်းအဝေးတက်ရောက်သူများအနေဖြင့် ပါရီသဘောတူညီချက်အရ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆိုးကျိုးများကို ကာကွယ်တားဆီးရေးတွင် အမေရိကန် ဆက်လက်ရပ်တည်နိုင်ရေးအတွက် အမေရိကန်နိုင်ငံအား ဝိုင်းဝန်းတိုက်တွန်းပြောကြားကြမည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်ထိန်းသိမ်းရန် အမေရိကန်နိုင်ငံအနေဖြင့် မည်သို့ တုံ့ပြန်မလဲဆိုသည်ကို အစည်းအဝေးနောက်ဆုံးရက်တွင် ထုတ်ပြန်မည့် ပူးတွဲကြေညာချက်တွင် စောင့်ကြည့်ရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ပြင်သစ်နိုင်ငံ၌ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကျင်းပ သမ္မတ မေခရွန်၏ပါတီ အောင်ပွဲခံမည်ဟုမျှော်လင့်

**ပါရီ ဇွန် ၁၁**

ပြင်သစ်နိုင်ငံ ပါလီမန်ရွေးကောက်ပွဲ၏ ပထမအကျော့ မဲပေးပွဲကို ဇွန် ၁၁ ရက်က ကျင်းပရာ မဲဆန္ဒရှင်များ မဲပေးလျက်ရှိကြကြောင်း၊ ယခုကျင်းပသော ရွေးကောက်ပွဲ၌ အလယ်အလတ်ဝါဒီ သမ္မတ အီမင်နျူယယ်လ် မေခရွန်၏ Republic on the Move ပါတီနှင့် မဟာမိတ်ပြုထားသော ပါတီတစ်ပါတီတို့က အောင်ပွဲခံ အနိုင်ရရှိမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့်လက လက်ယာစွန်းရောက် သမ္မတလောင်း မာရင်းလီပန်းအား အနိုင်ရရှိကာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသူ မေခရွန်သည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း ၎င်း၏ ကတိကဝတ်နှင့်အညီ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲတွင် ၎င်း၏ပါတီအနေဖြင့် အမတ်နေရာအများစုရရှိရန် လိုအပ်နေသည်။



အမျိုးသားလွှတ်တော်ရွေးကောက်ပွဲတွင် Republic on the Move ပါတီက မဲအရေအတွက်၏ ၃၀ ရာခိုင်နှုန်းခန့်ကို ရရှိမည်ဟု မျှော်လင့်ရသည်။ ယင်းမှာ အမတ်နေရာ ၅၇၇ နေရာအနက် အမတ်နေရာ ၄၀၀ အထိ ရရှိနိုင်သည့် အနေအထားဖြစ်သည်။

ယင်းပါတီသည် ပင်လယ်ရပ်ခြားမဲဆန္ဒမြေ ၁၁ ခုအနက် ၁၀ ခုတွင် အနိုင်ရရှိခဲ့ပြီးဖြစ်သည်။

ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၄၇ သန်းကျော်ရှိပြီး အောက်လွှတ်တော်ဖြစ်သည့် အမျိုးသားလွှတ်တော်အတွက် မဲပေးလျက်ရှိကြသည်။

မဲရုံများကို နံနက် ၈ နာရီတွင် ဖွင့်လှစ်ခဲ့ပြီး မြို့ကြီးများတွင် ည ၈ နာရီအထိ မဲပေးခွင့်ပြုထားသည်။ ရွေးကောက်ပွဲလုံခြုံရေးအတွက် နိုင်ငံတစ်ဝန်းတွင် ရဲတပ်ဖွဲ့ဝင် ၅၀၀၀၀ ကျော်ကို ဖြန့်ကြက်ထားသည်။ ဒုတိယအကျော့မဲပေးပွဲကို ဇွန် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရိုက်တာ။**

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ပါကစ္စတန်နှင့် အိန္ဒိယ အဖွဲ့ဝင်ဖြစ်လာ

**အက်စ်တာနာ ဇွန် ၁၁**

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို)၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံများ ဖြစ်လာကြရာ အဆိုပါဒေသဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းမှာ တောင်အာရှဒေသသို့ နယ်ပယ်ချဲ့ထွင်ပေါင်းစည်းနိုင်ပြီဖြစ်ကြောင်း ပီတီအိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။



ဇွန် ၉ ရက်က ကျင်းပသော အက်စ်စီအိုအဖွဲ့၏ ထိပ်သီးညီလာခံ၌ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ တာဂျီကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ သမ္မတများက ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့အား တင်းပြည့်အဖွဲ့ဝင်နိုင်ငံများအဖြစ် အသိအမှတ်ပြုသော စာလွှာစာတမ်းတစ်ရပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ကာဇက်စတန်နိုင်ငံ မြို့တော် အက်စ်တာနာ၌ ကျင်းပသော ထိပ်သီးညီလာခံ၌ အစွန်းရောက်ဝါဒ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ရည်ရွယ်သော နိုင်ငံတကာ ကွန်ဗင်းရှင်းတစ်ရပ် အပါအဝင် သဘောတူညီချက် အများအပြားကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

အက်စ်စီအိုအဖွဲ့ မူလအဖွဲ့ဝင်နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲကိုလည်းကောင်း၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် လေ့လာသူအဆင့် နိုင်ငံများဖြစ်ကြသော အာဖဂန်နစ္စတန်၊ ဘီလာရုစ်နှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ ခေါင်းဆောင်များ ပါဝင်တက်ရောက်သော ထိပ်သီးဆွေးနွေးပွဲကိုလည်းကောင်း ကျင်းပခဲ့ကြသည်။

ကမ္ဘာ့ရေးရာများနှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် ဒေသဆိုင်ရာ အင်အားကြီးနိုင်ငံများဖြစ်ကြသော ရုရှားနှင့် တရုတ်နိုင်ငံတို့က သဘောထားအမြင်ချင်း တူညီကြသော်လည်း စွမ်းအင်အရင်းအမြစ် ပေါကြွယ်သော အာရှအလယ်ပိုင်းဒေသတွင် ယင်းနိုင်ငံများ၏ ဩဇာအာဏာချဲ့ထွင်ရေးတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိကြသည်ဆို၏။

**ပီတီအိုင်။**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

ဗြိတိန်နိုင်ငံ ကြားဖြတ်ရွေးကောက်ပွဲရလဒ်အရ ဝန်ကြီးချုပ်ထရီဆာမေရဲ့ ကွန်ဆာဗေးတစ်ပါတီက ဗြိတိန်ပါလီမန်မှာ အမတ်နေရာအများစုအနေအထားကို မရတော့တဲ့အတွက် ဥရောပသမဂ္ဂကနေ ဗြိတိန်နိုင်ငံခွဲထွက်ရေး ဆွေးနွေးပွဲတွေမှာ ဗြိတိန်နိုင်ငံက ရပ်တည်ဆွေးနွေးမယ့် အနေအထားဟာ မရေမရာ အနေအထားဘက်ကို ဦးတည်ရွေ့လာတယ်လို့ ပြောရမှာပါ။ တိတိကျကျပြောရရင် အခုကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲဟာ ဝန်ကြီးချုပ်ထရီဆာမေ ဆုံးဖြတ်ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲပါ။ ဥရောပသမဂ္ဂကနေ ဗြိတိန်နိုင်ငံခွဲထွက်ရေးလုပ်ငန်းစဉ်တွေကို ဥရောပသမဂ္ဂနဲ့ ဆွေးနွေးညှိနှိုင်းတဲ့အခါ ပိုပြင်ပြတ်သားတဲ့ အနေအထား တစ်ရပ်ကို ဆုပ်ကိုင်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီကြားဖြတ်ရွေးကောက်ပွဲကို ဝန်ကြီးချုပ် ထရီဆာမေက ကျင်းပခဲ့တာပါ။ ဒါပေမယ့် ကြားဖြတ်ရွေးကောက်ပွဲရလဒ်က ဝန်ကြီးချုပ်ထရီဆာမေခန့်မှန်းထားသလို ဖြစ်မလာတဲ့အတွက် အခုလို မရေမရာ အနေအထားဘက်ကို ရွေ့လာတာပါ။

အမှန်ကတော့ ဥရောပသမဂ္ဂကနေ ဗြိတိန်နိုင်ငံခွဲထွက်ရေးလုပ်ငန်းစဉ်တွေ ဆွေးနွေးဖို့ နဂိုကတည်းက ဇွန် ၁၉ ရက်ကို သတ်မှတ်ထားခဲ့တာပါ။ ဥရောပသမဂ္ဂက ဒီလိုခွဲထွက်ရေးဆွေးနွေးပွဲတွေကနေ ချောမွေ့အဆင်ပြေတဲ့ ဗြိတိန်ခွဲထွက်ရေးလုပ်ငန်းစဉ်တွေ ပေါ်ထွက်လာဖို့ မျှော်လင့်ထားတာပါ။ မူလရည်မှန်းချက်အရဆိုရင် ဗြိတိန်နိုင်ငံဟာ ဥရောပသမဂ္ဂကနေ ၂၀၁၉ ခုနှစ် မတ်လမှာ ခွဲထွက်မှာပါ။ အခုတော့ ဗြိတိန်ကြားဖြတ်ရွေးကောက်ပွဲရလဒ်အရ အသစ်ဖွဲ့စည်းရမယ့် ဗြိတိန်အစိုးရအဖွဲ့ဟာ ခွဲထွက်ရေးကိစ္စမှာ ရပ်တည်ချက်တစ်ရပ်ကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်နိုင်တဲ့ အနေအထားမရှိတော့ပါဘူး။ ခွဲထွက်ရေး ဆွေးနွေးပွဲတွေမှာ ဗြိတိန်နိုင်ငံရဲ့ ပြောင်းလဲလာမယ့် အနေအထားအပေါ် ဘယ်လိုတုံ့ပြန်ရမလဲဆိုတာက ခန့်မှန်းပြောဆိုဖို့ စောလွန်းနေပါသေးတယ်လို့ ဥရောပသမဂ္ဂအရာရှိ



တစ်ဦးက ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဝန်ကြီးချုပ်ထရီဆာမေရဲ့ ကွန်ဆာဗေးတစ်ပါတီက ပါလီမန်မှာအများစု အနေအထားမရတော့ဘူးဆိုတာ သေချာတဲ့အခါ ဥရောပသမဂ္ဂအရာရှိက “ဗြိတိန်အစိုးရအဖွဲ့သစ်က ခွဲထွက်ရေး ဆွေးနွေးပွဲတွေမှာ ရပ်တည်ချက်ပြောင်း၊ မပြောင်း စောင့်ကြည့်ကြတာပေါ့”လို့ ရှင်းလင်းပြောဆိုခဲ့တာပါ။ ကြားဖြတ်ရွေးကောက်ပွဲမှာ ကွန်ဆာဗေးတစ်ပါတီက ပါလီမန်အများစုအနေအထားကို ဆုံးရှုံးခဲ့တဲ့အတွက် ဝန်ကြီးချုပ်ထရီဆာမေဟာ နုတ်ထွက်ပေးဖို့တောင်းဆိုမှုတွေကို ရင်ဆိုင်ခဲ့ရပါတယ်။ အမှန်ကတော့ လူထုဆန္ဒခံယူပွဲမှာ ထရီဆာမေဟာ အဲဒီအချိန်က ဒေးဗစ်ကင်မရွန်းဦးဆောင်တဲ့ ကွန်ဆာဗေးတစ်ပါတီရဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးကို ဆန့်ကျင်စည်းရုံးခဲ့တာပါ။ လူထုဆန္ဒခံယူပွဲရလဒ်ကြောင့် ဒေးဗစ်ကင်မရွန်းက ဝန်ကြီးချုပ်တာဝန်ကနေ နုတ်ထွက်ပြီးနောက်ပိုင်း ထရီဆာမေက ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးလုပ်ငန်းစဉ်မူဝါဒတွေကို ချပြစည်းရုံးခဲ့တာပါ။ ဝန်ကြီးချုပ်ထရီဆာမေ ချပြခဲ့တဲ့လုပ်ငန်းစဉ်မူဝါဒတွေထဲမှာ ဥရောပသမဂ္ဂရဲ့ တစ်ခုတည်းသောဈေးကွက်နဲ့ တစ်ခုတည်းသော အကောက်ခွန်စနစ်တို့ကနေ ပြတ်ပြတ်သားသားခွဲထွက်ရေးတွေ ပါဝင်ပါတယ်။ ဝန်ကြီးချုပ်ထရီဆာမေက ကြားဖြတ်ရွေးကောက်ပွဲခေါ်ခဲ့တာဟာ အဲဒီရပ်တည်ချက်မူဝါဒကို ပြတ်ပြတ်သားသား ဆုပ်ကိုင်နိုင်မယ့် အနေအထားကိုရယူချင်လို့ပါ။

ပြောရရင် ဥရောပသမဂ္ဂခေါင်းဆောင်တွေကလည်း ကြားဖြတ်ရွေးကောက်ပွဲမှာ ဝန်ကြီးချုပ်ထရီဆာမေကို ပြတ်ပြတ်သားသား ဦးဆောင်နိုင်မယ့် အနေအထားရစေချင်နေကြတာပါ။ ဒီလိုအနေအထားရှိမှ ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးဆွေးနွေးရာမှာ ဝန်ကြီးချုပ်ထရီဆာမေက အလျှော့အတင်းမလုပ်ဘဲ ကိုယ့်သဘောထား အသေဆုပ်ကိုင်ကြမယ့် အင်အားစုတွေကို တွန်းလှန်ဟန့်တားနိုင်မယ်လို့ ဥရောပသမဂ္ဂခေါင်းဆောင်တွေက ယူဆထားကြတာပါ။ တချို့အင်အားစုတွေက ဘယ်လောက်အထိ တင်းမာသလဲဆိုရင် ညှိနှိုင်းမရခဲ့ရင် ဗြိတိန်နိုင်ငံက ကိုယ့်သဘောနဲ့ကိုယ် တောင်နုတ်ထွက်ရမယ်လို့ တောင်းဆိုနေကြတာပါ။ လက်ရှိအနေအထားမှာတော့ ဥရောပသမဂ္ဂခေါင်းဆောင်တွေဟာ “ဗြိတိန်နိုင်ငံက စိတ်ပြောင်းပြီး ဥရောပသမဂ္ဂထဲမှာ ဆက်နေမလား” ဆိုတဲ့ စိတ်ကူးယဉ်အတွေးကို လုံးဝခွင့်လွှတ်လိုက်ကြပါပြီ။ ဗြိတိန်နိုင်ငံဟာ ဥရောပသမဂ္ဂကနေ ဖြစ်နိုင်သမျှ မြန်မြန်ဆန်ဆန်နဲ့ ချောချောမွေ့မွေ့ခွဲထွက်ရေးဆိုတဲ့ လက်တွေ့ကျတဲ့ မျှော်လင့်ချက်ကိုပဲ ဥရောပသမဂ္ဂခေါင်းဆောင်တွေက လိုလားနေကြတာပါ။ ဗြိတိန်ခွဲထွက်ရေးလုပ်ငန်းစဉ်တွေ ရပ်ဆိုင်းဖို့ဆိုတာ ဗြိတိန်မှအပ ကျန်ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံး သဘောတူကြမှပဲ ဖြစ်နိုင်မှာပါ။

အမှန်ကလည်း ဥရောပသမဂ္ဂရဲ့ ကျန်အဖွဲ့ဝင် (၂၇) နိုင်ငံရဲ့ အစိုးရအဖွဲ့တွေကလည်း ညှိနှိုင်းဆွေးနွေးမှုတွေ ပျက်ပြားပြီး ၂၀၁၉ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ ညှိနှိုင်းသဘောတူထားတဲ့ လုပ်ငန်းစဉ်မရှိဘဲ ဗြိတိန်နိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ်ကနေ အလိုအလျောက် ပျက်ပြယ်သွားမှာကို စိုးရိမ်နေကြတာပါ။ ဒီလိုသာဖြစ်ခဲ့ရင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေရဲ့ နိုင်ငံသူ နိုင်ငံသားတွေနဲ့ စီးပွားရေးလုပ်ငန်းတွေဟာ မထွေးနိုင် မမျိုနိုင်တဲ့ ဥပဒေရေးဆိုင်ရာ ရှုပ်ထွေးမှုတွေကို ရင်ဆိုင်လာရမှာပါ။ ဒီလိုသာဖြစ်လာခဲ့ရင် ဗြိတိန်နိုင်ငံအတွက်လည်း အကျိုးဆုတ်ယုတ်မှုတွေကြုံလာရမှာပါ။ ဥရောပသမဂ္ဂကနေ နုတ်ထွက်ပြီးခဲ့ရင် ဗြိတိန်နိုင်ငံက ဥရောပသမဂ္ဂနဲ့ သီးခြားလွတ်လပ်တဲ့ ကုန်သွယ်ရေးသဘောတူညီချက်မျိုး ညှိနှိုင်းရယူဖို့ စိတ်ကူးထားတာပါ။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်ကနေ ဗြိတိန်နိုင်ငံက အလိုအလျောက်ပျက်ပြယ်သွားခဲ့ရင် ဗြိတိန်နိုင်ငံနဲ့ ဥရောပသမဂ္ဂကြား ဒီလိုသီးခြားလွတ်လပ်တဲ့ ကုန်သွယ်ရေးသဘောတူညီချက်ဆိုတာ ဖြစ်လာဖို့မရှိတော့ပါဘူး။ UBS ဘဏ်က သုတေသီလက်သည် စီးပွားရေးလုပ်ငန်းရှင်တွေဆီ သဘောထားမှတ်ချက်ပေးပို့ရာမှာ ဗြိတိန်ကြားဖြတ်ရွေးကောက်ပွဲရလဒ်အရ ဗြိတိန်နဲ့ ဥရောပသမဂ္ဂကြား ညှိနှိုင်းဆွေးနွေးမှုတွေ ပျက်ပြားဖို့က အလားအလာများနေပြီလို့ ကောက်ချက်ချပြောဆိုထားတာကို တွေ့ရပါတယ်။ စကားလုံးအတိအကျပြောရရင် “တစ်လှမ်းခြေချော်ရုံနဲ့ နိုင်ငံရေးဟန်ချက်ပျက်သွားနိုင်တဲ့ အနေအထားမှာ ဥရောပသမဂ္ဂဆန့်ကျင်ရေးအင်အားစုတွေက ပိုလှုပ်ရှားခွင့်သာနေပါတယ်။ ဒီလိုလှုပ်ရှားခွင့်သာနေတဲ့အနေအထားမှာ သူတို့ဟာ ဗြိတိန်နဲ့ ဥရောပသမဂ္ဂအကြား အပေးအယူညှိနှိုင်းမှုမဖြစ်အောင်ဟန့်တားကြမှာပါ”လို့ ကောက်ချက်ချထားတာပါ။

ဗြိတိန်ကြားဖြတ်ရွေးကောက်ပွဲရလဒ်အရ နောက်ဖြစ်လာနိုင်တဲ့ အနေအထားကတော့ ထရီဆာမေ အဆိုပြုထားတာထက် ပိုပျော့ပျောင်းတဲ့ ခွဲထွက်ရေးပုံစံကို ဗြိတိန်နိုင်ငံက ပြောင်းလဲရပ်တည်လာနိုင်တာပါ။ ဒီလို ပိုပျော့ပျောင်းတဲ့ပုံစံမှာ ဗြိတိန်နိုင်ငံဟာ ဥရောပသမဂ္ဂရဲ့ တစ်ခုတည်းသောဈေးကွက်မှာ ဆက်လက်ရပ်တည်နေမှာပါ။ ပြောရရင် ဒီအနေအထားကလည်း ဥရောပသမဂ္ဂအတွက် ပြဿနာမကင်းပါဘူး။ လက်တွေ့မှာလည်း ဥရောပသမဂ္ဂအဖွဲ့ဝင် (၂၇)နိုင်ငံဟာ နော်ဝေနိုင်ငံနဲ့ ဆွစ်ဇာလန်နိုင်ငံတွေကို ဥရောပသမဂ္ဂရဲ့တစ်ခုတည်းသော ဈေးကွက်မှာ ပါဝင်လှုပ်ရှားခွင့်ပြုထားတာပါ။ ဗြိတိန်နိုင်ငံကသာ ဆန္ဒရှိခဲ့ရင် နော်ဝေနိုင်ငံနဲ့ ဆွစ်ဇာလန်နိုင်ငံတွေ ခံစားနေရတဲ့ အခွင့်အလမ်းမျိုးကို ရရှိနိုင်ပေမယ့် ဒီအခွင့်အလမ်းမျိုးခံစားပြီဆိုရင် ဗြိတိန်နိုင်ငံဟာ ဥရောပသမဂ္ဂရဲ့ ဘတ်ဂျက်အပါအဝင် စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမှာပါ။ ဒီလိုလိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေထဲမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေရဲ့ နိုင်ငံသူ နိုင်ငံသားတွေ ဗြိတိန်နိုင်ငံထဲ လွတ်လပ်စွာအခြေချနေထိုင်ပိုင်ခွင့်လည်း ပါဝင်နေတာပါ။ ပြောရရင် ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂက ခွဲထွက်တာရဲ့ အဓိကအကြောင်းအရင်းတွေထဲမှာ လွတ်လပ်စွာအခြေချနေထိုင်ပိုင်ခွင့်က အချက်တစ်ချက်အနေနဲ့ ပါဝင်နေပါတယ်။

ဥရောပသမဂ္ဂခေါင်းဆောင်တွေဟာ ဒီစည်းမျဉ်းစည်းကမ်းကို ဗြိတိန်လူထုအများစုက လက်မခံနိုင်ဘူးဆိုတာကို သိထားတော့ ဗြိတိန်နိုင်ငံနဲ့ ညှိနှိုင်းဆွေးနွေးမှုလုပ်ရင်လည်းပဲ နှစ်ဖက်လက်ခံနိုင်တဲ့ အနေအထားမျိုးမရမှာကို ကြိုမြင်ထားပုံရပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲရလဒ်အရ ဗြိတိန်ပေါင်စတာလင်ငွေကြေး လဲလှယ်နှုန်း ကျဆင်းသွားတာကိုက ဗြိတိန်နိုင်ငံရဲ့ အနာဂတ်အလားအလာ မရေမရာ ဖြစ်နေတာကို ရည်ညွှန်းနေတယ်လို့ ဆိုချင်ပါတယ်။



### ❖ မြန်မာ-ထိုင်းမှ

ယင်းနောက် ချစ်ကြည်ရေး စက်ဘီးစီးအဖွဲ့က ကော့သောင်းမြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး သက်ကြီးဘိုးဘွားများအား ထောက်ပံ့ပစ္စည်းနှင့် လှူဒါန်းငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ နှစ်နိုင်ငံချစ်ကြည်ရေး စက်ဘီးစီးနင်းပွဲကို ကော့သောင်းမြို့တွင် (၄)ကြိမ်မြောက်ခရီးစဉ်အဖြစ် စီးနင်းကျင်းပခြင်းဖြစ်ပြီး အာဆီယံမိသားစုဝင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး၊ နှစ်နိုင်ငံနယ်စပ်ခရိုင်များမှ ပြည်သူများ အပြန်အလှန်ခရီးသွားလုပ်ငန်း၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## Singapore Junior Golf Championship 2017 ပြိုင်ပွဲ မြန်မာလူငယ်ဂေါက်သီးကစားသမား ဟိန်းစည်သူ ဆုတံဆိပ်များရရှိ

**စင်ကာပူ ဇွန် ၁၁**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပပေးနိုင်ခြင်းကြောင့် ဂေါက်သီးရိုက်အားကစားကို စိတ်ပါဝင်စားစွာ ပါဝင်ကစားသူများတိုးတက်လာသကဲ့သို့ ပြိုင်ပွဲဝင်အားကစားသမားများ၏ လက်ရည်မှာလည်း တိုးတက်လာခဲ့သည်။ ထို့ပြင် ထူးချွန်သည့် ဂေါက်သီးကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့ပြီး မြန်မာလူငယ် ဂေါက်သီးကစားသမား ဟိန်းစည်သူသည် Singapore Junior Golf Championship 2017 ပြိုင်ပွဲတွင် အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။

မြန်မာလူငယ် ဂေါက်သီးရိုက်ကစားသမားများဖြစ်သည့် ဟိန်းစည်သူနှင့် ရာဇာအောင်တို့သည် စင်ကာပူနိုင်ငံရှိ The Seletar Country Club တွင် ဇွန် ၆ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သော Singapore Junior Golf Championship 2017 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲအပြီးတွင် ဟိန်းစည်သူက သုံးရက်ပေါင်းရိုက်ချက် ၂၁၂ ချက် (-၄) (၇၀+၇၀+၇၂)ရိုက်ပြီး တစ်ဦးချင်းအကြောပေးပြိုင်ပွဲတွင် ပထမဆု၊ တစ်ဦးချင်းအကြောမဲ့ပြိုင်ပွဲ(Over all)တွင် တတိယဆုနှင့် ရာဇာအောင်က သုံးရက်ပေါင်းရိုက်ချက် ၂၃၅ ချက်(+၁၉) (၇၉+၇၇+၇၉) ရိုက်ပြီး အဆင့်(၁၄) ရရှိခဲ့သည်။ ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ အသက် (၁၂ နှစ်မှ ၁၇ နှစ်)ရှိ အမျိုးသား၊ အမျိုးသမီး အားကစားသမား စုစုပေါင်း ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

## မုတ်သုံလေဆက်လက်အားကောင်းနေမည်

**နေပြည်တော် ဇွန် ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်နှင့် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ၁၀ ပေခန့်အထိ ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မုတ်သုံလေဆက်လက်အားကောင်းနေမည်။

# လွတ်လပ်ပျော်ရွှင်စရာကောင်းသည့်ကျောင်း

## ခင်မောင်ဌေး (ပညာရေး)

ကျောင်းတစ်ကျောင်း၏ ဂုဏ်သတင်းကောင်းခြင်း၊ ထင်ရှားပေါ်လွင်ခြင်းသည် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၏ စီမံခန့်ခွဲမှုကောင်းခြင်းနှင့် လက်ထောက်ဆရာ ဆရာမများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်မှုရှိခြင်းတို့ကြောင့်ပင် ဖြစ်သည်။

ယခုတလော ဆိုရှယ်မီဒီယာခေါ်သည့် လူမှုကွန်ရက်များပေါ်တွင် အာဏာရှင်ဆန်သည့် အုပ်ချုပ်မှုများဖြင့် ကျောင်းတစ်ကျောင်း၏ဖွံ့ဖြိုးတိုးတက်မှုကိုမရနိုင်ကြောင်း အမျိုးမျိုးဝေဖန်ထောက်ပြနေကြသည်ကိုတွေ့ရ၏။

**ကျောင်းအုပ် ဆရာကြီး ဆရာမကြီးများ၏တာဝန်**

ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများသည် တစ်ကျောင်းလုံး၏ တာဝန်ကို ယူထားရသူဖြစ်လေသည်။ သို့ဖြစ်၍ စီမံခန့်ခွဲတတ်မှုနှင့် လုပ်ထုံးလုပ်နည်းများကို ပိုင်နိုင်ကျွမ်းကျင်ရန်လိုအပ်ပါသည်။ သို့မှသာ ဖြစ်ပေါ်လာသည့် ပြဿနာအရပ်ရပ်ကို ပြဋ္ဌာန်းချက်များနှင့်အညီ အလျင်အမြန်ဆုံးဖြတ်နိုင်မည်ဖြစ်ပါသည်။

ကျောင်းတစ်ကျောင်းကို စီမံအုပ်ချုပ်ရခြင်းသည် ကျောင်းအုပ်တစ်ဦးတည်းဖြင့် မရနိုင်ပါ။ သို့ဖြစ်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အသီးသီးတွင် အုပ်စုတာဝန်ခံများဖွဲ့၍ ဖြစ်ပျက်မှုများကို သတင်းပို့ခြင်း၊ စိစစ်ခြင်း၊ ဆုံးဖြတ်ခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ကောင်းမွန်သော အကြံဉာဏ်၊ တင်ပြချက်ကို လက်ခံစဉ်းစားရမည်ဖြစ်ပါသည်။

ကျောင်းအုပ်ချုပ်သူများသည် အုပ်စုခေါင်းဆောင် ဆရာ ဆရာမများနှင့် စဉ်ဆက်မပြတ် တိုင်ပင်ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ အုပ်စုခေါင်းဆောင်များမှတစ်ဆင့် လိုက်နာဆောင်ရွက်ဖွယ်ရာများကို ဖြန့်ဝေနိုင်ပါသည်။ ကျောင်း၏ Order Book ကိုလည်း လိုအပ်လျှင် လိုအပ်သလို သုံးသင့်ပါသည်။ သို့သော် အကြောင်းအရာကိစ္စအသေးအဖွဲ့မှစ၍ Order Book ကိုသာ အမိန့်ကြီးတစ်ခုသဖွယ် ထုတ်ပြန်နေရန်မသင့်ပါ။

လက်ထောက်ဆရာမများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် ကျောင်းစည်းကမ်းများသည် လိုသည်ထက်မပိုသင့်ပါ။ ဆိုရလျှင် အချို့သော စည်းကမ်းများသည် လိုသည်ထက်ပိုလွန်းနေမှုကြောင့် အမိန့်အာဏာသဖွယ် ဖြစ်သွားနိုင်ပါသည်။ ဥပမာအားဖြင့် ကျောင်းတက်ချိန်နောက်ကျရောက်ခြင်းသည် ဆရာ ဆရာမတစ်ဦးအတွက် မဖြစ်သင့်ပါ။ သို့သော်လည်း ရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေတစ်ခုခုကြောင့်သော်လည်းကောင်း၊ မိမိ၏ စာသင်ချိန်ကိုလည်း မထိခိုက်လျှင်သော်လည်းကောင်း ခွင့်လွှတ်နိုင်သော အရာပင်ဖြစ်၏။ ဆိုလိုသည်မှာ အချင်းချင်းနားလည်ပေးနိုင်မှုဖြင့် ရင်းနှီးချစ်ခင်မှုပို၍ ရရှိနိုင်ပါသည်။ အချို့ကျောင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် နောက်ကျနေလျှင်ပင် ဘဝတူဆရာမတစ်ဦးဦးက ခေတ္တဝင်ရောက်ထိန်းပေးခြင်းဖြင့် ပြေလည်နိုင်ပါသည်။

အချို့သော ကျောင်းများတွင် တာဝန်ရှိသူကျောင်းအုပ်ဆရာကြီး ဆရာမကြီးများသည် စာအုပ်ကြီးသမားများ ဖြစ်ကြပါသည်။ သတ်မှတ်ထားသည့် စည်းကမ်းအတိုင်း (စာအုပ်ကြီးအတိုင်း) တစ်သဝေမတိမ်းလိုက်နာကြရပါသည်။ မည်မျှပင် ကောင်းမွန်သည့်အမှုအလုပ်ပင်ဖြစ်စေ တာဝန်မယူရဲကြပါ။ တာဝန်ခွဲဝေပေးမှုကိုလည်း အလွန်တွန့်တိုတတ်ကြပါသည်။ ကျောင်းနှင့်သက်ဆိုင်သည့် သော့အမျိုးမျိုးကို ခါးတွင်ချိတ်ကာ ရုံးခန်းအတွင်းမှ အမိန့်ပေးစီမံအုပ်ချုပ်နေတတ်ပါသည်။ အထူးသဖြင့် မိမိနှင့်အတူ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများအပေါ် ယုံကြည်မှုမရှိခြင်းပင်ဖြစ်သည်။ တဖြည်းဖြည်းအာဏာရှင်ဆန်လာပြီး ရင်းနှီးနွေးထွေးမှုလျော့နည်းကာ စည်းလုံးညီညွတ်မှုပါ ပျက်ပြားသွားတတ်ပါသည်။

**လက်ထောက် ဆရာ ဆရာမများ၏တာဝန်**

ကျောင်းတစ်ကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၏ စီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ဆောင်ပေးရသူများမှာ လက်ထောက်ဆရာမများပင် ဖြစ်ပါသည်။ ဆရာ ဆရာမများသည် မိမိတို့အား ခွဲဝေတာဝန်ပေးအပ်ထားသည့်ဘာသာရပ်တွင် ကျွမ်းကျင်ပိုင်နိုင်ရန် အမြဲတစေလေ့ကျင့်လေ့လာနေဖို့ လိုပါသည်။ (ဤနေရာတွင် ဘာသာရပ်ခွဲဝေရာ၌ ရရှိသည့် ဘာသာတွဲ၊ ကျွမ်းကျင်မှု၊ သင်ကြားမှုအတွေ့အကြုံများအရ ဘာသာရပ်တာဝန်ကို ဘက်လိုက်မှုကင်းစွာ ခွဲဝေသတ်မှတ်ပေးရမည်မှာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး၏ တာဝန်ဖြစ်သည်။) မိမိအကျိုးအတွက် ဘက်လိုက်၍ ခွဲဝေပေးလျှင် ကြီးမားသောပြဿနာများနှင့် ရင်ဆိုင်ရနိုင်ပါသည်။ ဆရာ ဆရာမ အများစုသည် ကုံလုံကြွယ်ဝကြသည် မဟုတ်ပါ။ အခက်အခဲများ၊ လိုအပ်ချက်များစွာ ရှိနေသူများဖြစ်ကြပါသည်။ ကျောင်းအုပ်ကြီးများကိုယ်တိုင်ကပင် မိမိလက်ထောက် ဆရာ ဆရာမများ၏ ဘဝအခြေအနေကို လေ့လာသိရှိထားလျှင် ပို၍အဆင်ပြေနိုင်ပါမည်။

ယခုအခါတွင် ဆရာ ဆရာမများ၏တာဝန်မှာ သင်ကြားရေး သက်သက်သာ မဟုတ်နိုင်။ ကျောင်းတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများလည်းရှိပါသည်။ ယင်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် ကျောင်းသား ကျောင်းသူများ၏ အရည်အချင်းနှင့် ကိုယ်ရည်ကိုယ်သွေးများကို အကဲဖြတ်ရမည်ဖြစ်ပါသည်။ ထို့အတူ တစ်ဖက်တွင်လည်း သင်ကြားခြင်းနှင့်အတူ သုံးလပတ်၊ ခြောက်လပတ် စသည့် စာမေးပွဲစစ်ဆေးခြင်း၊ အမှတ်ပေးအကဲဖြတ်ခြင်းများလည်း ရှိနေဦးမည်ဖြစ်လေသည်။ ယင်းတို့ကို ဆရာ ဆရာမတိုင်း မလွှဲမသွေ ပါဝင်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ဆရာ ဆရာမများတွင် သင်ကြားမှု၊ သင်ယူမှုဖြစ်စဉ်အပြင် အခြားသော တာဝန်များရှိရာ (ဂိတ်ဂျူတီ၊ ဖုန်းဂျူတီ) တတ်နိုင်သမျှ ဖြေလျှော့ပေးနေသည်ကိုတော့ တွေ့ရပါသည်။

**ကျောင်းတွင်းလှုပ်ရှားမှုများ**

တိုးတက်အောင်မြင်နေသော ကျောင်းတိုင်းတွင် လှုပ်ရှားမှုများစွာတွေ့ရတတ်ပါသည်။ ကျောင်းစတက်သည့် ဇွန်လမှစ၍ ကျောင်းတွင်းလှုပ်ရှားမှုများ လုပ်နိုင်ပါသည်။ ဇွန် ၁၂ ရက်သည် အမေများနေ့၊ ဇွန် ၂၆ ရက်သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့။ ထိုနေ့များနှင့်ပတ်သက်၍ ဆရာ ဆရာမများက ဟောပြောခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ပန်းချီကာတွန်းပြပွဲများ ကျင်းပခြင်းစသဖြင့် လှုပ်ရှားမှုပြုလုပ်နိုင်ပါသည်။ မူးယစ်ဆေးဝါးပြတိုက်သို့လည်း သွားရောက်လေ့လာနိုင်ပါသည်။

ဇူလိုင်လဆိုလျှင် ဇူလိုင် ၁၉ ရက်သည် အာဇာနည်နေ့ ဖြစ်ပါသည်။ ထို့နေ့တွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လေ့လာနိုင်ပါသည်။ အာဇာနည်ပုဂ္ဂိုလ်အကြောင်းကို ကျောင်းသား ကျောင်းသူများအား ဟောပြောစေခြင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပခြင်းစသည့် လှုပ်ရှားမှုများကို ပြုလုပ်နိုင်ပါသည်။ လတိုင်းလတိုင်းတွင် လှုပ်ရှားမှုများပြုလုပ်နိုင်သည်ဖြစ်ရာ မိမိတို့ကျောင်းအခြေအနေဖြင့် ပြုလုပ်သင့်သည့် လှုပ်ရှားမှုများကိုမူ ဆရာ ဆရာမအင်အား၊ မိဘတို့၏ ပူးပေါင်းပါဝင်မှုဖြင့် လှုပ်ရှားဆောင်ရွက်သင့်ပါသည်။

အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ထိန်းသိမ်းရန် ရနိုင်သည့်အရွယ်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျောင်းတွင်းလှုပ်ရှားမှုများအပြင် အောက်တိုဘာ၊ ဒီဇင်ဘာကျောင်းပိတ်ရက်များတွင် ကျောင်းပြင်ပလှုပ်ရှားမှုများ လေ့လာရေးခရီးထွက်ခြင်းများဖြင့် ကျောင်းပြင်ပ ဗဟုသုတရှာဖွေနေသင့်ပါသည်။ ယင်းလုပ်ငန်းသည် ကျောင်းအုပ်ကြီးနှင့်အတူ ဆရာ ဆရာမများ၏ ပူးပေါင်းပါဝင်မှု၊ စုပေါင်းတာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်နိုင်ပါသည်။

**အောင်ကြောင်းဖြာ**

စည်းလုံးညီညာအောင်ကြောင်းဖြာပါသည်။ စည်းလုံးညီညွတ်မှုသည် ရင်းနှီးချစ်ခင်မှုမှပေါ်ပေါက်သည်။ ရင်းနှီးချစ်ခင်မှုသည် ယုံကြည်စိတ်ချမှုမှ လာပါသည်။ သို့ဖြစ်၍ ယုံကြည်မှုတည်ဆောက်ခြင်း (Trust Building) သည် အရေးကြီးလှပါသည်။ တစ်ဦးနှင့်တစ်ဦးယုံကြည်လာသည်နှင့်အမျှ အထက်-အောက် (Up to Bottom) ဆက်ဆံရေးနှင့် အောက်-အထက် (Bottom to up) ဆက်ဆံရေးသည် အဖုအထစ်ကင်းသွားနိုင်ပါသည်။ (ငါပြောသမျှအဟုတ်၊ ငါလုပ်သမျှအမှန်ဆိုသည့် တစ်ယူသန်ဝါဒဖြင့် အမိန့်ပေးခိုင်းစေနေ၍ မအောင်မြင်နိုင်ပါ)။

ထိုအခါ ကျောင်းတစ်ကျောင်းသည် မိသားစုအဝန်းအဝိုင်းလေးနှင့်တူလာပါလိမ့်မည်။ ကွဲပြားမှုမရှိ ခွဲခြားမှုမရှိဘဲ အပြစ်မြင်အပြစ်တင်လိုစိတ်များ လျော့ပါးသွားကာ မရှိအတူ၊ ရှိအတူ တစ်ဦးအခက်အခဲကို တစ်ဦးကဖေးမကူညီခြင်း၊ စာနာနားလည်ပေးခြင်းဖြင့် တစ်ဦးမေတ္တာ တစ်ဦးစေတနာ နားလည်ကာ ပျော်ရွှင်ကြည်မွေ့လာနိုင်ပေလိမ့်မည်။ ကျောင်းတွင်းလှုပ်ရှားမှုများတွင်လည်း တက်စုံရွက်စုံလွှင့်လာနိုင်ပါလိမ့်မည်။

**နိဂုံး**

အောင်မြင်မှုဟူသည် တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် ရနိုင်သည်ဟူ၍ မရှိပါ။ စုပေါင်းအင်အားဖြင့်သာ အောင်မြင်ရိုးရှိပါသည်။ ကျောင်းတစ်ကျောင်းကို စီမံအုပ်ချုပ်ရသူသည် အကြီးအကဲတစ်ဦးဖြစ်ပါသည်။ အကြီးအကဲတစ်ဦးအနေဖြင့် နာယကဂုဏ် ခြောက်ပါးဖြစ်သည့် "ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု" စသည်တို့ကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ ဝန်ထမ်းများအပေါ်တွင်လည်းကောင်း လိုက်နာကျင့်ကြံပြုမူဆောင်ရွက်ခြင်းဖြင့် မိမိဝန်ထမ်းများ၏ လေးစားကြည်ညိုချစ်ခင်နှစ်သက်ခြင်းကိုခံရကာ လိုလားနှစ်ခြိုက်စွာ ပူးပေါင်းဆောင်ရွက်လာခြင်းဖြင့် ကျောင်းတစ်ကျောင်း၏ ဘက်စုံထူးချွန်မှုမှတ်တိုင်ကို ခိုင်ခိုင်မြဲမြဲ စိုက်ထူနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ လွတ်လပ်ပျော်ရွှင်စရာကောင်းသည့် ကျောင်းများအဖြစ် ဖန်တီးတည်ဆောက်နိုင်ကြပါစေ။ ။

# စည်းကမ်းမရှိသရွေ့ မတိုးတက်နိုင်

လူ့ဘောင်လောကကြီး၌ နေထိုင်ကြကုန်သော လူသားအပေါင်းတို့သည် ကောင်းမှု၊ မကောင်းမှုဟူသော အကြောင်းတရားတို့သည် စာပေအသိပညာဖြင့် စည်းကမ်းသေဝပ်စွာ ပြုမူနေထိုင်ကျင့်သုံးကြသူတို့၏ ဘဝရပ်တည်မှုသည် မကောင်းမှုအဆိုးတရားများကင်းဝေးပြီး ကောင်းကျိုးများနှင့် တွေ့ကြုံဆုံဆည်းကြမြဲဖြစ်သည်ကို လောကနိယာမတရားနှင့် မြတ်ဗုဒ္ဓ၏ ဓမ္မတရားတော်က တိကျစွာဖော်ထုတ်ပြသထားသည်ကို လေ့လာတွေ့ရှိကြရပါပေမည်။

ဤကဲ့သို့ ကောင်းကျိုးတွေဝေဆာလိုကြသူအပေါင်း၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် အစရှိသည်ဖြင့် တစ်နိုင်ငံလုံး မြန်မာတစ်ပြည်လုံးရှိ လူအပေါင်းတို့သည် တစ်ဦးချင်းက စည်းကမ်းရှိစွာ နေထိုင်ပြုမူကြရန်လိုအပ်သည်ဟု ဆိုရမည်ထက် ဥပဒေကို တစ်သဝေမတိမ်း လေးစားလိုက်နာကျင့်သုံးနေထိုင်သွားကြဖို့ လိုပေမည်။ ယနေ့ ကျွန်ုပ်တို့နိုင်ငံတော်၌ ပြုပြင်ဖွယ်ရာ အတော်များများကို တွေ့မြင်နေရသလို တစ်ဦးချင်းစည်းကမ်းချိုးဖောက်မှုတွေများစွာကို တွေ့မြင်နေရပါသေးသည်။

ထို့အတူ မြေကွက်လပ်၊ ရရာနေရာတွေမှာ ပျံ့ကျနေထိုင်ကြပြီး အချိန်ရှိသရွေ့ အခွင့်အရေးတောင်းဆိုနေကြ၏။ မဆောက်သင့် မဆောက်အပ်သော ဘက်ဟိုးကျင်း၊ လမ်း အသုံးပြုမည့်မြေများ၌ အိမ်ရာဆောက်လုပ်နေထိုင်ကြသလို တွေ့ရာလမ်းပေါ် ဈေးတက်ရောင်းနေကြပြီး စည်းမဲ့၊ ကမ်းမဲ့ပြုလုပ်နေမှုကြောင့် လမ်းများပိတ်ဆို့ကျပ်တည်းမှုများစွာကြုံနေကြရသည်ကိုလည်း တွေ့မြင်ရပါပေသည်။ ဒါတွေဟာလည်း လူတစ်ဦးချင်းက စည်းကမ်းတကျနေထိုင်မှုမရှိခြင်းကြောင့် ဖြစ်ပေါ်နေကြရခြင်း ဖြစ်ပေသည်။

လမ်းများကိုကြည့်ပြန်လျှင်လည်း ၂၀၁၄ ခုနှစ်ကတည်းက လမ်းဘေးမြောင်းများပြုပြင်လာခဲ့ရာ ယနေ့တိုင် မြောင်းဖုံးများ မရှိခြင်းကြောင့် စည်းကမ်းမဲ့သူတို့က အမှိုက်ကျင်းများအဖြစ် အသုံးပြုနေကြသည်မှာ YBS ဂိတ်ထိုးသည့် သခင်မြပန်းခြံဘေးနှင့် စာရင်းစစ်ရုံးသင်တန်းကျောင်းဘေးတို့မှာ အလွန်အရုပ်ဆိုးစွာ ရှုမြင်နေရကြပါပေသည်။ ရေမြောင်းအတော်များများမှာ မြောင်းဖုံးများ မတပ်ဆင်ရသေး၍ အမှိုက်သရိုက်များနှင့် ပြည့်လျှံနေသည်ကို ရှုမြင်ကြရပါပေမည်။

ထိုနည်းတူစွာ မော်တော်ကားများကို ကြည့်မည်ဆိုပြန်လျှင်လည်း ကားလမ်းကြော၌ YBS ကားများကလည်း အလုအယက်မောင်းသူကမောင်း၊ မှတ်တိုင်မှာ အချိန်ဆွဲသူကဆွဲ၊ လိုင်းကြောင်းကျော်ခွ ဝင်သည့်ကားကဝင်နှင့် လုပ်နေကြသလို အငှားကားယာဉ်မောင်းကျပြန်တော့လည်း ကားလမ်းကြောထဲ ဟိုတိုး၊ ဒီတိုး မြွေလိမ်မြွေကောက် ပုံသဏ္ဌာန်မြင်နေရပေသည်။ မီးပွိုင့်ကိုတောင် ဂရုမပြု စီစီတီဗွီ ကင်မရာ တပ်ဆင်ထားလည်း ဂရုမစိုက်ကြပေ။ ဖမ်းဆီးအရေးယူမည့်သူမရှိဖြစ်နေ၍ မကြာခဏယာဉ်တိုက်မှုများဖြစ်နေသည်ကို ရန်ကုန်မြို့အနှံ့ရှုမြင်ကြရပါပေမည်။

ဒါတင်မကသေးပါ။ ကုန်တင်ယာဉ်ကြီးများနှင့် စားအုန်းဆီတင်ကားတို့က ပိုဆိုးပါပေသည်။ မီးပွိုင့် မီးဝါ မပြောနှင့်၊ မီးနီကိုတောင် ဖြတ်မောင်းကြပေသည်။ ထိရောက်စွာ ဖမ်းဆီးအရေးယူမှ စည်းကမ်းလိုက်နာပေမည်ဟု ယုံကြည်မိပါသည်။ ကားကြီးများဖြစ်ပြီး အတင်းအဓမ္မ လုတက်၊ ကျော်တက်၊ မီးဝါမီးပွိုင့်ဖြတ်၊ ဒါတွေဟာ ကိုယ့်နိုင်ငံကချမှတ်ထားတဲ့ စည်းကမ်းကို ချိုးဖောက်နေတာပါဟု လူအတော်များများက ဆိုပါသည်။

ဈေးရောင်းစားကြသူ စည်းကမ်းမဲ့ဈေးသည်များသည် သတ်မှတ်နေရာမဟုတ်သည့် လမ်းပေါ်၊ ပလက်ဖောင်းနှင့် နောက်ဆုံး ကားလမ်းပေါ်အထိ ချရောင်းလာကြသည်မှာ အလွန်ကြည့်ရဆိုးသလို ယာဉ်အန္တရာယ်လည်း စိုးရိမ်ရပေမည်။ ပန်းခြံတွေဟာ လှပအောင်ပြုလုပ်ထားတာကြောင့် ပန်းခြံအဝန်းအဝိုင်း၊ ပန်းခြံထဲနှင့် အနီးအနား ဈေးရောင်းချခြင်းသည် ညစ်ပေမှုကိုဖြစ်စေသည်ဟု ကျောင်းဆရာတစ်ဦးက ဆိုသည်။ ဒါတင်မကပါဘူး။ ဈေးရောင်းသူတချို့ဟာ စာကလေးများ၊ စပါးကျီနားသွားသလို မိမိပိုင်နယ်နိမိတ်၊ ထိုမှတစ်ဆင့် ခြံဝ၊ ခြံဝမှမြောင်းနှုတ်ခမ်း၊ ယင်းမှတစ်ဆင့်လမ်းပေါ်စသည်ဖြင့် အဆင့်ဆင့် တိုးလာရာမှ ယာဉ်လမ်းကြောပိတ်ဆို့သွားရသည့် အခြေအနေများစွာကိုလည်း ရှုမြင်ကြရပါပေမည်။ ဒါတွေအားလုံးသည် စည်းကမ်းမရှိခြင်း၊ တစ်ဦးချင်းစည်းကမ်းချိုးဖောက်နေခြင်းသာဖြစ်ပေသည်။ ပြောင်းလဲချင်တာသာရှိကြပေမယ့် မိမိတို့၏စိတ်ဓာတ်မပြောင်းလဲသရွေ့ ကျွန်ုပ်တို့အမိမြန်မာပြည်ကြီး တိုးတက်မှုနှေးကွေးနေဦးမည်ဟု တွေးမြင်မိရပါလေသည်။

ရပ်ကွက်ပြည်သူတွေ ကျပြန်တော့လည်း မိမိအိမ်သတ်မှတ်သည့် နယ်နိမိတ်ကိုကျော်လွန်ကာ၊ နောက်ဖေးလမ်းကြား၊ အိမ်ရှေ့ဥပစာတို့တွင် အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ခြင်း၊ ရေမြောင်းပေါ် တိုးချဲ့ဆောက်လုပ်ခြင်း၊ မိမိအိမ်ရှေ့အများပြည်သူသုံးပလက်ဖောင်းပေါ် မိမိပိုင်သည်ဟုယူဆကာ ကိုယ်ပိုင်ကားများကို လူသွားလမ်းပလက်ဖောင်းပေါ် ကန့်လန့်ဖြတ်လမ်းပိတ်ဆို့တင်ထားခြင်းများကို နေရာအနှံ့တွေ့မြင်နေရပါပေသည်။ ထို့အတူ အမှိုက်စွန့်ပစ်ရာမှာလည်း ပုံးထဲမထည့်ဘဲ လမ်းပေါ်ပစ်၊ မြောင်းထဲပစ်သူကများနေသည်ကို တွေ့မြင်ရပါလေသည်။

ထို့ပြင် အဖျော်ယမကာဆိုင်များသည် ကျောင်းများနှင့် အနီးအနားတစ်ဝိုက်၌ ရောင်းချခြင်းများ၊ ကျောင်းသားကျောင်းသူများနှင့်မအပ်စပ်သော ကေတီဗွီ၊ မာဆတ်၊ အပျော်အပါးဆိုင်များကိုလည်း စာသင်ကျောင်းများ၏ ပတ်ဝန်းကျင်တွင် မဖွင့်လှစ်သင့်ပါကြောင်း၊ ဖြစ်နိုင်လျှင် ကျောင်းနှင့်ဝေးကွာသော နေရာများ၌သာ ဖွင့်သင့်ပါသည်ဟု ပညာရေးမှူး အငြိမ်းစားဆရာမကြီးကလည်း တင်ပြထားခြင်းကို ထည့်သွင်းဖော်ပြအပ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့နိုင်ငံသူ နိုင်ငံသားတိုင်းမှာ တစ်ဦးစီ တစ်ဦးစီ ကျင့်သုံးလိုက်နာရမည့် စည်းကမ်းဥပဒေများကို လိုက်နာစောင့်ထိန်းခြင်းမရှိခြင်း၊ ကျူးလွန်လုပ်ဆောင်နေခြင်း၊ အချို့ကျပြန်တော့ အစုလိုက် အဖွဲ့လိုက် ဥပဒေကိုလိုက်နာမှုကို ဖောက်ဖျက်နေခြင်းရှိကြသလို အချို့သောဌာနများတွင် ပိုးထိုးခြစားမှုတွေရှိနေသေးကြောင်းကိုလည်း ဝန်ထမ်းများထံမှ လေ့လာသိရပေသည်။

ကျွန်ုပ်တို့ကိုးကွယ်သော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်စောင့်ထိန်းကြသော တပည့်သား၊ သံဃာတို့အား မြတ်ဗုဒ္ဓက ဥပဒေပြုထားခဲ့သည်မှာ ဝိနည်းသိက္ခာစည်းကမ်းသည် အသက်တမျှ စောင့်ထိန်းဖို့လိုကြောင်း မိန့်ဆိုထားပေသည်။ ကျွန်ုပ်တို့လူသားအပေါင်းကလည်း စည်းကမ်းကောင်းမှု၊ ဥပဒေကို လေးစားလိုက်နာမှု ကျွန်ုပ်တို့တိုင်းပြည်ကြီး အစစအရာရာ ဖွံ့ဖြိုးတိုးတက်ပေလိမ့်မည်။ လူတိုင်း၊ ဌာနတိုင်း၊ အဖွဲ့အစည်းတိုင်းနှင့် အုပ်ချုပ်သူအပေါင်းတို့သည် ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ပြုမူကျင့်သုံးနေထိုင်သွားကြဖို့ အထူးလိုအပ်လှပေသည်။ သို့မဟုတ်ပါဘဲ အရာရာကို စည်းကမ်းမဲ့စွာပြုဆောင်ခြင်းတို့ လုပ်ဆောင်ပါက အမိနိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှုမှာ မျှော်လင့်ချက်ကင်းဝေးနေရပေဦးမည်ဟု ခံစားမိပါ၍ ရေးသားတင်ပြလိုက်ရပါတော့သည်။ ။

**သီတာလူ**

# ဂျပန်နိုင်ငံဟာ မြန်မာပြည်သူ ပြည်သားများရဲ့ လူနေမှုဘဝမြှင့်တင်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပြီး အဘက်ဘက်ကနေ အစွမ်းကုန်ကူညီနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်

## မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံခြင်း

**သတင်းအဖွဲ့**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi Higuchi နှင့် တွေ့ဆုံမေးမြန်းထားမှုများကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်အသွင်ကူးပြောင်းရေးအပေါ် ထင်မြင်ချက်ကို သိပါရစေ။**

ဖြေ။ ။ ကျွန်တော် ရန်ကုန်မြို့မှာ တာဝန်ထမ်းဆောင်တာ သုံးနှစ်ပြည့်ခဲ့ပါပြီ။ အခု ရန်ကုန်မြို့ကို ကြည့်လိုက်မယ်ဆိုရင် လမ်းထောင့်တွေမှာ သတင်းစာအမြောက်အမြားကို ရောင်းချနေပြီး မိုဘိုင်းဖုန်းကိုင် စကားတပြောပြောလုပ်နေတဲ့လူတွေနဲ့ မြို့ထဲကို မိသားစုလိုက်အပြင်ထွက်လာကြတဲ့ ကားတန်းကြီးတွေ၊ ယာဉ်ကြောပိတ်ဆို့နေတာတွေကို မြင်တွေ့နေရပါတယ်။

လူတွေအားလုံးက ခွန်အားအပြည့်နဲ့ သွားလာလှုပ်ရှားနေကြတဲ့ ဒီလိုမြို့ရဲ့ ပျားပန်းခပ်လှုပ်ရှားသွားလာမှုမျိုးကို ကျွန်တော် အလွန်နှစ်သက်ပါတယ်။ ဒီလိုအခြေအနေမျိုးကိုကြည့်ရင် ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲမှုကလည်း ခိုင်ခိုင်မာမာ အမြစ်တွယ်လာနေပြီလို့ ခံစားရပါတယ်။ နောက်ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက်ပိုင်း မြန်မာနိုင်ငံသူ နိုင်ငံသားတွေက ရွေးချယ်ခဲ့တဲ့ အစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာခဲ့ပြီး လက်ရှိဦးတည်ချက်ဟာ ပိုမိုစွဲမြဲခိုင်မာလာပြီး နောက်ကြောင်းပြန်လှည့်လို့ မရနိုင်တော့တဲ့အခြေအနေ ဖြစ်လာနေတယ်လို့လည်း ခံစားမိပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားတွေက ရွေးချယ်ထားတဲ့အစိုးရရဲ့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွေမှာ ဂျပန်အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းပြီး အခုထက်ပိုပြီးတော့ ကူညီထောက်ပံ့မှုတွေ ထပ်မံပေးသွားဖို့ အဆင်သင့်ရှိကြောင်းပြောကြားလိုပါတယ်။

**မေး။ ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ပြည်တွင်းစစ်ပွဲများမှ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် ရောက်ရှိရေးအတွက် ထင်မြင်ချက်ကို သိပါရစေ။**

ဖြေ။ ။ မေ ၂၄ ရက်ကနေ ၂၉ ရက်အထိ (၂၁)ရာစုပင်လုံညီလာခံ ဒုတိယအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့တာကို များစွာဂုဏ်ယူမိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ နှစ်ပေါင်းကြာမြင့်စွာ ရှုပ်ထွေးလွန်းလှတဲ့ နိုင်ငံရေးအခင်းအကျင်းပေါ်မှာ မြောက်မြားစွာသော သက်ဆိုင်ရာပုဂ္ဂိုလ်တွေက တစ်ချိန်တည်းစုဝေးပြီး ဆွေးနွေးညှိနှိုင်းခြင်းဟာ လွယ်ကူလှတဲ့ကိစ္စတော့မဟုတ်ဘူးဆိုတာ အားလုံးသိတဲ့အတိုင်းပါပဲ။

ဒါနဲ့တောင် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA)ကို တိုင်းရင်းသားအဖွဲ့ (၈)ဖွဲ့က လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ အခြေခံကစလို့ လက်ရှိအစိုးရသစ်လက်ထက်မှာ ဒီအရေးကိစ္စကို ပထမဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားတာက မြန်မာဆိုတဲ့နိုင်ငံက တစုတစည်းတည်းဖြစ်လာဖို့ ကြီးမားတဲ့တွန်းအားနဲ့ အခွင့်အရေးတစ်ခုကို ရရှိလိုက်တာဖြစ်တယ်လို့ ပြောနိုင်တဲ့အတွက် အားတက်မိပါတယ်။ တကယ်လို့ အချိန်တော်တော်ယူရဦးမယ်ဆိုရင်တောင် ဒီအခွင့်အရေးကိုတော့ လက်လွှတ်မခံသင့်ဘူး မဟုတ်ပါလား။

အခုအချိန်အထိလည်း ဂျပန်အစိုးရက ဂျပန်အစိုးရရဲ့ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်တဲ့ Mr. Yohei SASAKAWA ကို ဦးဆောင်စေပြီး မြန်မာအစိုးရနဲ့ NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့အစည်းတွေအကြားက ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို အဆင်ပြေချောမွေ့စေဖို့ တစ်ဖက်တစ်လမ်းကနေပြီး တွန်းအားပေးကူညီလာခဲ့ပါတယ်။

ဒါ့အပြင် ယမန်နှစ် နိုဝင်ဘာလမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံကို အလည်အပတ်လာရောက်ခဲ့တဲ့အချိန်မှာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ဒေါ်အောင်ဆန်းစုကြည်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရှေ့ဆက်ဆောင်ရွက်နိုင်ရန်အတွက် ထပ်မံထောက်ပံ့ကူညီဖို့ ဂျပန်နိုင်ငံက စီစဉ်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒီလိုစီစဉ်ထားတဲ့ စီမံကိန်းတွေနဲ့ပတ်သက်ပြီး မကြာသေးမီက အခြေအနေကို ပြောပြရမယ်ဆိုရင် ၂၀၁၇ ခုနှစ် မတ်လက ကရင်ပြည်နယ် လေးကေ့ကော်မြို့သစ်မှာ ထိုင်းနိုင်ငံဒုက္ခသည်စခန်းကနေ နှစ်ပေါင်းဆယ်နဲ့ချီ ပြန်မလာဖြစ်ကြတဲ့ ကရင်တိုင်းရင်းသားတွေ မြန်မာနိုင်ငံမှာ ပြန်လည်အခြေချနေထိုင်ဖို့ပြန်လာခဲ့ကြပါတယ်။ ပြည်တော်ပြန်သူတွေကို လက်ခံရာမှာလိုအပ်တဲ့ လူနေအိမ်များ၊ ကျောင်းများ၊ ကျန်းမာရေးဆေးပေးခန်းများ၊ တံတားများနဲ့ ရေတွင်းများစတဲ့ နေရာထိုင်ခင်းများကို တည်ဆောက်ပေးခဲ့ပါတယ်။

နောက်ပြီး ဒီလို NCA လက်မှတ်ထိုးပြီးတဲ့ တိုင်းရင်းသားလူမျိုးစုဒေသများ ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ကူညီပြီး တိုင်းရင်းသားပြည်သူများရဲ့ လူနေမှုဘဝကိုမြှင့်တင်ကာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို လက်တွေ့ခံစားစေပြီး ဒီလိုအကျိုးကျေးဇူးတွေကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ထုတ်ပြသနိုင်ခြင်းဟာ နောက်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အထောက်အကူပြုလိမ့်မယ်လို့ ခိုင်မာစွာယုံကြည်ထားပါတယ်။



**မေး။ ။ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေအတွက် မြန်မာနိုင်ငံမှာ စိန်ခေါ်မှုပြဿနာတွေရှိပါသလား။ နှစ်နိုင်ငံက ဒီလိုပြဿနာတွေအပေါ် ဘယ်လို တုံ့ပြန်ဆောင်ရွက်သင့်ပါသလဲ။**

ဖြေ။ ။ ယနေ့မြန်မာနိုင်ငံဟာ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးစင်တာလို့ ခေါ်နေကြတဲ့ အာရှဒေသအတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားတဲ့နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိနေပြီး အခွင့်အရေးအများဆုံးရှိနေတဲ့ တိုင်းပြည်လို့လည်း ခံစားရပါတယ်။ ဂျပန်နိုင်ငံက ဝင်ရောက်လာတဲ့ ကုမ္ပဏီအရေအတွက်ဟာ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ ဂျပန်ကုန်သည်ကြီးများအသင်းရဲ့စာရင်းအရဆိုရင် ၂၀၁၁ ခုနှစ်မှာ ကုမ္ပဏီ ၅၀ ခန့်သာ ရှိနေခဲ့ရာက ၂၀၁၇ ခုနှစ် ဧပြီလ လက်ရှိအချိန်ထိ ကုမ္ပဏီပေါင်း ၃၄၆ ခုအထိ လျင်မြန်စွာတိုးပွားလာပါတယ်။

ဒီလိုအခြေအနေဖြစ်လာတာနဲ့အမျှ ရင်းနှီးမြှုပ်နှံငွေပမာဏနဲ့ ပတ်သက်ပြီးလည်း သီလဝါအထူးစီးပွားရေးဇုန်နဲ့ စင်ကာပူ စတဲ့ တတိယနိုင်ငံများမှတစ်ဆင့် ရင်းနှီးမြှုပ်နှံလာတဲ့ လုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစားမယ်ဆိုရင် DICA ရဲ့ စာရင်းဇယားတွေမှာ တိုက်ရိုက်မပေါ်နိုင်ပေမယ့်လည်း အားလုံးပေါင်းပြီး ရေတွက်မယ်ဆိုရင် ဂျပန်လုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အတော်လေးကို မြင့်မားတဲ့အဆင့်အထိ ရောက်ရှိနေတယ်လို့ ပြောနိုင်ပါတယ်။

ဒါ့အပြင် သံအမတ်တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့အတွက် ဂျပန်နိုင်ငံက ဝင်ရောက်လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်အများအပြားဆီက ပွင့်လင်းစွာပြောဆိုမှုများကို နားထောင်ခွင့်များစွာရရှိပါတယ်။ ဟိုအရင်တုန်းက ရန်ကုန်မှာ ရုံးခွဲဖွင့်ခဲ့ဖူးတယ်လို့ပြောကြတဲ့ ဂျပန်ကုမ္ပဏီများပြားတာကိုလည်း အံ့အားသင့်စရာပါပဲ။

စီးပွားရေးလုပ်တယ်ဆိုတာ အကျိုးအမြတ်ရရှိဖို့ ရည်ရွယ်တာမှန်ပေမယ့် ဂျပန်လုပ်ငန်းရှင်အားလုံးနီးပါးက မြန်မာနိုင်ငံမှာပဲ အလုပ်လုပ်ချင်တယ်၊ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီပေးချင်တယ်လို့ ပြောဆိုနေကြတာကိုကြည့်ပြီး သူတို့ရဲ့တက်ကြွမှုအပေါ်ကို ကျွန်တော်ကိုယ်တိုင်လည်း အမှန်တကယ် စိတ်လှုပ်ရှားခဲ့မိပါတယ်။

ဒီလိုအခြေအနေတွေကြားမှာ မြန်မာနိုင်ငံမှာလိုအပ်တဲ့ ဥပဒေရေးဆွဲခြင်းနဲ့ အကောင်အထည်ဖော်ခြင်းအပြင် JICA က ကျွမ်းကျင်ပညာရှင်တွေကို စေလွှတ်ပြီး နည်းပညာပူးပေါင်းကူညီမှုများကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။ တစ်ပြိုင်တည်းမှာပဲ ဂျပန်စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ တင်ပြချက်တွေကို မြန်မာအစိုးရက တိုက်ရိုက်ကြားသိနိုင်မယ့် အစီအစဉ်အဖြစ် စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ကျွန်တော်ကိုယ်တိုင် ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေတဲ့ အစိုးရ၊ ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးမှုအစီအစဉ်ကို ကဏ္ဍအလိုက်အစုအဖွဲ့ ငါးဖွဲ့ ဖွဲ့ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ဂျပန်ကုမ္ပဏီများသာမကဘဲ UMFCCI နဲ့အတူ လက်တွေ့စီးပွားရေးနယ်ပယ်ထဲမှာ ဖြစ်ပေါ်နေတဲ့ အခက်အခဲပြဿနာတွေကို လက်တွေ့ကျကျတင်ပြပြီး အဲဒီစိန်ခေါ်မှုတွေအတွက် အဖြေရှာနေကြပါတယ်။ တစ်ဖန် ဒီလုပ်ဆောင်မှုတွေရဲ့ရလဒ်တွေက ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်မှာ တစ်စိတ်တစ်ပိုင်းထည့်သွင်းထားတဲ့အပြင် အကောက်ခွန်ရှင်းလင်းရေး လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲဖို့အတွက်လည်း အထောက်အကူဖြစ်နေသလို မြန်မာနိုင်ငံအစိုးရကလည်း လုပ်ငန်းရှင်တွေရဲ့ တင်ပြချက်များကို တစ်ဆင့်ပြီးတစ်ဆင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံမှုအခြေအနေကို လေ့လာစောင့်ကြည့်နေကြတဲ့ ဂျပန်ကုမ္ပဏီများကို တွန်းအားပေးခြင်းဟာလည်း ကျွန်တော့်ရဲ့ အရေးကြီးတဲ့တာဝန်တစ်ခုဖြစ်တဲ့အတွက် ဒီနေရာကနေပြီး ရင်းနှီးမြှုပ်နှံဖို့ လေ့လာစောင့်ကြည့်နေဆဲကုမ္ပဏီတွေရဲ့ ဆွေးနွေးတိုင်ပင်မှုနဲ့ ပတ်သက်ပြီးလည်း အနည်းငယ်ပြောကြားလိုပါတယ်။ အကြီးစားကုမ္ပဏီတွေကစလို့ အထူးသဖြင့် စွန့်စားလုပ်ကိုင်စ၊ အားနည်းတဲ့ အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေအတွက် အခုအချိန်က အခွင့်အလမ်းတစ်ခုဖြစ်လို့ သေချာပေါက် ရင်းနှီးမြှုပ်နှံရမယ်လို့ ပြောလို့မဖြစ်သေးပါဘူး။

ဒီလိုအခြေအနေမှာ လျှပ်စစ်ဓာတ်အားနဲ့ပတ်သက်ပြီး သုံးနှစ်နောက်ပိုင်း၊ ငါးနှစ်နောက်ပိုင်းကို မျှော်မှန်းနိုင်မယ့် စီမံချက်အစီအစဉ်မျိုးရှိနေခြင်းဟာ သူတို့ရဲ့ စိုးရိမ်ပူပန်မှုတွေကို ဖြေဖျောက်ဖို့အတွက် အလွန်အထောက်အကူပြုမယ်လို့ထင်ပါတယ်။ တန်ဖိုးမြင့်မားတဲ့ ထုတ်ကုန်တွေကို ထုတ်လုပ်တဲ့ စက်မှုလုပ်ငန်းတွေကို ဖိတ်ခေါ်မယ်ဆိုရင် ဒီလိုစီမံချက်အစီအစဉ်မျိုးက ပိုပြီး မရှိမဖြစ်လိုအပ်တယ်လို့ ယူဆမိပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ကတော့ ယမန်နှစ် နိုဝင်ဘာလမှာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံစဉ်က ဂျပန်ဝန်ကြီးချုပ် ပြောကြားခဲ့တဲ့အတိုင်း ငါးနှစ်တာကာလအတွင်း စုစုပေါင်း ဂျပန်ယန်းငွေ ၈၀၀ ဘီလီယံပမာဏရှိတဲ့ ဂျပန်အစိုးရအထောက်အပံ့နဲ့ ဂျပန်ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ လက်ရှိမြန်မာနိုင်ငံအစိုးရရဲ့ လုပ်ဆောင်မှုများကို အထောက်အကူဖြစ်စေဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်မံပြောကြားလိုပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံရဲ့ မြန်မာနိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ရေးအပိုင်းမှာ ဘယ်လိုအကူအညီမျိုးကို ပေးအပ်ဖို့ရှိပါသလဲ။**

ဖြေ။ ။ လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ရေးပိုင်းကို ပြောရမယ်ဆိုရင် Capacity Building လို့လည်း ပြောနိုင်ပါတယ်။ အဲဒီထဲမှာတော့ လိုအပ်တဲ့ သင်တန်းပေးတာတွေ၊ ပညာတော်သင်အဖြစ် ဂျပန်နိုင်ငံမှာ လက်ခံတာမျိုးတွေလည်း ပါဝင်နိုင်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂျပန်နိုင်ငံကို အကူအညီပေးစေလိုတဲ့ လုပ်ငန်းတစ်ခုကတော့ TVET လို့ခေါ်တဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမြှင့်တင်ဖို့ကိစ္စဖြစ်ပါတယ်။

အသက်မွေးဝမ်းကျောင်းသင်တန်းဆိုတဲ့အထဲမှာ မော်တော်ကားပြုပြင်တဲ့ အတတ်ပညာ၊ ဆောက်လုပ်ရေးနဲ့ လျှပ်စစ်၊ ကွန်ကရစ်လုပ်ငန်းအမျိုးမျိုးပါဝင်ပါတယ်။ ဒီလိုမျိုး အသက်မွေးဝမ်းကျောင်းသင်တန်းပေးဖို့အတွက် ဆက်စပ်တဲ့ အဆောက်အအုံတည်ဆောက်ခြင်း၊ ဆရာ ဆရာမများကို သင်တန်းပေးခြင်း စသဖြင့် ဘက်ပေါင်းစုံကနေ ကူညီပေးဖို့စီစဉ်နေပါတယ်။ ဒီနေ့ နေပြည်တော်မှာ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးတစ်ဦး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန် ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့တို့ TVET အသက်မွေးဝမ်းကျောင်းလုပ်ငန်းမြှင့်တင်ခြင်းနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ရှိပါတယ်။ ဒီဆွေးနွေးမှုရလဒ်ကနေ လက်တွေ့ကျကျ ကူညီဆောင်ရွက်သွားဖို့ရှိကြောင်းကိုလည်း ထည့်သွင်းပြောကြားပါရစေ။

**မေး။ ။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေဖို့အတွက် ဘယ်လိုထူးခြားတဲ့ အစီအစဉ်တွေရှိသလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ဂျပန်-မြန်မာ နှစ်နိုင်ငံအကြားက ဆက်ဆံရေးသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် အတော်ရှည်ကြာခဲ့ပြီဖြစ်လို့ ဂျပန်နိုင်ငံအနေနဲ့ကတော့ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဂျပန်နိုင်ငံက နိုင်ငံတကာအသိုက်အဝန်းအတွင်းကို ပြန်ဝင်ဖို့အတွက် အခက်အခဲတွေကို ကျော်ဖြတ်ခဲ့ရတဲ့ ကာလတစ်လျှောက်မှာ စစ်လျော်ကြေး သဘောတူညီချက်ရယူဖို့ဆိုတဲ့ပုံစံမျိုးနဲ့ မြန်မာနိုင်ငံက အစောဆုံးကျောထောက်နောက်ခံပြုပြီး တွန်းအားပေးခဲ့တာကို ဘယ်လိုမှမေ့ပစ်လို့ရမှာ မဟုတ်ပါဘူး။ အဲဒီအချိန်က စစ်လျော်ကြေး တစ်စိတ်တစ်ပိုင်းအဖြစ် ဂျပန်နိုင်ငံက ဆောက်လုပ်ပေးအပ်ခဲ့တဲ့ ရာစုနှစ်တစ်ဝက်ကျော်ကြာအချိန်ကနေ ယခုအချိန်ထိ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကို အထောက်အကူပြုနေဆဲဖြစ်တဲ့ ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းနဲ့ပတ်သက်လို့ မကြာသေးခင်က ပြန်လည်မွမ်းမံပြင်ဆင်မှု ပြီးစီးသွားပြီဖြစ်လို့ ယခုအခါ ကောင်းမွန်စွာလည်ပတ်နေပြီး မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် များစွာအကျိုးဖြစ်ထွန်းနေဆဲဖြစ်တဲ့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

ဒါ့အပြင် ယခုလို အထူးကောင်းမွန်တဲ့ နှစ်နိုင်ငံကြားဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားရမှာဖြစ်ပြီး အနာဂတ်ကို မျှော်ကြည့်မယ်ဆိုရင် လူငယ်တွေအချင်းချင်း အပြန်အလှန်ကူးလူးဆက်ဆံမှုဟာ အလွန်အရေးကြီးတယ်လို့ ထင်မြင်မိပါတယ်။

ကျွန်တော့်လက်ထက်မှာ စတင်ခဲ့တဲ့ ဂျပန်နဲ့ မြန်မာပြည်သူအချင်းချင်း အပြန်အလှန်နီးနှောဖလှယ်နိုင်တဲ့ ပွဲတော်တစ်ခုဖြစ်တဲ့ ဂျပန်-မြန်မာပွဲတော်ဟာ တစ်ကြိမ်လောက်သာ ကျင်းပဖြစ်မယ်အထင်နဲ့ စတင်ခဲ့ပေမယ့်လည်း အခုဆိုရင် လာမယ့်နှစ်မှာ (၄)ကြိမ်မြောက်ပွဲတော်ကို ကျင်းပနိုင်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့တွင်းမှာရှိတဲ့ ဂျပန်ယဉ်ကျေးမှုတွေကို အဓိကထားမိတ်ဆက်ပေးနေတဲ့ ဂျပန်ယဉ်ကျေးမှုပြခန်း (Japan culture house) ကို ပိုမိုတိုးချဲ့ပြီး ဂျပန်ယဉ်ကျေးမှုနဲ့ ဂျပန်ဘာသာစကားတွေအပေါ် စိတ်ဝင်စားမှုအလျင်အမြန်တိုးပွားလာတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေပါတယ်။

**စာမျက်နှာ ၉ သို့ ❖**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တောင်နှင့် အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် တက်ရောက်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် တောင်နှင့် အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှု ပွဲတော်သို့ တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကူမင်းခရီးစဉ်အတွင်း တောင်နှင့် အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်စေရေးအတွက် ယူနန်ပြည်နယ်၊ တက်ဟုန်းပြည်နယ်ခွဲနှင့် လင်ချန်းမြို့များသို့ သွားရောက်လေ့လာပြီး ပြည်နယ်အကြီးအကဲများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးကိစ္စများ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ တောင်နှင့်အရှေ့တောင်အာရှကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၁၂၅ ဦး တက်ရောက်မည်ဖြစ်ပြီး ပြခန်းပေါင်း ၃၄ ခန်း ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လှိုင်ကော်မြို့တွင်း ကတ္တရာကွန်ကရစ်လမ်းနှင့် ဘီလူးချောင်းတံတား(ရှမ်းပိုင်း) ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ကယားပြည်နယ် လှိုင်ကော်မြို့တွင်း ကတ္တရာကွန်ကရစ်လမ်းနှင့် ဘီလူးချောင်းတံတား (ရှမ်းပိုင်း)ဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်းကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်သည်။

ကတ္တရာ ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို မြို့တွင်းလမ်းပိုင်းရှိ ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပရာ ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကယားပြည်နယ်အတွင်းရှိ လမ်းများကို တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်လျက်ရှိရာ ယနေ့ဖွင့်လှစ်လိုက်သည့် လှိုင်ကော်မြို့တွင်း လမ်းသုံးမိုင်ကို ကတ္တရာကွန်ကရစ်(AC) ဖြင့် အဆင့်မြှင့်တင်ခြင်း ပါဝင်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း သုံးမိုင် ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အစိုးရအဖွဲ့သစ်၏ ပထမနှစ်အတွင်း ပေ ၅၀ နှင့်အထက် တံတား၂၆ စင်း တည်ဆောက်ပေးခဲ့ပြီး ပေ ၁၈၀နှင့်အထက် တံတားအဖြစ် ဘီလူးချောင်းတံတား (ရှမ်းပိုင်း)ကို တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သံလွင်မြစ်ကူး (တာတမော့)တံတားနှင့် ဒေါနိုးကူး တံတားများကို အသစ် တည်ဆောက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကယားပြည်နယ်သည် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ခြင်း ထိစပ်ဝန်းရံလျက်ရှိကာ ကုန်းလမ်းခရီးဖြင့် အဓိကဆက်သွယ်သွားလာနိုင်သည့် ပြည်နယ်တစ်ခုဖြစ်ပြီး ယခင်ကထက် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ကယားပြည်နယ်ရှိ ဒေသခံပြည်သူများအား စံချိန်စံညွှန်းနှင့်အရည်အသွေးပြည့်မီစွာ တည်ဆောက်ပေးခဲ့သည့် ကတ္တရာကွန်ကရစ်လမ်းနှင့် ဘီလူးချောင်းတံတား(ရှမ်းပိုင်း)ကို ယနေ့ အပ်နှံလိုက်ခြင်းဖြစ်ပြီး လမ်း၊တံတားများကို ရေရှည်အသုံးပြုနိုင်ရေးအတွက် ဒေသခံပြည်သူများကလည်း ကူညီစောင့်ရှောက် ထိန်းသိမ်းပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊တံတားများ ဖွင့်လှစ်ပေးခြင်းနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက လှိုင်ကော်မြို့တွင်း ကတ္တရာကွန်ကရစ်လမ်းနှင့် ဘီလူးချောင်းတံတား(ရှမ်းပိုင်း) ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်ပါကြောင်းနှင့် လမ်းနှင့်တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် လှိုင်ကော်မြို့တွင်း ကတ္တရာကွန်ကရစ်လမ်းကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ မြို့မိမြို့ဖ ဦးပေါလူချမ်း၊ လမ်းအထူးအဖွဲ့(၁၃)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ ကတ္တရာကွန်ကရစ်လမ်းပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဘီလူးချောင်းတံတား(ရှမ်းပိုင်း) ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ မြို့မိမြို့ဖ ဦးပေါလူချမ်း၊ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းနိုင်တို့က ဘီလူးချောင်းတံတား (ရှမ်းပိုင်း)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုတို့က ဘီလူးချောင်းတံတား(ရှမ်းပိုင်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဒေသခံပြည်သူများ၊ ဧည့်သည်တော်များနှင့်အတူ ဖြတ်သန်းကြည့်ရှုကြသည်။**(အပေါ်ပုံ)**

ယနေ့ဖွင့်လှစ်သည့် ဘီလူးချောင်းတံတား (ရှမ်းပိုင်း)သည် ကယားပြည်နယ် လှိုင်ကော်မြို့တွင်း၌ တည်ရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည် PC Girder နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်၍ အောက်ထည် ကမ်းစပ်အုတ်မြစ်တိုင်များကို Spun Pipe နှင့် ရေလယ်အုတ်မြစ်တိုင်များကို ၇ ပေ Ø Steel Sheel တို့ဖြင့် တည်ဆောက်ထားကာ တံတားအရှည် ပေ ၂၇၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ လူသွားလမ်း တစ်ဖက်လျှင်သုံးပေစီ ပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

လှိုင်ကော်မြို့၌ ရောက်ရှိနေသော ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် လှိုင်ကော်မြို့ ဆောက်လုပ်ရေးရိပ်သာတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တွေ့ဆုံပြီး ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီသော အဆောက်အအုံ၊ လမ်း၊ တံတားနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် လှိုင်ကော်မြို့တွင် အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့(၁၂)မှ လှိုင်ကော်ပညာရေးကောလိပ်အရာထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်နှင့် သင်တန်းသား (၂၀၀) ဆံ့ စားသောက်ဆောင် တစ်ထပ် RC တစ်ဆောင်နှင့် စားဖိုဆောင် တစ်ထပ် RCတစ်ဆောင် ဆောက်လုပ်မည့် လျာထားနေရာ လုပ်ငန်းခွင်သို့ စစ်ဆေးကြည့်ရှုပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရန် တည်ဆောက်ပြီးစီး၍ နေရာချထားသည့် ဝန်ထမ်းအိမ်ရာများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မျိုးကောင်းမျိုးသန့် မျိုးစပါးများ စိုက်ပျိုးတောင်သူများအား အခမဲ့ထောက်ပံ့

**မောင်တော ဇွန် ၁၁**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် မောင်တောခရိုင် စိုက်ပျိုးရေး ဦးစီးဌာနက မျိုးကောင်းမျိုးသန့် မျိုးစပါးများကို မောင်တောခရိုင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ စိုက်ပျိုးတောင်သူများအား အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း မောင်တောခရိုင်စိုက်ပျိုးရေးရုံးမှ သိရသည်။

"စပါးစိုက်ဧက အကုန်လုံးတော့ မျိုးစပါး မထောက်ပံ့ပေးနိုင်ဘူး။ လမ်းဘေးဝဲယာ ဆက်သွယ်ရေး ကောင်းမွန်တဲ့နေရာဌာနရဲ့ စိုက်ပျိုးနည်းစနစ်တွေကို လိုက်နာတဲ့ တောင်သူတွေကို မျိုးစပါးတွေ ဦးစားပေး ထောက်ပံ့ခဲ့တယ်" ဟု ခရိုင်စိုက်ပျိုးရေးရုံး ခရိုင်မှူးဦးသာကျော်က ပြောသည်။

မောင်တောခရိုင် မောင်တောနှင့်ဘူးသီးတောင်မြို့နယ်များတွင် စပါးစိုက်ဧက ခုနစ်သောင်းခန့်ရှိပြီး တချို့နေရာများတွင် သုံးရာသီလုံး စပါးစိုက်ပျိုးနိုင်သည့် နေရာများရှိကြောင်း၊ နေရာတော်တော်များများတွင် တစ်ရာသီသာ စိုက်ပျိုးကြကြောင်း စပါးစိုက်ပျိုးရာတွင် ရေရရှိမှုပေါ် မူတည်ပြီး စိုက်ပျိုးကြကြောင်း ခရိုင်စိုက်ပျိုးရေးရုံးမှ သိရသည်။

"စိုက်ပျိုးရေးနည်းပညာနဲ့ ပတ်သက်ပြီး ဌာနက ကျေးရွာတွေအရောက် သင်တန်းပို့ချတာရှိသလို ရုံးကိုခေါ်ပြီး ငါးရွာတစ်အုပ်စု၊ ဆယ်ရွာတစ်အုပ်စု ခေါ်ပြီး သင်တန်းတွေ ပေးတာလည်းရှိတယ်။အခုဆို လုံခြုံရေးအခက်အခဲရှိတော့ ဌာနတစ်ခုတည်းက သွားလို့အဆင်မပြေဘူး။နေရာအနှံ့တော့ မရောက်နိုင်ဘူး။ လုပ်နိုင်သလောက်တော့လုပ်ပေးပါတယ်"ဟု ခရိုင်မှူး ဦးသာကျော်က ပြောသည်။

"တောင်သူတွေကို ပြောချင်တာက မျိုးကောင်းမျိုးသန့်တွေ အဓိကထားသုံးစွဲရမယ်။ ဌာနက သတ်မှတ်ထားတဲ့ နည်းစနစ်တွေ လိုက်နာကျင့်သုံးရမယ်။ အခြေအနေပေးတဲ့ နေရာတွေမှာ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်အောင်လုပ်ရမယ်။အဲဒါမှ တောင်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မယ်"ဟု ၎င်းက ပြောသည်။

ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနအစီအစဉ်ဖြင့် မောင်တောခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ယခုနှစ် စိုက်ပျိုးရာသီအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့စပါးများကို မောင်တောခရိုင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ စိုက်ပျိုးတောင်သူများအတွက် တစ်ဧကလျှင် တစ်တင်းခွဲနှုန်းဖြင့် စပါးတင်း ၂၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ရဲထွန်း**



# အသိပညာပေး ဟောပြော

**နေပြည်တော် ဇွန် ၁၁**

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်ဆွေနှင့်အဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၉ နာရီက ခေတ်အေးအုပ်စုအတွင်းရှိ ယစ်မျိုးဆိုင်ရာတွင် လိုင်စင်မဲ့ရောင်းချခြင်းများ မရှိစေရေးနှင့် သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာရောင်းချကြစေရန်အတွက် လိုက်လံစစ်ဆေးပြီး ပညာပေးဟောပြောမှုများ ဆောင်ရွက်ကြသည်။ **(ကြေးမုံ)**

✪ ကျောဖုံးမှ

အမျိုးသားရုပ်အလောင်း ၁၀ လောင်း ထပ်မံတွေ့ရှိခဲ့သဖြင့် စုစုပေါင်း ရုပ်အလောင်း ၂၆ လောင်း ရှာဖွေတွေ့ရှိခဲ့သည်။

ယနေ့အထိ တပ်မတော်အရာရှိရုပ်အလောင်း သုံးလောင်းနှင့် စစ်သည်ရုပ်အလောင်း နှစ်လောင်းအပါအဝင် အမျိုးသားရုပ်အလောင်း ၂၆ လောင်း၊ အမျိုးသမီးရုပ်အလောင်း ၂၃ လောင်း၊ ကလေးရုပ်အလောင်း ကိုးလောင်းနှင့် ကျား၊မ မခွဲခြားနိုင်ရုပ်အလောင်း တစ်လောင်း၊ စုစုပေါင်း ရုပ်အလောင်း ၅၉ လောင်း ရှာဖွေတွေ့ရှိပြီး ဖြစ်သည်။


ပင်လယ်ပြင်အတွင်း ရာသီဥတုကောင်းမွန်မှု အခြေအနေအပေါ်မူတည်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ပျက်ကျခဲ့သည့် Y-8 လေယာဉ်ပြန်လည်ရှာဖွေတွေ့ရှိရေးနှင့် ရုပ်အလောင်းများ ပြန်လည်ဆယ်ယူရရှိနိုင်ရေးအတွက် ယနေ့တွင်စစ်ဦးစီးအရာရှိချုပ်(ရေ)က စန်းလန်းကျေးရွာကမ်းခြေ၌ အခြေပြု၍လည်းကောင်း၊ စစ်ဦးစီးအရာရှိချုပ်(လေ)က ရဟတ်ယာဉ်ဖြင့်လိုက်ပါ၍လည်းကောင်း**(အပေါ်ယာပုံ)** ရှာဖွေမှုများကို အနီးကပ်ကြီးကြပ်ခဲ့ကြောင်း သိရသည်။



ထို့ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဒေသခံပြည်သူများအတွက် ထမင်း၊ ဟင်းနှင့် စားသောက်ဖွယ်ရာများကို နယ်မြေခံတပ်မိသားစု၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် NGO အဖွဲ့အစည်းများက ချက်ပြုတ်စီမံ၍ အသင့်စားသုံးနိုင်ရေး လိုက်လံဝေငှပေးခဲ့သည်။

ပင်လယ်ပြင်အတွင်းမှ ရှာဖွေတွေ့ရှိခဲ့သည့် ရုပ်အလောင်းများကို ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သည့်ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများ၊ ကျန်ရစ်သူမိသားစုများက ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိရာ ယခုအချိန်အထိ ရုပ်အလောင်း ၂၇ လောင်းကို ရုပ်အမည်ခွဲခြားမှု ပြုလုပ်နိုင်ခဲ့ပြီး ကျန်ရှိရုပ်အလောင်း ၃၂ လောင်းကို ဥပဒေရေးရာ ဆေးပညာကျွမ်းကျင်သူများက ဆေးဘက်ဆိုင်ရာ စစ်ဆေးခြင်း၊ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာမိသားစုများက ကြည့်ရှုစစ်ဆေးခြင်းများဖြင့် ရုပ်အမည်အတည်ပြုနိုင်ရေး လုပ်ဆောင်လျက်ရှိသည်။ ယနေ့နံနက်ပိုင်းတွင် အမျိုးအမည်ခွဲခြားနိုင်ပြီး ကျန်ရစ်သူမိသားစုများက အတည်ပြုနိုင်သည့် ရုပ်အလောင်းလေးလောင်းကို ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာ၊ တပ်မတော်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းမွန်စွာသဂြိုဟ်ပေးခဲ့ရာ စုစုပေါင်း ရုပ်အလောင်း ၂၃ လောင်းကို သဂြိုဟ်ပြီးစီးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

တပ်မတော်(လေ)မှ Y-8 လေယာဉ်အား စစ်ရေယာဉ်များဖြင့် ရှာဖွေရေးဆောင်ရွက်လျက်ရှိသည့် မြေပုံ (၁၁-၆-၂၀၁၇)




**(သတင်းစဉ်)**

## ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး ပရဟိတအဖွဲ့အစည်း ၄၀ ကျော်က စုပေါင်းအမှိုက်ကောက်




**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးအတွက် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး ဦးဆောင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန)နှင့် ပရဟိတအဖွဲ့အစည်း ၄၄ ဖွဲ့တို့က ယနေ့ညနေ ၄ နာရီမှ ၆ နာရီအထိ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအနီးတစ်ဝိုက်တွင် စုပေါင်းအမှိုက်ကောက်ကြသည်။

အဆိုပါ အမှိုက်ကောက်ရခြင်း၏ရည်ရွယ်ချက်မှာ သန့်ရှင်းသည့်တိုင်းပြည်၊ တိုးတက်သည့်တိုင်းပြည်တွင် နေထိုင်သည့် နိုင်ငံသားတိုင်း နိုင်ငံသားကောင်းပီသစွာနှင့် စည်းကမ်းရှိရှိနေနိုင်ရန်အတွက် အမှိုက်ကို စနစ်တကျစွန့်ပစ်စေရေး ပြည်သူလူထုကို ပညာပေးအစီအစဉ်အနေဖြင့် ပြုလုပ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က ပြောသည်။

"ကျန်းမာဖို့၊ ပညာတတ်ဖို့၊ စည်းကမ်းရှိဖို့ဆိုရင် ကျွန်မတို့နိုင်ငံဟာ မြန်မြန်ဆန်ဆန်အရှိန်အဟုန်နဲ့ တိုးတက်သွားမှာပါ။ ဒါဟာအခြေခံလေးပါ။ ဒီထက် ကျွန်မတို့ လုပ်စရာတွေ အများကြီးရှိပါသေးတယ်။ ပထမအဆင့်အနေနဲ့ကတော့ အမှိုက်ကောက်နေကြတာဟာ အမှိုက်ပစ်တဲ့သူတွေကို ပညာပေးနေတာပါ။ တိုင်းပြည်တစ်ပြည်မှာပဲဖြစ်ဖြစ်၊ မြို့တစ်မြို့မှာပဲဖြစ်ဖြစ်၊ ရွာတစ်ရွာမှာပဲဖြစ်ဖြစ်၊ ရပ်ကွက်တစ်ခုမှာပဲဖြစ်ဖြစ် အဲဒီနေရာရဲ့အဆင့်အတန်းကို အဲဒီမှာနေတဲ့ လူတွေရဲ့အမူအကျင့်ကနေပဲ ဖော်ပြလိုက်တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ အမူအကျင့်ကောင်းတွေနဲ့ တိုးတက်တဲ့နိုင်ငံသားကောင်းတွေဖြစ်အောင်၊ ဖွံ့ဖြိုးတဲ့တိုင်းပြည်ဖြစ်အောင် ပရဟိတအဖွဲ့အစည်းတွေက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန) နဲ့ ပူးပေါင်းပြီးတော့ ပြသနေတာပဲဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုစုပေါင်းအမှိုက်ကောက်ခြင်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်၌ ရွှေတိဂုံဘုရားအနီးတစ်ဝိုက်တွင် ပရဟိတအဖွဲ့အစည်း ၃၀ ကျော်ဖြင့် စုပေါင်းအမှိုက်ကောက်ခဲ့ကြသည်။

ရန်ကုန်မြို့တွင် လူဦးရေ ၅ ဒသမ ၈ သန်းခန့်ရှိပြီး လူတစ်ဦးလျှင် အမှိုက် သုည ဒသမ ၄၁ ကီလိုဂရမ်ခန့် စွန့်ပစ်ကြောင်း၊ တစ်နှစ်လျှင် အမှိုက်တန်ချိန်ပေါင်း ၂၅၀၀ ခန့် သိမ်းဆည်းရပြီး စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမှာ တန် ၁၀၀ ခန့်ရှိကြောင်း၊ အဆိုပါအမှိုက်များကို ထိန်ပင်၊ ထားဝယ်ချောင်၊ ကျူချောင်၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ မင်္ဂလာဒုံတို့ရှိ အမှိုက်ပုံများသို့စွန့်ပစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်၊အေးမင်းသူ**

❖ စာမျက်နှာ ၇ မှ

တစ်ပြိုင်နက်တည်း မြန်မာနဲ့ဂျပန်ရဲ့ အနုပညာရှင်၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ အချင်းချင်း အပြန်အလှန်နှီးနှောဖလှယ်မှုကို တိုးမြှင့်စေဖို့အတွက် ဂျပန်အစိုးရကတည်ထောင်ထားတဲ့ ယဉ်ကျေးမှုနှီးနှောဖလှယ်ရေးအဖွဲ့အစည်းဖြစ်တဲ့Japan Foundation ရဲ့စင်တာကို ကမ္ဘာပေါ်မှာ (၂၅) နေရာမြောက်စင်တာအဖြစ် ရန်ကုန်မြို့မှာ ဖွင့်လှစ်ဖို့အစီအစဉ်ကိုလည်း အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒ့ါအပြင် ယမန်နှစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဂျပန်နိုင်ငံအလည်အပတ်ခရီးစဉ်မှာ နှစ်နိုင်ငံအစိုးရကြား သဘောတူညီမှုရရှိခဲ့တဲ့ JICA အစီအစဉ်နဲ့ နိုင်ငံရပ်ခြားပူးပေါင်းဆောင်ရွက်ရေး လူငယ်စေတနာ့ဝန်ထမ်းများ စေလွှတ်ရေးအစီအစဉ် (Japan Overseas Cooperation Volunteers-JOCV) ရဲ့ ပထမအသုတ်ကို ယခုနှစ်အတွင်း စေလွှတ်ဖို့စီစဉ်ထားပါတယ်။

JOCV နဲ့ပတ်သက်ပြီး အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမယ့် လူငယ်မျိုးဆက်တွေက အောက်ခြေအဆင့်ထောက်ပံ့မှု အစီအစဉ်ကတစ်ဆင့် မြန်မာနိုင်ငံအပေါ် အတွင်းကျကျနားလည်သဘောပေါက်လာပြီး နှစ်နိုင်ငံရဲ့ ရင်းနှီးချစ်ကြည်တဲ့ ဆက်ဆံရေး ပိုမိုတိုးတက်ဖို့အတွက် အထောက်အကူပြုမယ်လို့ မျှော်လင့်ပါတယ်။

**မေး။ ။ဂျပန်နိုင်ငံက မြန်မာနိုင်ငံကို အကူအညီပေးတဲ့နေရာမှာ ဘယ်လိုအခန်းကဏ္ဍကို ဦးစားပေးပြီး ကူညီပေးဖို့ရှိပါသလဲ။**

ဖြေ။ ။ဂျပန်အစိုးရရဲ့ အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်နဲ့ တစ်နှစ်ကို စီမံကိန်းပေါင်း ၆၀ ကနေ ၇၀ အထိ ကူညီထောက်ပံ့လျက်ရှိပါတယ်။ ကျေးရွာလမ်းနဲ့တံတားဆောက်တာတွေ၊ ကလေးငယ်တွေအတွက် ကျောင်းဆောက်တာတွေစတဲ့ စီမံကိန်းတွေကို အောက်ခြေအဆင့်မှာ လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ဒီစီမံကိန်းတွေစတင်ဖို့၊ သဘောတူစာချုပ်ချုပ်ဆိုဖို့ ရန်ကုန်ကဂျပန်သံရုံးကို မြန်မာနိုင်ငံနေရာအနှံ့အပြားကနေ တာဝန်ရှိဒေသခံပြည်သူ ပြည်သားတွေ လာရောက်တဲ့အချိန်မှာ ဒေသခံတာဝန်ရှိပုဂ္ဂိုလ်တွေကို ကျွန်တော်ကိုယ်တိုင် လက်ခံတွေ့ဆုံဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစားပါတယ်။

အဲဒီလိုတွေ့ဆုံတဲ့အခါမျိုးမှာ အမြဲမေးလေ့ရှိတဲ့ မေးခွန်းကတော့ အခုအချိန်မှာ ပြည်သူပြည်သားတွေအတွက် အဓိက အရေးအကြီးဆုံးကိစ္စက ဘာဖြစ်ပါသလဲဆိုတဲ့ မေးခွန်းပါ။ အားလုံးကတော့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီစနစ်ရှင်သန်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစတဲ့ အချက် သုံးချက်ကိုပဲ ဖြေကြားကြပါတယ်။

ဂျပန်နိုင်ငံဟာ မြန်မာပြည်သူပြည်သားများတောင့်တနေတဲ့ ဒီလုပ်ငန်းသုံးရပ်ကို ဦးစားပေးပြီး လက်ရှိအစိုးရရဲ့ လမ်းညွှန်မှုအောက်မှာ ညှိနှိုင်းပြီး အစွမ်းကုန်ထောက်ပံ့ကူညီသွားဖို့ ရှိပါတယ်။

**မေး။ နောက်ဆုံးအနေနဲ့ မြန်မာပြည်သူပြည်သားများကို ပြောလိုတာရှိရင် ပြောပြပေးပါ။**

ဖြေ။ ။ဂျပန်နိုင်ငံဟာ မြန်မာပြည်သူပြည်သားတွေရဲ့လူနေမှုဘဝမြှင့်တင်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းပြီး အဘက်ဘက်ကနေ အစွမ်းကုန်ကူညီနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာ မြန်မာပြည်သူနဲ့ ဂျပန်ပြည်သူများအကြား ကူးလူးဆက်ဆံမှုကို ပိုမိုတိုးတက်ခိုင်မာအောင် လုပ်ဆောင်ရင်းနဲ့ နှစ်နိုင်ငံဆက်ဆံရေး ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**



**တောင်ငူမြို့နယ် ကံရိုးကျေးရွာအနီးတွင် ဇွန် ၁၁ ရက် ညနေပိုင်းက သာစည်မှ ထွက်ခွာလာသော အမှတ်(၂၁) အစုန်ရထားက ကားတစ်စီးကို ဝင်တိုက်မှုဖြစ်ပွားစဉ်။ (*ကားမှာ ရထားရှေ့ခေါင်းပိုင်းတွင် သုံးဖာလုံခန့်ချိတ်ပါသွားပြီး ယာဉ်မောင်းဖြစ်သူ ထိခိုက်ဒဏ်ရာအနည်းငယ်သာရရှိသည်ဟု သိရသည်။* )** ဖြိုးကိုလင်း(ညောင်ဝိုင်း)

# ၉၅ မော်ဒယ် အိုဟောင်းဘတ်စ်ကားများ အပ်နှံလက်ခံပြီးနောက် ၉၆ မော်ဒယ် ကားဟောင်းများဆက်လက်ဖျက်သိမ်းသွားမည်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြို့တွင် ပြေးဆွဲလျက်ရှိသော ၁၉၉၅ မော်ဒယ်နှင့် ၁၉၉၅ မော်ဒယ်အောက် သက်တမ်းနှစ် ၂၀ ကျော် အိုဟောင်းဘတ်စ်ကားများ အပ်နှံမှု လက်ခံဆောင်ရွက်ပြီးနောက် ၁၉၉၆ မော်ဒယ်ကားဟောင်းများကိုလည်း ဆက်လက်ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

YBS ယာဉ်လိုင်းများတွင် ယာဉ်အိုယာဉ်ဟောင်းများကို အပ်နှံခွင့်ပြုထားပြီး လူစီးယာဉ်စလစ်ပြန်လည်ထုတ်ပေးလျက်ရှိရာ ၁၉၉၅ မော်ဒယ်နှင့်အောက် အိုဟောင်းယာဉ်များ ဖျက်သိမ်းမှုကို ဆောင်ရွက်နေပြီဖြစ်ပြီး ယခုလ ၂၀ ရက် နောက်ဆုံးထားကာ အဆိုပါယာဉ်များကို အပ်နှံရမည်ဟု ညွှန်ကြားချက်ထုတ်ပြန်ပြီးဖြစ်သည်။ အဆိုပါ ၉၅ မော်ဒယ်ယာဉ်များအပြင် ၁၉၉၆ မော်ဒယ်ယာဉ်ဟောင်းများကိုလည်း ဆက်လက်ဖျက်သိမ်းသွားမည်ဟု ဇွန် ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပခဲ့သည့် တရုတ်နိုင်ငံမှ ဝယ်ယူထားသော ဘတ်စ်ကားသစ်များလွှဲပြောင်းပေးအပ်ပွဲတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပြုပြင်ပြောင်းလဲရေးမှာ ခရီးသည်တွေအပြင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေ အကုန်လုံးကို ထည့်စဉ်းစားရပါတယ်။ အစိုးရတစ်ရပ်ဟာ အားလုံးကို ဘက်ပေါင်းစုံက အဆင်ပြေအောင် ဆောင်ရွက်ရတာပါ။ ပထမတစ်ဆင့် ကားတွေကိုစီးနိုင်အောင် ပြောင်းလဲတယ်။ ပြောင်းလဲပြီးတဲ့အခါမှာ ကားအဟောင်းတွေကို ဖျက်သိမ်းပါတယ်။ ဖျက်သိမ်းပြီးရင် ကားအဟောင်းတွေအကုန်လုံးကို လူစီးစလစ်ထုတ်ပေးပါတယ်။ ၉၅ ခုနှစ်အောက်ကားတွေ ဖျက်သိမ်းဖို့ စပြီ။ ၉၆ တွေ ဆက်ပြီးတော့ ဖျက်သိမ်းသွားမယ်"ဟု ဝန်ကြီးချုပ်က မီဒီယာများအား ဖြေကြားစဉ်တွင် ထည့်သွင်းပြောကြားသွားသည်။

သက်တမ်း နှစ် ၂၀ နှင့်အထက် အိုဟောင်းဘတ်စ်ကားများအား အစားထိုးလဲလှယ်သည့် အစီအစဉ်အရ ၁၉၉၅ ခုနှစ် မော်ဒယ်နှင့်အောက် ခရီးသည်တင်ဘတ်စ်ကားများအားအပ်နှံ၍ လူစီးယာဉ်စလစ်ထုတ်ပေးခြင်းကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်လက်ခံဆောင်ရွက်ပေးခဲ့ပြီး ဇွန် ၂၀ ရက်တွင် အဆိုပါယာဉ်များကို နောက်ဆုံးထားအပ်နှံရမည်ဖြစ်သည်။ လိုက်နာခြင်းမရှိပါက လုပ်ငန်းလိုင်စင်သိမ်းကာ လူစီးစလစ်ထုတ်ပေးခြင်းကို ပယ်ဖျက်သွားမည်ဟု မေ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် YBS ယာဉ်လိုင်းများ အစည်းအဝေးတွင် ဝန်ကြီးက ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

စာရင်းများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ဘတ်စ်ကားစီးရေမှာ မူလစာရင်းအရ အစီး ၇၀၀၀ ကျော်ခန့်ရှိသော်လည်း နေ့စဉ်အမှန်တကယ်ပြေးဆွဲခဲ့သည့် ယာဉ်မှာ အစီး ၃၈၀၀ ခန့်သာရှိသည်ဟု သိရသည်။ အဆိုပါစာရင်းတွင် နှစ် ၂၀ ကျော် အိုဟောင်းစီးတီးဘတ်စ်ယာဉ်များ အပါအဝင် မီနီဘတ်စ်အရေအတွက် ၁၇၀၀ ခန့်၊ ဒိုင်နာ၊ ဘီအမ်ယာဉ်များအပါအဝင် အစီး ၃၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ လက်ရှိအစိုးရက ဝယ်ယူထားသော ဘတ်စ်ကားသစ် အစီး ၁၀၀၀၊ ပုဂ္ဂလိကကုမ္ပဏီတို့က ဝယ်ယူထားသော ဘတ်စ်ကားသစ်အစီး ၁၆၀၀ ခန့် စုစုပေါင်းအစီး ၂၆၀၀ ခန့် ယခုလအတွင်း အပြည့်အဝရရှိမည်ဖြစ်ရာ အပ်နှံယာဉ်အဟောင်းများနေရာတွင် ယာဉ်အသစ်များဖြင့် အစားထိုးပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။ **(ဆုနှင်းလှဲ့)**

# ကျန်းမာရေးနှင့်ညီညွတ်သည့်စားသောက်ကုန်များ ရောင်းချ၊ ဝယ်ယူနိုင်ရေး အသိပညာပေး

**နေပြည်တော် ဇွန် ၁၁**

ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ကုန်များ ရောင်းချဝယ်ယူနိုင်ရေး အသိပညာပေးဟောပြောခြင်းနှင့် အခြေခံပညာကျောင်း မုန့်ဈေးတန်းများ ကွင်းဆင်းစစ်ဆေးခြင်းကို ဇွန် ၈ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ပြုလုပ်ရာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ (နေပြည်တော်တာဝန်ခံ) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းလင်းအောင် ဦးဆောင်သောအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အစားအသောက်ရောင်းချသူများအနေဖြင့် မိမိတို့ရောင်းချလျက်ရှိသော ကုန်ပစ္စည်းများကို သန့်ရှင်းလတ်ဆတ်စေရန်၊ ရောဂါမဖြစ်ပွားနိုင်စေရန်၊ ကန့်သတ်တားမြစ်ထားသော ကုန်ပစ္စည်းများမဖြစ်စေရန်နှင့် ကုန်ပစ္စည်းများကို ကိုင်တွယ်ရောင်းချရာတွင်လည်း လက်များကိုသန့်ရှင်းရန် အထူးလိုအပ်ကြောင်း ဒေါက်တာထွန်းလင်းအောင်က ပြောသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် အဖြေကိုထုတ်ပေးနိုင်သည့် စက်ပစ္စည်းများဖြင့် တစ်ခါတည်းစစ်ဆေးပေးခဲ့ကြောင်း၊ စစ်ဆေးတွေ့ရှိပါက ရောင်းချသူများအားအသိပညာပေးပြောကြားပြီး အဆိုပါစားသောက်ကုန်များကို ဆက်လက်မရောင်းချရန် မှာကြားခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် ခွင့်ပြုချက်မရသော၊ ခွင့်ပြုရက်ကုန်ဆုံးသော စားသောက်ကုန်များနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် ပင်ရင်းဆိုင်များကို ဆက်လက်စစ်ဆေးပေးခဲ့ကြောင်း၊ တာဝန်ရှိသူများက တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းတွင်းမုန့်ဈေးတန်းများတွင် ဈေးရောင်းချသူများအား ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ကုန်များ ရောင်းချ၊ ဝယ်ယူနိုင်ရေး အသိပညာပေးခဲ့ကြောင်း သိရသည်။ **(သန့်မောင်)**

# ဆေးတက္ကသိုလ်(မန္တလေး) စာပေဟောပြောပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ဆေးတက္ကသိုလ်(မန္တလေး) စာပေအနုပညာနှင့် ယဉ်ကျေးမှုကော်မတီ၊ ကျောင်းသားများသမဂ္ဂ၊ တက်ကြွသောလူငယ်များ အခမဲ့စာကြည့်တိုက်တို့ ပူးပေါင်းစီစဉ်သော စာပေဟောပြောပွဲကို ဇွန် ၇ ရက်က အဆိုပါတက္ကသိုလ် အောင်ပင်လယ်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် သဘာပတိ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ ကာတွန်းဆရာအော်ပီကျယ်က "အိပ်မက်ဆုံရာ"ခေါင်းစဉ်ဖြင့် မျိုးဆက်သစ်လူငယ်များအတွက် စိတ်ဓာတ်ခွန်အားနှင့် ဗဟုသုတဖြစ်ဖွယ်များကို ဟောပြော၍ တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားပြီး ပါမောက္ခချုပ်က ဆရာအော်ပီကျယ်အား အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ပုဗ္ဗသီရိမြို့နယ်တွင် မီခင်သေဆုံးမှုလျော့နည်းရေး အသိပညာပေးဟောပြော၊ လက်ကမ်းစာစောင်များဖြန့်ဝေ

**နေပြည်တော် ဇွန် ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မိခင်သေဆုံးမှုလျော့နည်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၈ ရက်က နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရွာတော်(မြောက်)ကျေးရွာရှိ အေးငြိမ်းချမ်းသာဓမ္မာရုံ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသားများအား နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလှိုင်လှိုင်ဌေးနှင့် တာဝန်ရှိသူများက မိခင်သေဆုံးမှုလျော့နည်းရေးဆိုင်ရာအကြောင်း အသိပညာပေးဆွေးနွေးခြင်း၊ သားအိမ်တွင်းထည့် သားဆက်ခြားပစ္စည်းအကြောင်း၊ သားဆက်ခြားထိုးဆေး၊ စားဆေးများအကြောင်း၊ အရေးပေါ် သားဆက်ခြား ထိုးဆေးအကြောင်း၊ သားဆက်ခြားရန် ကွန်ဒုံးသုံးစွဲမှုအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ခုတင် (၅၀)ဆံ့ဆေးရုံမှ ဒေါက်တာနန်းကျော့ခိုင်က သားအိမ်ခေါင်းကင်ဆာအကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ ယင်းနောက် ကျန်းမာရေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြသည်။ **(ရွှေရဲရင့်)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ ကျင်းပ

**ဖြူး ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာ-ဥသျှစ်ခင်-ပေါက်ဇလုပ် ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကျောက်ရောမြေသားလမ်းဖွင့်ပွဲကို ဇွန် ၇ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ ဦးဆောင်ဆရာတော် ပေါက်ဇလုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တစက္ကနှင့် ရွာသူ ရွာသားများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး အဆိုပါလမ်းအား ဦးဆောင်ဆရာတော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကျေးရွာချင်းဆက် ကျောက်ရောမြေသားလမ်းအဖြစ် အကျယ် ၁၂ ပေ၊ အရှည် နှစ်မိုင်ရှိ လမ်းကို ကျေးရွာပြည်သူများနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများ၏ လှူဒါန်းငွေကျပ် ၁၀၇ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဖြူးမြင့်ဦး)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသည့် မေ ၃၀ ရက်မှ ဇွန် ၅ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | ဗုဒ္ဓနှင့် ရဟန္တာများ | ဦးစိန်လှိုင်(မဟာဝိဇ္ဇာ) | စိတ်ကူးချိုချို | ၂၀၀၀ |
| ၂ | မရှုပ်တေးပြောတဲ့ ချစ်ရေး ကြိုက်ရေးအိမ်ရှောင်ရေး | ကြပ်ကလေး | စိတ်ကူးချိုချို | ၁၅၀၀ |
| ၃ | ကိုပွေလီပြောတဲ့ မိန်းမဟူဘိ ထိုက္ကတ္ထိ | ကြပ်ကလေး | စိတ်ကူးချိုချို | ၁၅၀၀ |
| ၄ | ပြောမိတော့မှာပဲ-၂ (ငတုံးတစ်ယောက်ရဲ့ ဖွင့်ဟဝန်ခံချက်) | ကောင်းဆက်နိုင် | ရသ | ၂၀၀၀ |
| ၅ | ဥပဒေအထက်က စစ်အာဏာရှင်များနှင့်မုဒိုသား | ထက်ရဲနိုင် | အာရုံသစ် | ၂၅၀၀ |
| ၆ | မိုးလုံးမှိုင် စာပေအနုပညာ (၄) | ကလောင်စုံ | အာရုံသစ် | ၂၀၀၀ |
| ၇ | ကျွန်မနှင့် ဆီးချိုလူနာများ | ပါမောက္ခသန်းသန်းအေး | အာရုံသစ် | ၄၀၀၀ |
| ၈ | မင်းတုန်းမင်းကြီး၏ မိဖုရားတော်များ | သန်းဝင်းလှိုင် | ကျော်စိုးမိုး | ၂၀၀၀ |
| ၉ | ဝေးလေဝေးလေ နီးသူရေ နီးလေနီးလေ ဝေးသူရေ | သျှီ (အင်ကြင်း) | ကောင်းဆုသာ | ၂၅၀၀ |
| ၁၀ | တံတားလေးသာ ဆောက်ပါမည် | မျိုးကို | ကောင်းဆုသာ | ၃၀၀၀ |
| ၁၁ | တိုက်ပွဲဝင်တပ်ခွဲမှူးများ၏ ကိုယ်တွေ့ထူးဆန်း စစ်မှတ်တမ်းများ | ကပ္ပတိန်ဝန၊ဇေယျကျော်ထင် | စိတ်ကူးသစ် | ၂၅၀၀ |
| ၁၂ | အောင်မြင်ရေးနှင့် စိတ်တန်ခိုး | ဦးမောင်မြင့် | ယဉ်မျိုး | ၂၀၀၀ |
| ၁၃ | ကယ်ရီကေးချားကဗျာ | စပီကာ-ကနောင် | စိတ်ကူးချိုချို | ၅၀၀၀ |
| ၁၄ | ဘုရင်နိုင်ငံတော်သုံးခု၊ ကျူကဲလျာန်နှင့် စီမံအုပ်ချုပ်မှုမဟာဗျူဟာ ၁၆ ဖြာ | ဝင်းသိန်းဦး | Future | ၃၅၀၀ |
| ၁၅ | ဆုံးမလျက် မယဉ်ကျေး၊သင်ပေးလျက် မလိမ္မာ | ရီနေနိုင် | အလင်းသစ် | ၂၀၀၀ |
| ၁၆ | ဝသုန် ဤမြေ သိကြားစေ သက်သေညွှန်း | ချစ်ဦးညို | မူဝံ | ၃၅၀၀ |
| ၁၇ | ခေတ်ပုံရိပ်-၄ (ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု) | ကလောင်စုံ | ရန်အောင် | ၂၅၀၀ |
| ၁၈ | လူစွမ်းကောင်း ဗိုလ်ချုပ်ကြီးများ | ကိုကိုလေး | ယဉ်မျိုး | ၂၀၀၀ |
| ၁၉ | လနီနီကို မြင်တဲ့လူ | ချိုပိန်းနောင် | ယဉ်မျိုး | ၃၀၀၀ |
| ၂၀ | ထောက်လှမ်းရေးသတင်းထောက် | ဇင်သန့် | ဘဝတက္ကသိုလ် | ၄၀၀၀ |
| ၂၁ | နေခြည်မိုးဖြင့် ရေချိုးခြင်း | ဟိန်းလတ် | ယဉ်မျိုး | ၂၀၀၀ |
| ၂၂ | ချစ်တော့ချစ်တယ် | သုခ | စိတ်ကူးချိုချို | ၂၂၀၀ |
| ၂၃ | ကောင်းမွန်သောဘဝ ရှင်သန်မှုများ | အောင်လှိုင် | စိတ်ကူးချိုချို | ၁၅၀၀ |
| ၂၄ | အိုင်အိုချမ်းမင်းနှင့် ကြယ်စင်ဖမ်း၍ ငွေလမ်းထွင်သူ | ဆွေနွယ်ဦး | မျိုးဆက်သစ် | ၂၀၀၀ |
| ၂၅ | နှစ်ယောက်ဖတ်စာ (အမှတ်တရစာစုများ) | မင်းချမ်းမွန်၊မေဇွန်အေး | ကောင်းစုသာ | ၂၀၀၀ |
| ၂၆ | ရှာဖွေသူ (ပြဇာတ်) | လင်းဦးနိုင် | ငါတို့စာပေ | ၁၅၀၀ |
| ၂၇ | ပန်ဖလက် Pamphlet | ခွန်းညိုသွေး | ကျော်မွှေး | ၂၀၀၀ |
| ၂၈ | ကျွန်တော်ပြောပြချင်တဲ့ အရပ်ဘက် စစ်ဘက်ဆက်ဆံရေး | ထွန်းဇော်ဌေး | ကျော်မွှေး | ၁၀၀၀ |
| ၂၉ | စိုင်းဝင်းမြင့်ကဗျာပေါင်းချုပ်၊ ဒုတိယအုပ် | စိုင်းဝင်းမြင့် | ကျော်မွှေး | ၅၀၀၀ |
| ၃၀ | မုန်တိုင်းထဲမှ မိန်းမများ | ထက်မြက်နိုင်ဇင် | စိတ်ကူးချိုချို | ၄၀၀၀ |

**(ဆက်လက်ဖော်ပြပါမည်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးမရရှိသေးသည့်ကျေးရွာပေါင်း ထောင်ကျော်ခန့်ရှိနေ

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာပေါင်း ထောင်ကျော်ခန့် အထိရှိနေပြီး ကျေးလက်ဒေသ မီးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်ပေါင်း ၄၅ မြို့နယ်ရှိသည့်အနက် စည်ပင်သာယာနယ်နိမိတ်မြို့နယ် ၃၃ မြို့နယ် ပြင်ပမြို့နယ် ၁၂ မြို့နယ်အတွင်းရှိကျေးရွာများတွင် လက်ရှိအချိန်အထိ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများရှိနေကြောင်း ဝန်ကြီးက ဇွန် ၉ ရက်တွင်ပြုလုပ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်မှာ ရန်ကုန်စည်ပင်သာယာမြို့နယ် ၃၃ မြို့နယ်၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပမြို့နယ် ၁၂ မြို့နယ်မှာ လျှပ်စစ်မီးမရသေးတဲ့ ကျေးရွာပေါင်း ထောင်ကျော်ရှိနေပါတယ်။ အဲဒီကျေးရွာတွေကို ကျေးလက်ဒေသမီးလင်းရေးအတွက် မီးမရှိတဲ့ရွာတွေမှာ မီးရရှိဖို့ စတင်ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကမ္ဘာ့ဘဏ်အကူအညီနဲ့ ဆောင်ရွက်နေတာတွေရှိပြီး အဲဒီအစီအစဉ်မှာ မပါဝင်သေးတဲ့ရွာတွေကို စာရင်းကောက်ပြီး ဆောင်ရွက်နေပါတယ်" ဟု ဝန်ကြီးက ၎င်းတာဝန်ယူဆောင်ရွက်နေသော ဌာနများ၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်သုံးစွဲမှုပမာဏသည် တစ်နိုင်ငံလုံး လျှပ်စစ်ထုတ်လုပ်မှု၏ ထက်ဝက်ခန့်ပင်ရှိနေပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာပင် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများ ထောင်ကျော်ခန့်ရှိနေခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်လိုအပ်ချက်ပမာဏသည် နှစ်စဉ် ၂၀ ရာခိုင်နှုန်းခန့် တိုးမြင့်နေပြီး တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံ လေးရုံမှ ထုတ်လုပ်နိုင်မှုပမာဏသည်လည်း မဂ္ဂါဝပ် ၁၀၀၀ မရှိကြောင်း သိရသည်။ နှစ်စဉ်လျှပ်စစ်တိုးတက်လိုအပ်ချက် ၂၀ ရာခိုင်နှုန်းအရ ၂၀၁၇-၂၀၁၈ တွင်၂၉၅ မဂ္ဂါဝပ်ခန့် လိုအပ်မည်ဟု သိရသည်။ ယင်းကြောင့် လိုအပ်ချက်ဖြစ်ပေါ်နေသော မဂ္ဂါဝပ် ၃၀၀ ကို ပေးအပ်နိုင်ရန် ဆောင်ရွက်နေပြီး ကျေးလက်ဒေသ မီးလင်းရေးကိုလည်း ဆောင်ရွက်နေသည်ဟု ဝန်ကြီးက ပြောသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပမာဏမြင့်မားလာပြီး အထူးစီးပွားရေးဇုန်များတည်ထောင်ခြင်းနှင့် အနာဂတ်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများတွင် အရေးပါသော အခြေခံဖြစ်သည့် လျှပ်စစ်ကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် ဘဏ္ဍာငွေမြောက်မြားစွာကုန်ကျနိုင်မည်ဟု ဝန်ကြီးက လွှတ်တော်အစည်းအဝေးတစ်ခုတွင် ပြောကြားထားသည်။ လျှပ်စစ်ကဏ္ဍဆောင်ရွက်ချက်တွင် လျှပ်စစ်ထုတ်လုပ်မှုသာမက သယ်ပို့မှုအပိုင်းနှင့် ဖြန့်ဖြူးရေးအပိုင်းတို့တွင်လည်း လျှပ်စစ်ဓာတ်အားလေလွင့်ဆုံးရှုံးမှုမရှိစေရန် အရေးကြီးသည့်အပြင် ထုတ်လုပ်မှုအပိုင်း၊ သယ်ပို့မှုအပိုင်း၊ ဖြန့်ဖြူးမှုအပိုင်း သုံးပိုင်းလုံးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေသည်ဟု သိရသည်။ ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ တစ်နိုင်ငံလုံး၏ ထက်ဝက်ခန့်ကို သုံးစွဲလျက်ရှိပြီး မဂ္ဂါဝပ် ၁၂၅၀ ခန့် အသုံးပြုလျက်ရှိကြောင်း ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းစာရင်းများအရ သိရသည်။ **(ဝဝ၁)**

# ထီးချိုင့်မြို့၌ အလယ်တန်းအဆင့် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဖွင့်

**ထီးချိုင့် ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ ကြီးမှူးဖွင့်လှစ်သော အလယ်တန်းအဆင့် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန် ၈ ရက် နံနက် ၉ နာရီက ရွှေတောရကျောင်းတိုက်၌ကျင်းပသည်။

ဆက်လက်၍ မြို့နယ်ဓမ္မစကူးလ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ အလယ်တောဆရာတော်က "မိရိုးဖလာဗုဒ္ဓဘာသာဝင်မှ ဗုဒ္ဓတရားတော်များကို လက်တွေ့ဘဝတွင်အသုံးချနိုင်သော အဆင့်မြင့်ဗုဒ္ဓဘာသာဝင်များဖြစ်လာစေရန်၊ ဗုဒ္ဓတရားတော်နှင့် နိုင်ငံတော်အတွက် သားကောင်းရတနာ သမီးကောင်းရတနာများပေါ်ထွန်းလာပြီး ငြိမ်းချမ်းသာယာသောလူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာရေးအတွက်ရည်ရွယ်ပြီး ဒီသင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ ဆရာဖြစ်သင်ယူကြမယ့် အခုသင်တန်းသား သင်တန်းသူတွေအနေနဲ့လည်း မိမိတို့ရပ်ရွာရောက်တဲ့အခါ ကလေးတွေကို စေတနာထားပြီး သင်ကြားလေ့ကျင့်ပေးကြပါလို့မှာကြားလိုပါတယ်"ဟု မိန့်ကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဓမ္မစကူးလ် ဖောင်ဒေးရှင်းမှ မြို့နယ်ဓမ္မစကူးလ်ဖောင်ဒေရှင်းသို့ အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်က လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ ထီးချိုင့်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၆၀ ခန့်တက်ရောက်မည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲမာန်(ထီးချိုင့်)**

# ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းအား The Asian Banker မှ အနာဂတ်လူငယ်ဘဏ်လုပ်ငန်းရှင်ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၁၁**

စင်ကာပူနိုင်ငံအခြေစိုက် The Asia Banker Leadership Achievement Awards 2017 ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ဇွန် ၈ ရက် ညနေပိုင်းက စင်ကာပူနိုင်ငံ၌ ကျင်းပရာ ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းအား အနာဂတ်လူငယ်ဘဏ်လုပ်ငန်းရှင်ဆု (The Promising Young Banker in Myanmar) ကို The Asia Banker မှ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

The Asia Banker မှ သုံးနှစ်တွင် တစ်ကြိမ်သာ ရွေးချယ်ပေးအပ်သည့် "The Promising Young Banker" ဆုသည် ၂၀၁၄ မှ ၂၀၁၆ ခုနှစ်ကာလအတွင်း ဘဏ်လုပ်ငန်းများကို တိုက်ရိုက်ဦးစီးဆောင်ရွက်နေသည့် အသက်(၄၀)နှစ်အောက် လူငယ်လုပ်ငန်းရှင်များထဲမှ ဘဏ်လုပ်ငန်းဆိုင်ရာလုပ်ငန်းများကို ထူးချွန်ထက်မြက်စွာ စွမ်းဆောင်နိုင်မှု၊ ဦးစီးဦးဆောင်နိုင်မှုနှင့် အခက်အခဲများကို ကျွမ်းကျင်စွာကိုင်တွယ်ဖြေရှင်းနိုင်မှု စသည်တို့အပေါ် အခြေခံအကဲဖြတ်ပြီး အနာဂတ်တွင် ဘဏ်လုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုမည့် အလားအလာကောင်းများရှိသည့် လူငယ်ဘဏ်လုပ်ငန်းရှင်များကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဆုရွေးချယ်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပဏာမအနေဖြင့် အာရှဒေသတစ်ခွင်ရှိ အောင်မြင်ဦးဆောင်နေသော ဘဏ်များ၏ အကြီးတန်းအုပ်ချုပ်မှုအရာရှိများမှ ကိုက်ညီသူများကိုအဆင့်ဆင့်စိစစ်ရွေးချယ်ပြီး ဘဏ်နှင့်ပတ်သက်သော သတင်းထောက်များ၊ လေ့လာဆန်းစစ်သူများ (Analysts)၊ ဘဏ်နှင့်အခြားဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသူများ၏ အမြင်များပေါ်တွင် ထပ်မံ၍ သေချာစွာအဆင့်ဆင့်ရွေးချယ်ခဲ့သည်။ ၎င်းရွေးချယ်ခံရသူများအား The Asian Banker သုတေသနအဖွဲ့၏ နှိုင်းယှဉ်လေ့လာသုံးသပ်ချက်များအပေါ်မူတည်၍ အကြံပေးအဖွဲ့သို့ တင်ပြရခြင်းဖြစ်ကြောင်းသိရပြီး ဒေါ်နန်းလိုင်းခမ်းနှင့်အတူ "အနာဂတ်လူငယ်ဘဏ်လုပ်ငန်းရှင်ဆု" များကို အာရှပစိဖိတ်ဒေသရှိဘဏ်များမှ ၁၁ ဦးနှင့် မြေထဲပင်လယ်ဒေသရှိ ဘဏ်များမှ သုံးဦး စုစုပေါင်း ၁၄ ဦး ရွေးချယ်ခြင်းခံရကြောင်း သိရသည်။




ထို့အတူ ဒေါ်နန်းလိုင်းခမ်းသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေးအကျိုးပြုမှုအကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု)နှင့် အမျိုးသမီးထူးချွန်စီးပွားရေးလုပ်ငန်းရှင်ဆု (နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးပြုမှုအကောင်းဆုံးအဖွဲ့အစည်း)တို့ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထူးချွန်အမျိုးသမီးဂုဏ်ပြုဆု နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုစွမ်းဆောင်ရည်ဆု တို့ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် လူမှုထူးချွန်ဆု ပထမဆင့်ကိုလည်းကောင်း ချီးမြှင့်ခံခဲ့ရသည်။

ဒေါ်နန်းလိုင်းခမ်း ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည်လည်း နိုင်ငံတော်နှင့် ပြည်သူအတွက် လိုအပ်သောနေရာများတွင် ထိရောက်စွာကူညီပံ့ပိုးလှူဒါန်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ ခုနှစ်မှ ယနေ့အထိ ငွေကျပ် ၁၂၄ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(ဝ၁ဝ)**

# ဖြူးမြို့နယ်တွင် ဓမ္မစကူးလ် ဆရာဖြစ်သင်တန်းဖွင့်

**ဖြူး ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရွှေကျင်တောင်ပရိယတ္တိစာသင်တိုက်တွင် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန် ၈ ရက်ကကျင်းပရာ ရန်ကုန်မြို့ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ ပညာရှင် ဆရာ ဆရာမကြီးများ၊ သင်တန်းသားသင်တန်းသူ ၆၀ နှင့် ရွှေကျင်တောင်ပရိယတ္တိစာသင်တိုက်မှ ပဓာန နာယကဆရာတော်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**




# အင်းစိန်ထွေ/အုပ် ဝန်ထမ်းသားသမီးများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမြသန်းတို့က ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူကြိုကျောင်းသား ကျောင်းသူ ၃၁ ဦးတို့အား ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေး ပေးရခြင်း၏ ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြပြီး ထောက်ပံ့ပစ္စည်းများ (တန်ဖိုး ငွေကျပ် ၁၁၅၀၀၀) နှင့် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၄၀၁၀၀၀ စုစုပေါင်း ၅၁၆၀၀၀ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးဥက္ကဋ္ဌ**(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၆၈၄)**

# ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မယ်စဲ့ ဇွန် ၁၁**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင်၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သော မယ်စဲ့မြို့နယ်အတွင်းရှိ ရပ်ကွက် (၂)ရပ်ကွက်နှင့် ကျေးရွာအုပ်စု လေးအုပ်စုတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၂၂ ခုဆောင်ရွက်ပြီးစီးမှုကို သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီခြင်း ရှိ၊ မရှိ အခြေအနေများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်ဦးဆောင်၍ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့နယ်စာရင်းစစ်အဖွဲ့နှင့် မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီဝင်များအဖွဲ့သည် ဇွန် ၁၀ ရက်နှင့် ၁၁ ရက်တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၁၀၀၀ ဖြင့် နန့်မန်းကျေးရွာ ရေပိုက်အဟောင်းလဲလှယ်ခြင်းလုပ်ငန်း၊ ဟွေ့ပါလန်ကျေးရွာ ရေတားတမံဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ ပန်တိန်းကျေးရွာ အမာခံကျောက်ခင်းလမ်း၊ ကျောက်စီကွန်ကရစ်တံတားနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း၊ ဝမ်ကန်ကျေးရွာ အမာခံကျောက်ခင်းခြင်းလုပ်ငန်း၊ ဟိုစဲ့ကျေးရွာ ရေဖြန့်ဝေခြင်းလုပ်ငန်းနှင့် ကျောက်စီကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း၊ ဟိုဂျစ်ကျေးရွာ အမာခံကျောက်ခင်းခြင်းလုပ်ငန်း၊ လယ်တောကျေးရွာ မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း၊ မယ်ဆည်နမ်ကျေးရွာ အမာခံကျောက်ခင်းခြင်းလုပ်ငန်း၊ မယ်စဲ့မြို့တောင်ပိုင်းရပ်ကွက် မယ်စဲ့မြို့မဘုန်းတော်ကြီးကျောင်း သောက်သုံးရေကန်၊ မြို့မလမ်း ကွန်ကရစ်ခင်းနံရံအုတ်စီခြင်းလုပ်ငန်း၊ မြောက်ပိုင်းရပ်ကွက်ဆေးရုံနှင့် ရဲစခန်းလမ်းကြားဘေး နှစ်ဖက် ရေမြောင်းမြေသားလမ်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# ရွှေပါရမီပညာရေးဖောင်ဒေးရှင်း ပဉ္စမအကြိမ် ပညာသင်ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၁၁**
ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သော ရွှေပါရမီပညာရေးဖောင်ဒေးရှင်းမှ ပဉ္စမအကြိမ်အဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ Novotel Hotel ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်မြို့ တက္ကသိုလ်အသီးသီးမှ ကျောင်းသားကျောင်းသူ ၃၅ ဦး၊ မန္တလေးမြို့မှ ၄၁ ဦး၊ မကွေးမြို့ ဆေးတက္ကသိုလ်မှ ကိုးဦး စုစုပေါင်း ၈၅ ဦးအား ပညာသင်ဆုချီးမြှင့်သည်။ ထို့ပြင် အလှူရှင်အသီးသီးက ရွှေပါရမီပညာရေးဖောင်ဒေးရှင်းအတွက် အမေရိကန်ဒေါ်လာ ၃၀၀၀ နှင့် မြန်မာငွေကျပ်သိန်းပေါင်း ၃၇၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ ရွှေပါရမီပညာရေးဖောင်ဒေးရှင်းမှ လက်ခံရယူသည်။

"ပညာရေး အခက်အခဲဖြစ်တဲ့သူတွေကို သူတို့ရဲ့အခက်အခဲဖြေရှင်းတဲ့အနေနဲ့ ပညာသင်ကြားတဲ့နေရာမှာ လိုအပ်တဲ့ ငွေကြေးထောက်ပံ့လှူဒါန်းတယ်ဆိုတာ သူတို့ရဲ့ဘဝကိုပြောင်းလဲပေးလိုက်တာပါပဲ။ ပညာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးတာဟာ ပညာရေးလိုအပ်ချက် ဖြည့်ဆည်းခံပုဂ္ဂိုလ်ဘဝကို အကြီးအကျယ်ပြောင်းလဲစေတယ်ဆိုတာ အင်မတန်ထင်ရှားပါတယ်"ဟု ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက မိန့်ကြားသည်။




ရွှေပါရမီပညာရေးဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ လေးနှစ်တာအတွင်း ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ရတနာပုံဆိုက်ဘာစီးတီးတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ပညာရေး တက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူ ၆၈၉ ဦးအား ပညာသင်ဆု မြန်မာငွေကျပ် ၆၂၁၃၈၀၀၀၀ ချီးမြှင့်နိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်အတွက် ကျောင်းသားကျောင်းသူ ၇၂၅ ဦးအား ပညာသင်ဆုချီးမြှင့်မည်ဖြစ်ပြီး ယခုနှစ်မှစ၍ ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကျောင်း တက်ရောက်သူများအတွက်လည်း ပညာသင်ဆု ထည့်သွင်းချီးမြှင့်ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ကြားဖြတ်အစီအစဉ်ဖြင့် ဇွန် ၇ ရက်က ပျက်ကျခဲ့သော Y-8 တပ်မတော်လေယာဉ်တွင် စီးနင်းလိုက်ပါသူများအတွက် တက်ရောက်လာသူများက တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သခြင်းအပြင် ရွှေပါရမီပညာရေးဖောင်ဒေးရှင်းမှ အလှူငွေကျပ် ၅၂ သိန်း လှူဒါန်းကြောင်း သိရသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အလှူရှင်များ၊ ပရဟိတအဖွဲ့အစည်းများ၊ အနုပညာရှင်များ တက်ရောက်ကြသည်။

**သတင်း-ဇာနည်မောင်၊**
**ဓာတ်ပုံ-အေးမင်းသူ**

# Miss Universe Tachileik 2017 အလှမယ်ရွေးပွဲ ကျင်းပမည်

**တောင်ကြီး ဇွန် ၁၁**
ရှမ်းပြည်နယ်အရှေ့ကိုယ်စားပြုဖြစ်သည့် တိုင်းရင်းသူသမီးပျိုလေးများ၏ အလှနှင့် သွက်လက်ထက်မြက်သည့် အရည်အသွေးနှင့် အရည်အချင်းများကို ဖော်ကျူးမည့် Miss Universe Tachileik 2017 အလှမယ်ရွေးပွဲကို ဇူလိုင် ၂ ရက်တွင် တာချီလိတ်မြို့ တာ့ဟွာခန်းမ(တရုတ်ဘုံကျောင်း)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Miss Universe Tachileik 2017 အလှမယ်ဆုရရှိခဲ့မည်ဆိုပါက သရဖူကို Miss Universe Myanmar 2016 ထက်ထက်ထွန်းကလည်းကောင်း၊ စလွယ်ကို Miss Universe Tachileik 2016 နန်းဖောင်းတစ်ကလည်းကောင်း ချီးမြှင့်ဂုဏ်ပြုမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များလိုက်နာရမည့်စည်းကမ်းများမှာ အိမ်ထောင်မရှိသူ အသက်(၁၇)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်ဖြစ်ပြီး ပညာအရည်အချင်းမှာ အထက်တန်းအောင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် နိုင်ငံကျော် အဆိုတော်များဖြစ်သည့် အာဇာနည်နှင့် အိုင်းရင်းဇင်မာမြင့်တို့က သီဆိုဖျော်ဖြေမည်ဖြစ်ပြီး ခေမီကိုအကအဖွဲ့၊ ရှမ်းရိုးရာ အကအဖွဲ့များကလည်း ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

အဆိုပါအလှမယ်ရွေးပွဲတွင် Winner ရရှိသူကို ငွေကျပ် ၁၀ သိန်း၊ 1st runner up ကို ငွေကျပ်ငါးသိန်း၊ 2nd runner up ကို ငွေကျပ်သုံးသိန်းဆုချီးမြှင့်မည်ဖြစ်ပြီး အခြားသောဆုမဲများလည်း ပါဝင်မည်ဖြစ်သည်။

အထူးအစီအစဉ်အဖြစ် ပြိုင်ပွဲယှဉ်ပြိုင်သူမှာ မည်သည့်ကုန်ကျစရိတ်မျှ ကျခံစရာမလိုဘဲ စပွန်ဆာများက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ယခုပြိုင်ပွဲတွင် တာချီလိတ်မြို့ကိုယ်စားပြုအလှမယ်တစ်ဦးအားရွေးချယ်ပြီး ရန်ကုန်တွင် ဆက်လက်သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**

# သီးနှံများအောင်မြင်ဖြစ်ထွန်းစေရေးအတွက် စာတွေ့လက်တွေ့သင်တန်းပေး

**ကျောက်ဆည် ဇွန် ၁၁**
မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် တောင်သူများ၊ စိုက်ခြံပိုင်ရှင်များနှင့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများအား အခါအားလျော်စွာ နိုင်ငံတော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ သင်တန်းများပို့ချဆောင်ရွက်ပေးလျက်ရှိရာ ကျောက်ဆည်မြို့ရှိ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ဝါသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)တွင် ဇွန် ၇ ရက် နံနက် ၁၀ နာရီက ခြံလုပ်ငန်းများအောင်မြင်စေရေး စာတွေ့လက်တွေ့သင်တန်း (On Job Training) ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဝင်းနှင့် ဒေါ်လွင်လွင်ထွန်းတို့က စိုက်ပျိုးရေးဦးစီးဌာန၏ ရည်မှန်းချက်(၅)ရပ်အကြောင်းနှင့် အထူးအထွက်တိုးပြီး အရည်အသွေးကောင်းမွန်သည့် ငွေချည်(၆)၊ ငွေချည်(၉)၊ ရွှေတောင်(၈) နှင့် ချည်မျှင်ရှည်ဝါမျိုးသန့်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းတက်ရောက်လာသူများအနေဖြင့် သင်တန်းမှပို့ချလိုက်သော စာတွေ့လက်တွေ့ ပညာရပ်များကို သေချာလေ့လာမှတ်သားသင်ယူကြကာ မိမိတို့တာဝန်ကျရာ နေရာဒေသအသီးသီးတွင် စိုက်ပျိုးသီးနှံများ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးဒု-လက်ထောက်ဦးစီးမှူးများနှင့် စိုက်ပျိုးရေးပညာရှင် ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းကို ဝါမျိုးစေ့ရွေးချယ်ပုံမှ စတင်ပြီး ရိတ်သိမ်းပြီးဆုံးချိန်အထိ ခြောက်လကြာ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမင်းက ဝါသီးနှံအပြင် လွန်ကျော်ခြံတွင် စိုက်ပျိုးထားသော စပါး၊ နှမ်း၊ ကုလားပဲနှင့် ပဲတီစိမ်းသီးနှံစိုက်ခင်းများကိုပါ သင်တန်းတက်ရောက်လာသူများအနေဖြင့် လေ့လာသင်ယူသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄၈ စီး၊



သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသောကျောက်တုံး၊ ကျောက်ဖြတ်စများနှင့် ကျောက်ပုတီးစေ့များအား တွေ့ရစဉ်။

သွင်းကုန် ၅၄၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး၊ သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၂၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၂၄၄ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉ ဒသမ ၄၄၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇွန် ၁၀ ရက်တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Pajero နှင့် Caldina ယာဉ်တို့ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး ၁၁၅ တုံး (638 Kg)၊ ကျောက်စိမ်းဟုယူဆရသော ကျောက်ဖြတ်စများ (153Kg)၊ ကျောက်စိမ်းဟုယူဆရသော ကျောက်ပုတီးစေ့ ၃၇ ထုပ် (153 Kg) နှင့် သယ်ဆောင်သည့်ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၂၀ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကောလင်းမြို့နယ် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ကောလင်း ဇွန် ၁၁** - စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိဦးချစ်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးကျော်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ကိုယ်စားလှယ်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစောလှဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် သမဝါယမအသင်းစု အမှုဆောင်အဖွဲ့အစီရင်ခံစာကို အသင်းစု၏ အတွင်းရေးမှူး ဦးစိုးမြင့်ကလည်းကောင်း၊ မြို့နယ်အသင်းစု အသင်းသားစာရင်းစစ်အစီရင်ခံစာကို အသင်းသားစာရင်းစစ်ခေါင်းဆောင်ကလည်းကောင်း၊ အသင်းစု၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်အဖွဲ့ခေါင်းဆောင်ကလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။ ထို့နောက် အသင်းဝင်ကိုယ်စားလှယ် ဦးဘိုနီက အသင်းစု၏ အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးရှင်းတမ်းများကို အကြံပြုဆွေးနွေးပြီး အသင်းဝင်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **အောင်ကျော်စိုး(ကောလင်း)**

# ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၁**
မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (MPAN) အသင်းမှစီစဉ်သည့် မြန်မာရာဇဝင်ထဲက ခေါင်းဆောင်မှု ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားသည်။ စာရေးဆရာ ဦးကျော်ကျော်လှိုင်(SMART)က မြန်မာရာဇဝင်ထဲက ခေါင်းဆောင်မှုခေါင်းစဉ်ဖြင့် စာတမ်းဖတ်ဟောပြောပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (MPAN) ဥက္ကဋ္ဌ ဦးစောလုလုထော်က ဦးကျော်ကျော်လှိုင် (SMART)အား အမှတ်တရလက်ဆောင် ပေးအပ်သည်။ **(ရဲရင့်ရှိုင်း)**

# ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် မြန်မာအမျိုးသမီးဟော်ကီအသင်း ပြင်ဆင်



(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံသည် ဟော်ကီအားကစားနည်းတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်ခုစလုံး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာဟော်ကီအသင်းမှာ ပြိုင်ပွဲနှစ်ခုစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီး ဟော်ကီအသင်းသည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်မှုနည်းပါးသော်လည်း တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများသည် ၎င်းတို့အားသာသည့်အားကစားနည်းများနှင့် ပြိုင်ပွဲအမျိုးအစားများကိုသာ ထည့်သွင်းကျင်းပလေ့ရှိပြီး စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဟော်ကီပြိုင်ပွဲ မပါဝင်ခဲ့ပေ။ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရခဲ့သည့် မြန်မာအမျိုးသမီးဟော်ကီအသင်းသည် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မပါဝင်တော့သောကြောင့် နိုင်ငံတကာပြိုင်ပွဲနှင့် ပြတ်လပ်ခဲ့ရပြီး ယခုအကြိမ်အတွက် ပြင်ဆင်ရာတွင် အခက်အခဲများစွာရှိခဲ့သည်။ (၂၉) ကြိမ်မြောက် ဆီးဂိမ်း ဟော်ကီပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး ပါဝင်သောကြောင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်သည် အမျိုးသားအပြင် အမျိုးသမီးအသင်းကိုလည်း ပြိုင်ပွဲယှဉ်ပြိုင်ပြီး အောင်မြင်မှုရအောင် ပြင်ဆင်မှုများစွာ ပြုလုပ်လျက်ရှိသည်။ မြန်မာအမျိုးသမီးဟော်ကီအသင်းကို ပဏာမ ကစားသမား ၁၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ပါကစ္စတန်နည်းပြဖြင့် လေ့ကျင့်လျက်ရှိသည်။ ထို့ပြင် ပါကစ္စတန်ဂိုးနည်းပြတစ်ဦးကို အမျိုးသားနှင့် အမျိုးသမီးနှစ်သင်းစလုံးအတွက် ငှားရမ်းအသုံးပြုလျက်ရှိကြောင်း သိရသည်။ မြန်မာအမျိုးသမီးအသင်းသည် ဧပြီလက ထိုင်းနိုင်ငံသို့ သွားရောက်၍ လက်ရည်စမ်းပွဲများ သွားရောက်ကစားခဲ့ပြီး ဆီးဂိမ်းမတိုင်မီ ထပ်မံသွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာအမျိုးသမီးဟော်ကီအသင်းပြင်ဆင်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောလုလုထော်က "အမျိုးသမီးအသင်းကိုတော့ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲမှာ ကြေးတံဆိပ်ရခဲ့တဲ့အသင်းကိုပဲ အမာခံထားပြီး ဖွဲ့စည်းထားပါတယ်။ လူသစ်ကစားသမားတချို့လည်း ပါပါတယ်။ အမျိုးသမီးအသင်းက နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်မှုနည်းပါးပေမယ့် ထိုင်းလက်ရည်စမ်းခရီးစဉ်မှာ ၁၀ ပွဲလောက် ကစားခဲ့ရလို့ တိုးတက်မှုတော့ရှိပါတယ်။ မြန်မာအမျိုးသမီး ဟော်ကီအသင်းက နိုင်ငံတကာပြိုင်ပွဲနဲ့ အဆက်ပြတ်နေတာကြောင့် အမျိုးသားအသင်းလောက် အားမရပေမယ့် အောင်မြင်မှုရအောင် အားထည့်ပြီး ပြင်ဆင်နေပါတယ်။ ဇူလိုင်မှာ ထိုင်းမှာ ထပ်ပြီးသွားလေ့ကျင့်ဖို့ စီစဉ်ထားပါတယ်။ ပြိုင်ပွဲကျရင်တော့ အခုထက် အများကြီးတိုးတက်လာနိုင်ပါတယ်။ ဆုတံဆိပ်ရဖို့တော့ မျှော်မှန်းထားပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီးနောက်ပိုင်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည့် ဦးစောလုလုထော်သည် မြန်မာ့ဟော်ကီအားကစားနည်း နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရန် ကြိုးပမ်းနေသလို လူငယ်ကစားသမားများ ထွက်ပေါ်လာရန်လည်း စနစ်တကျလုပ်ဆောင်လျက်ရှိသည်။

"အဖွဲ့ချုပ်တွေကို ပြန်လည်ဖွဲ့စည်းတဲ့အချိန်မှာ ကျွန်တော်က ဥက္ကဋ္ဌအနေနဲ့ ရွေးချယ်ခံခဲ့ရပါတယ်။ အားကစားနည်းတော်တော်များများက မျိုးဆက်သစ်ကစားသမားရှားပါးမှုပြဿနာနဲ့ ရင်ဆိုင်နေရတာကြောင့် ကျွန်တော်တို့ကလည်း လူငယ်ကစားသမားတွေ ထွက်ပေါ်လာဖို့ အဖွဲ့ချုပ်နဲ့နီးတဲ့ အခြေခံပညာကျောင်းတွေမှာ စည်းရုံးမှုတွေပြုလုပ်နေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ ဟော်ကီကွင်းက တစ်ကွင်းပဲရှိပါတယ်။ ဒါကြောင့် နောက်ထပ်ကွင်းသစ်တစ်ကွင်း တည်ဆောက်နိုင်ဖို့ ကျွန်တော် ကြိုးပမ်းနေပါတယ်။ ပြည်တွင်းပြိုင်ပွဲတွေကတော့ နှစ်စဉ်ကျင်းပနေသလို လူငယ်မျိုးဆက်သစ်ပြိုင်ပွဲလည်း ကျင်းပဖို့ရှိပါတယ်။ လူငယ်ကစားသမားတွေထွက်ပေါ်လာဖို့က ကျောင်းတွေမှာ အားကစားနည်းအလိုက် လေ့လာလိုက်စားဖို့လိုပြီး ကစားသမားတွေ အားကစားတစ်ခုတည်းအပေါ် စိတ်ပါဝင်စားစွာ ကြိုးစားကစားနိုင်ဖို့ကတော့ မိသားစု စားဝတ်နေရေးအဆင်ပြေဖို့လိုပါတယ်။ ကျွန်တော်တို့ အဖွဲ့ချုပ်အနေနဲ့လည်း အသင်းတွေ အောင်မြင်အောင်လုပ်ဆောင်တဲ့နေရာမှာ ငွေကြေးသုံးစွဲရမှုတွေရှိပါတယ်။ ကစားသမားတွေရဲ့ နေထိုင်စားသောက်စရိတ်တွေ၊ နိုင်ငံတကာမှာ သွားရောက်လေ့ကျင့်တဲ့နေရာမှာ ကုန်ကျစရိတ်တွေ ရှိပါတယ်။ နိုင်ငံတော်က လိုအပ်တဲ့အပိုင်းမှာ ထောက်ပံ့ပေးထားသလို ကျန်တဲ့ကုန်ကျစရိတ်ကို ကျွန်တော်က စိုက်ထုတ်သုံးစွဲနေပါတယ်" ဟု ဥက္ကဋ္ဌ ဦးစောလုလုထော်က ပြောကြားခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၃၀ ဝန်းကျင်ဖြင့် ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိပြီး မြန်မာအမျိုးသမီး ဟော်ကီအသင်းသည် အောင်မြင်မှု ဆုတံဆိပ်များရယူနိုင်မည့် အားကစားနည်းဖြစ်လာစေရန် အစွမ်းကုန်ကြိုးစားလျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ပြင်သစ်အိုးပင်းဖလားကို ဦးစားပေးအဆင့်သတ်မှတ်ချက်မရရှိသူ အသက်(၂၀)အရွယ် ဂျလန်နာ အော်စတာပန်ကို အံ့အားသင့်ဖွယ်ဆွတ်ခူး

ဇွန် ၁၀ ရက်ညပိုင်းက ယှဉ်ပြိုင်ခဲ့သော ပြင်သစ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ဗိုလ်လုပွဲတွင် လက်ဗီးယားသူ ဂျလန်နာအော်စတာပန်ကိုက လက်ရှိကမ္ဘာ့အဆင့်(၃) ဆီမွန်နာ ဟိုလစ်ကို ၄-၆၊ ၆-၄၊ ၆-၃ဖြင့် အနိုင်ကစားပြီး ဂရင်းစလင်းချန်ပီယံဆုကို သိမ်းပိုက်သွားနိုင်ပြီဖြစ်သည်။ အော်စတာပန်ကိုမှာ လက်ရှိကမ္ဘာ့အဆင့်(၄၇)တွင် ရပ်တည်နေသူဖြစ်သလို ဂရင်းစလင်းပြိုင်ပွဲ ရှစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ဖူးသော်လည်း Tour-Level ပြိုင်ပွဲလောက်တွင်သာ ချန်ပီယံဆု ရယူဖူးထားသူဖြစ်သည်။


ဟိုလစ်ကို အနိုင်ကစားပြီးနောက် ပျော်ရွှင်နေသော အော်စတာပန်ကိုက "ကျွန်မဘက်မှာ အမြဲတမ်း ဖြစ်နိုင်တယ်ဆိုတာမျိုးရှိဖို့ ပြင်းထန်အားပါတဲ့ ရိုက်ချက်တွေနဲ့ တုံ့ပြန်ခဲ့တာပါ။ ကျွန်မကို ဘယ်သူကမှ သင်ကြားပေးတာ မဟုတ်ဘဲ ကျွန်မနည်း ကျွန်မပုံစံနဲ့ ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ ကျွန်မရဲ့ စရိုက်လက္ခဏာကိုက ဒီအတိုင်းပါပဲ" ဟု ပွဲအပြီးတွင် ပြောကြားခဲ့သည်။

အော်စတာပန်ကိုမှာ ၁၉၃၃ ခုနှစ် နောက်ပိုင်း ဦးစားပေး သတ်မှတ်ချက်မရရှိသူတစ်ဦးအနေဖြင့် ပြင်သစ်အိုးပင်းတွင် ပထမဦးဆုံးဗိုလ်စွဲခဲ့သူအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။ သူသည် ဂရင်းစလင်းပြိုင်ပွဲ ရှစ်ကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရချိန်တွင် ဗိုလ်စွဲခဲ့သဖြင့် ပွဲအနည်းငယ် ကစားပြီး ၂၀၀၄ ခုနှစ်တွင် ဝင်ဘယ်လ်ဒန်အိုးပင်း ချန်ပီယံဖြစ်ခဲ့သူ မာရီယာရှာရာပိုဗာနောက် ဂရင်းစလင်း ချန်ပီယံဖြစ်ခဲ့သူဖြစ်သည်။


အော်စတာပန်ကိုမှာ အကမယ်ဘဝကို စွန့်လွှတ်၍ တင်းနစ်မယ်ဘဝကို ရွေးချယ်ခဲ့သူဖြစ်ပြီး မိခင်က နည်းပြ၊ ဖခင်က ကြံ့ခိုင်ရေးမှူးအဖြစ် တာဝန်ယူလေ့ကျင့်ပေးနေခြင်းဖြစ်သည်။သူသည် ပြီးခဲ့သည့် နှစ်အတွင်းက ဗြိတိန်တင်းနစ်မယ် နာအိုမီဘရော့ဒီနှင့် အော့ကလန်းတွင် ဖြစ်ပွားခဲ့သည့် ပြဿနာကြောင့် သတင်းထိပ်ပိုင်းများတွင် နာမည်မကျော်ဘဲ ဖော်ပြခံရသော တင်းနစ်မယ်လည်းဖြစ်သည်။

ဟိုလစ်သည် ယခုပြင်သစ်အိုးပင်းတွင် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ပါက ကမ္ဘာ့အဆင့်(၁) နေရာသို့ တက်လှမ်းနိုင်မည်ဖြစ်သော်လည်း ရှုံးပွဲနှင့်တိုးခဲ့ခြင်းကြောင့် နံပါတ်(၁)နေရာနှင့် လွဲချော်ခဲ့သလို သူ့အတွက် ပထမဆုံး ဂရင်းစလင်း ချန်ပီယံဆုရယူရန် အခွင့်အရေးမှ သွေဖည်သွားခဲ့ခြင်းဖြစ်သည်။ ဟိုလစ်မှာ ၂၀၁၄ ပြင်သစ်အိုးပင်းတွင်လည်း ဗိုလ်လုပွဲတစ်ကြိမ် တက်ရောက်နိုင်ခဲ့သေးသော်လည်း ယခုကဲ့သို့ပင် ရှုံးပွဲကြုံခဲ့ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

**(မေလှဲ့သင်း)**



# ဆန်းချက်ဇ်နှင့် မန်စီးတီးတို့ သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်သည်ဟု သတင်းများထွက်ပေါ်လာ



တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်မှာ အာဆင်နယ်ရဲ့ ပြိုင်ဘက် ပရီမီယာလိဂ်ကလပ်အသင်း မန်စီးတီးသို့ ပြောင်းရွှေ့ရန် သဘောတူညီချက်ရရှိခဲ့ပြီး နောက်ဆုံးအဆင့်လက်မှတ်ရေးထိုးရန်သာ ကျန်ရှိတော့ကြောင်း ဆန်းချက်ဇ်၏ ဇာတိမြေ ချီလီမှ လာသော သတင်းရင်းမြစ်များက အခိုင်အမာဖော်ပြသည်။ ဂွါဒီယိုလာမှာ ဆန်းချက်ဇ်လုပွဲတွင် အားလုံးကို နောက်ကောက်ချကာ သဘောတူညီချက်ရရှိခဲ့ပြီး ဆန်းချက်ဇ် အင်္ဂလန်ပြန်ရောက်ပါက လက်မှတ်ရေးထိုးတော့မည် ဖြစ်သည်ဟု ဖော်ပြကြသည်။ ဆန်းချက်ဇ်မှာ အာဆင်နယ် အသင်း၏ တစ်ပတ်လုပ်ခပေါင် ၂၇၅၀၀၀ တန်စာချုပ်သစ်ကို ငြင်းပယ်ခဲ့ပြီး မန်စီးတီးသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

အာဆင်နယ်သည် ယခုနွေဈေးကွက်အတွင်း ဆန်းချက်ဇ်ကို ထုတ်မရောင်းဖြစ်ပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပေးရမည့်အခြေအနေရှိနေသည်။ ဆန်းချက်ဇ်ကို ဘိုင်ယန်မြူးနစ်၊ ချယ်လ်ဆီးအသင်းတို့ကလည်း အလိုရှိနေသည်။ သို့သော် ချီလီနာမည်ကျော် သတင်းစာဆရာ ဆိုလာဘာရီတာက ဆန်းချက်ဇ်အနေဖြင့် မန်စီးတီးသို့ပြောင်းရွှေ့ရန် အသင့်ဖြစ်နေပြီဟု ဖော်ပြခဲ့ပြီးနောက်ပိုင်း ယခုကဲ့သို့ ကမ္ဘာတစ်ဝန်း မီဒီယာများကြားထဲတွင် ဆန်းချက်ဇ်နှင့် မန်စီးတီးဇာတ်လမ်းတို့တဖန် အစပျိုးလာခြင်းဖြစ်သည်။

နည်းပြဝင်းဂါးက အာဆင်နယ်နှင့် နှစ်နှစ်စာချုပ်သက်တမ်း တိုးမြှင့်ပြီးနောက်အသင်း၏ ကြယ်ပွင့်ကစားသမားများကို ဆက်ထိန်းရန် ကြိုးပမ်းမည်ဖြစ်သဖြင့် ဆန်းချက်ဇ်ကို မည်သည့်နည်းနှင့်မျှ ရောင်းချမည်မဟုတ်ပေ။ အထူးသဖြင့် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတစ်ခုသို့ ပို၍ပင် ရောင်းချရန် ဆန္ဒမရှိဘဲရှိသည့်အတွက် မန်စီးတီးသို့ ထွက်ခွာမသွားရေး နည်းလမ်းမျိုးစုံသုံး၍ ဆက်ထိန်းဖွယ်ရှိနေသည်။

**(မေလှဲ့သင်း)**

# ကော်စတာအား စာတိုပေးပို့ခဲ့ခြင်းအတွက် ချယ်လ်ဆီးအသင်းတာဝန်ရှိသူများကို ကွန်တီတောင်းပန်ရန် ရှိနေ

ချယ်လ်ဆီးနည်းပြကွန်တီက တိုက်စစ်မှူးကော်စတာအား အသင်းအနာဂတ် အစီအစဉ်တွင်မပါဝင်တော့ဟု စာတိုပေးပို့ကာအကြောင်းကြားခဲ့ခြင်းအတွက် ချယ်လ်ဆီးအသင်းတာဝန်ရှိသူများကို ပြန်လည်တောင်းပန်ရန်ရှိနေကြောင်း သိရသည်။

ကွန်တီက ကော်စတာအားပေးပို့ခဲ့သည့်စာတိုအပြည့်အစုံကို ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက မီဒီယာများကဖော်ပြခဲ့ကြရာတွင် "မင်္ဂလာပါ ဒီယေဂိုရေ။ မင်း အစစ အရာရာ အဆင်ပြေမယ်လို့ ကိုယ်မျှော်လင့်ပါတယ်။ တို့တွေ အတူတူကြိုးစားပြီး အောင်ပွဲခံခဲ့တဲ့အတွက် မင်းကို ကိုယ်ကျေးဇူးတင်ပါတယ်။ နောက်လာမယ့်ရာသီမှာလည်း မင်းအောင်မြင်မှုတွေ ရရှိပါစေ။ ဒါပေမယ့် ငါ့ရဲ့အစီအစဉ်ထဲမှာတော့ မင်းမပါတော့ဘူး"ဟု ပါရှိသည်။

ကွန်တီပေးပို့သော စာအကြောင်းကို ကော်စတာကဖွင့်ချပြီးနောက် ကော်စတာ၏ တန်ဖိုး(ပြောင်းရွှေ့ကြေးဈေးနှုန်း)ကျဆင်းခဲ့ရာ ယင်းကိစ္စရပ်အတွက် ကွန်တီက သူ့ကိုယ်သူ အပြစ်မကင်းဟု ခံစားနေရခြင်းဖြစ်သည်။ ကော်စတာ၏တန်ဖိုးမှာ ချယ်လ်ဆီးအသင်းလိုချင်သည့် ပမာဏထက် အဆမတန် နည်းပါးနေသဖြင့် ဘုတ်အဖွဲ့တာဝန်ရှိသူများကို ကွန်တီက တောင်းပန်မည်ဖြစ်ကြောင်း ကွန်တီနှင့် နီးစပ်သူများ၏ အဆိုအရ သိရသည်။

ကွန်တီက ကော်စတာနေရာ တိုက်စစ်မှူးဟောင်းလူကာကူနှင့် အစားထိုးရန် စီစဉ်နေပြီး ပေါင်သန်း ၁၀၀ အထိ အသုံးပြုသွားဖွယ်ရှိနေသည်။ ချယ်လ်ဆီးသည် လူကာကူအား အဲဗာတန် အသင်းသို့ အပြီးသတ်မရောင်းချမီကပင် ဝက်စ်ဘရွန်း၊ အဲဗာတန်အသင်းတို့တွင် အငှားချခဲ့ပြီး ပေါင် ၂၈ သန်းဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။

**(မေလှဲ့သင်း)**



## ဝိုင်းမော်မြို့တွင် ဝက်စာကျိုရာမှ နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံး

**မြစ်ကြီးနား ဇွန် ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့ ရပ်ကွက်(၁)တွင် ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီ ၃၅ ငါးမိနစ်တွင် နေအိမ်သုံးလုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝိုင်းမော်မြို့ ရပ်ကွက်(၁)ဗန်းမော်လမ်းမကြီးဘေးတွင် အိမ်ငှား နေထိုင်သူ ဦးအားပေါ်သည် နေအိမ်၌ ထင်းမီးဖိုဖြင့် ဝက်စာကျိုရာမှ အနီးရှိ ဝါးထရံအား မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။

ဝိုင်းမော်မြို့ မီးသတ်စခန်းမှ မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးဝင်းဗိုလ် ဦးစီးပြီး သန္ဓေ/အရန်တပ်ဖွဲ့ဝင် ၆၈ ဦး၊ မြစ်ကြီးနားမီးသတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးသန်းဦးစီးပြီး မီးသတ်တပ်ဖွဲ့ဝင် ၄၀၊ မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ဝိုင်းမော်မြို့စည်ပင်သာယာရေးယာဉ် နှစ်စီး၊ မြစ်ကြီးနား စည်ပင်သာယာရေးယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်း ငြိမ်းသတ်ရာ ညနေ ၃ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်ကြောင့် နှစ်ထပ်သွပ်မိုးအုတ်ကာ အဆောက် အအုံနှစ်လုံး၊ သွပ်မိုးအုတ်ကာ အဆောက်အအုံတစ်လုံး စုစုပေါင်း နေအိမ် သုံးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဝိုင်းမော်မြို့မရဲစခန်းက မီးပေါ့ဆစွာသုံးစွဲသူ ဦးအားပေါ်အား အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## ဘိုကလေးမြို့နယ် မိန်းမလှကျွန်း၌ မိကျောင်းကိုက်ခံရ၍ လူတစ်ဦးသေဆုံး

**ဘိုကလေး ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပျဉ်ဘိုးကြီးကျေးရွာအုပ်စု ကန့်မလာချောင်းကျေးရွာနေ ဦးငွေးဝင်း (၅၄)နှစ်သည် ဇွန် ၉ ရက် နံနက်က မိန်းမလှကျွန်းသို့ ကဏန်းထောင်၊ ထင်းခြောက် ခုတ်သွားရာ ညနေ ၄ နာရီခန့်တွင် မိန်းမလှကျွန်း ကြောင်ထောက်ဝဲချောင်းတွင် မိကျောင်းဆွဲ ခံရကြောင်း သိရသည်။

ယင်းဖြစ်စဉ်ဖြစ်ပြီးနောက် ဇွန် ၁၀ ရက် ညနေ ၃ နာရီတွင် အလောင်းပြန်လည်ရရှိပြီး ပြင်ပဒဏ်ရာအနေဖြင့် ပေါင်နှစ်ဖက်စလုံးတွင် မိကျောင်းကိုက်ဒဏ်ရာတွေ့ရှိရသည်။ သဘာဝ ပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောမှ တာဝန်ရှိသူများက မတ်လမှစတင်၍ မိန်းမလှကျွန်းအနီးဝန်းကျင်ရှိ ကျေးရွာပေါင်း လေးဆယ်ကျော်ကို မိကျောင်းအန္တရာယ်သတိပြု လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသံ ချဲ့စက်ဖြင့် သတိပေးကြေညာခြင်း၊ ရွာစဉ်လှည့်၍ ဟောပြောပွဲပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ဧပြီ၊ မေ၊ ဇွန်လများသည် မိကျောင်းများ၏ သဘာဝမိတ်လိုက်ချိန်ရာသီဖြစ်သည်။ မိကျောင်းများသည် မိတ်လိုက်ချိန်များတွင် သာမန်ရာသီအချိန်များထက် ပိုမိုမြူးထူးလေ့ရှိပြီး မိကျောင်းအထီးများသည် မိတ်လိုက်ရန်မိကျောင်းအမများရှိရာ မြစ်၊ ချောင်းများအတွင်းသို့ လှည့်လည်သွားလာရှာဖွေနေချိန်ဖြစ်သည်။ မိကျောင်းများသည် ၎င်းတို့၏အစာအာဟာရအတွက် လူတို့မွေးမြူထားသောအိမ်မွေးတိရစ္ဆာန် ဝက်၊ ဘဲ၊ ခွေးများကို အလွယ်တကူဖမ်းယူစားသောက်ရန် ချောင်းမြောင်းနေစဉ် လူနှင့်ထိပ်တိုက်တွေ့၍ပဋိပက္ခဖြစ်စဉ်များလည်း နှစ်စဉ်ဆိုသလို ဖြစ်ပွား လေ့ရှိသဖြင့် မိကျောင်းအန္တရာယ် အထူးသတိထားနေထိုင်ရမည့်အချိန်ကာလဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ဘိုကလေးမြို့နယ် ဆင်အိုင်စလောင်းကျကျေးရွာတွင်နေထိုင်သော မခိုင်ခိုင်ဦး ဘဲစာကျွေးပြီးပြန်အတက်တွင် မိကျောင်းအမည်းကြီး၏ ဆွဲယူခြင်းကိုခံခဲ့ရသည်။ ဒုတိယအကြိမ်တွင်လည်း ဆတ်ကျွန်းကျေးရွာအုပ်စု မြင်းကအုပ်ကျေးရွာမှ ကိုမျိုးထွန်းသည် ငါးပိချောင်းရေကျော်ချောင်းအတွင်း ဘဲကျွေးရန် ခရုဆင်းငုတ်စဉ် မိကျောင်းအဝါကျားကြီး၏ ကိုက်ချီခြင်း ခံခဲ့ရသည်။ တတိယအကြိမ်အဖြစ် ကဒုံကနိကျေးရွာအုပ်စုမှ လူတစ်ဦး လှေထဲ ရေပြည့်၍ ရေဆင်းပက်စဉ် မိကျောင်းက ခြေသလုံးနှင့်ပေါင်ကို ကိုက်နေစဉ် အနီးအနားရှိ လူများက ခြောက်လှန့်သဖြင့် လူပါသွားခြင်းမရှိဘဲ အသက်ရှင်ခွင့်ရသွားခဲ့သည်။

သို့ဖြစ်၍ မိကျောင်းအန္တရာယ်သတိပြုနေထိုင်ကြရန်နှင့် သက်ဆိုင်ရာက အသိပေးခြင်းများ လိုက်နာမှုအားနည်းနေသည်ကို တွေ့ရှိနေရကြောင်း မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့ တောမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(ဘိုကလေးငွေးနိုင်)**

## ဘူးသီးတောင်မြို့နယ်၌ ရွာသားတစ်ဦး ပျောက်ဆုံး

**ဘူးသီးတောင် ဇွန် ၁၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်မှ စာကိုင်းကျေးရွာသား တစ်ဦးကို ဇွန် ၂ ရက် ညပိုင်းတွင် အမည်မသိလူတစ်စုက ဖမ်းဆီးခေါ်ဆောင်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်း မရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် စာကိုင်းကျေးရွာနေ ဦးလှစိန် (ခ)အေမာရန်ကို ဇွန် ၂ ရက် ည ၁၀ နာရီခွဲခန့်တွင် အမည်မသိလူတစ်စုက ဖမ်းဆီးခေါ်ဆောင်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် လိုက်လံစုံစမ်းရှာဖွေ ခဲ့ရာ တစ်ရွာတည်းနေ အဒူရှက္ကူ၊ အီးနူစ်နှင့် ဆာဟတ်တူ ဆောင်း အပါအဝင် အဖွဲ့တစ်ဖွဲ့က ခေါ်ဆောင်သွားခြင်းဖြစ် ကြောင်းသိရသဖြင့် ဆက်လက်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြေပုံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၁၁**

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကမ်းထောင်ကြီးမြို့ တောင်ရပ်ကွက်၌ ဇွန် ၁၀ ရက် နံနက်ပိုင်းက မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြေပုံမြို့နယ် ကမ်းထောင်ကြီးမြို့ တောင်ရပ်ကွက်ရှိ ကဏန်းဒိုင်မှ အလုပ်သမားတစ်ဦးက ဇွန် ၁၀ ရက် နံနက် ၃ နာရီခန့်တွင် မီးစက်နိုးထားစဉ် ဝိုင်ယာရှော့ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ကဏန်းဒိုင်အဆောက်အအုံနှစ်လုံး၊ စုပုံထားသည့် သစ်များ အပါအဝင် စုစုပေါင်း တန်ဖိုး ငွေကျပ် ၄၁၅၁၀၀၀ မီးလောင် ဆုံးရှုံးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

**အမည်မှန်**

ဘားအံမြို့ အထက(၂) ဒသမ တန်းမှ နော်တယ်ဖော [၃/ မဝတ(နိုင်)၀၅၂၇၉၀] ၏ ဖခင် အမည်မှန်မှာ ဦးစောကော့ကေဖော ဖြစ်ပါကြောင်း။




**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်**

**၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၄**

ကိုကျော်ကျော် နှင့် ဒေါ်စန္ဒာကျော်
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၆-လမ်း၊ အမှတ်-၂၅၈၊ (၆)လွှာနေ ဒေါ်စန္ဒာကျော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "၄-၄-၂၀၁၆ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် ကတိပဋိညာဉ်စာချုပ်အရ တိုက်ခန်းလက်ရောက်ရလိုမှု (သို့မဟုတ်)ပေးချေပြီး တိုက်ခန်းဖိုးငွေ ပြန်လည်ရလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ ဇွန်လ ၃၀ရက်(၁၃၇၉ခုနှစ်၊ ဝါဆိုလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုချိုမာ)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**H.W ဆောက်လုပ်ရေး ကန်ထရိုက်တာ ဦးလှဝင်း(DBN-၀၀၃၉၆၉)နှင့် အများသိစေရန် ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှညွန့်[၁၂/ဒပန(နိုင်)၀၁၆၅၈၂]၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၉၊ လူနေရပ်ကွက်(အောင်ချမ်းသာ)၊ မြေကွက်အမှတ်-၅၆၃၊ အကျယ်အဝန်း ပေ(၂၅×၅၀)၊ နှစ်(၆၀)မြေငှားဂရန် မြေကွက်ပေါ်ရှိ အမှတ်-၇၊ အောင်ရတနာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ်ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် "ကန်ထရိုက် စနစ်ဖြင့် (၅)ထပ် RCတိုက်ဆောက်ရန် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့၏ နှစ်ဦး သဘောတူလုပ်ငန်းအပ်နှံခြင်း၊ လုပ်ငန်းလက်ခံခြင်းကတိစာချုပ်"ကို ၇-၁၂-၂၀၁၃ရက်၌ ချုပ်ဆိုခဲ့ကြပါသည်။

သို့သော် ကန်ထရိုက်တာ ဦးလှဝင်းသည် ၇-၁၂-၂၀၁၃ရက်စွဲပါ ကန်ထရိုက်စာချုပ် ၏ ပဋိညာဉ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဖောက်ဖျက်/ ပျက်ကွက်နေသည့်အပြင် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း ဆက်လက် ဆောက်လုပ်ခြင်းလည်းမရှိ၊ ဆက်သွယ်၍လည်းမရ ဖြစ်နေပါသည်။

ထိုသို့ ကန်ထရိုက်တာမှ ကန်ထရိုက်စာချုပ်ပါ ပဋိညာဉ်စည်းကမ်းချက်များ ပျက်ကွက်နေသည့်အတွက် အဆိုပါ ကန်ထရိုက်စာချုပ်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်၍ ကန်ထရိုက်ထံမှ ဝယ်ယူထားသည့် တိုက်ခန်းပိုင်ရှင်များအနေဖြင့် ကန်ထရိုက်တာ နှင့်သာ ဖြေရှင်းကြရန် မြေရှင်မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ကျွန်ုပ် မိတ်ဆွေမှ လွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာကိုလည်း ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ကန်ထရိုက်တာဦးလှဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးမြင့်လွင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၄၂၀)**
**အမှတ်(၁၁၁)၊ သိင်္ဂီလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၉၁၆၁၅**

**အမည်ပြောင်း**

တိုက်ကြီးမြို့နယ်၊ အထက(ခွဲ)၊ လိမ္မော်ခြံကျေးရွာ၊ နဝမတန်းတွင် ပညာသင်ကြား နေသော အဖ ဦးမျိုးခိုင်[၇/ပတန(နိုင်)၀၄၄၇၀၀]၏သမီး မမြတ်မွန်သက်အား မမြတ်သော်တာစံဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

တပ်ကုန်းမြို့၊ အထက(၂)ဒသမတန်း (A)တွင် ပညာသင်ကြားနေသော မဖြူဖြူ လှိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သင်း[၉/တကန(နိုင်)၁၀၄၃၅၆]ဖြစ်ပါ ကြောင်း။ **ဦးခင်မောင်သင်း**
**[၉/တကန(နိုင်)၁၀၄၃၅၆]**

**အများသိစေရန်ကြေညာချက်**

၁။ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၂/က)တွင် (၃)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဦးဝင်းခင်၊ လိုင်စင်ရ ကန်ထရိုက်တာ ဦးသန်းညို (LC-382)၊ လိုင်စင်ရ အင်ဂျင်နီယာ ဒေါ်မွှင့်ခုမြင့်အောင် (LS-721)တို့ဖြင့် ဤဌာနမှ (၁၈-၁၁-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၁၄၈၅/၁၄၈၄/ စည်ပင်-ယာ(အုံ)ဖြင့် (၃)ထပ်တိုက် ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ (၃)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား လိုင်စင်ရ ကန်ထရိုက်တာ ဦးသန်းညို (LC-382)အစား လိုင်စင်ရ ကန်ထရိုက်တာ ဦးလှညို (LC-843)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရ ကန်ထရိုက်တာ (၂)ဦးတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ(၁)လမ်း၊ တိုက်အမှတ်(၅၄၅)၊ (၅)လွှာ၊ ခေါင်းရင်းဘက်ခန်း၊ (အလျား ၁၂ ၁/၂ပေ×အနံ၅၄ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးဇော်လတ်[၁၃/တကန(နိုင်)၀၀၂၂၅၃](ဟိန်းတော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီလီ မိတက်)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုဝင်း[၇/ဇကန(နိုင်)၀၃၃၇၉၂]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ပြုလုပ်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနေဝင်း LL.B,D.B.L,DLP WIPO(Switzerland)** | **ဒေါ်အေးကလျာဦး LL.B,D.B.L,DL.101 WIPO(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၉၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၈၃)** |
| **ဒေါ်မျိုးဝဏ္ဏစမ်း(LL.B)** | **ဒေါ်ခင်မိုးသွယ်(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၁၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၄၄၂၇)** |

**BEST GUIDE LAW FIRM**
**အမှတ်(၁၈၅)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၇၉၈၃၊ ၀၉-၃၂၃၂၂၁၈၇**

**ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## မန္တလေးရပ်ဝန်းသတင်းများ

### တံတားဦးမြို့နယ် အင်းဝဒေသ နန်းဦးစေတီအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်

**တံတားဦး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝဒေသ နန်းဦးစေတီအနီးတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၅)မန္တလေးတိုင်းဒေသကြီးမှဦးဆောင်ကာ Friends River & Civil Engineering Co,.Ltd. မှတာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။ ကမ်းပြိုကာကွယ်ရေးလုပ်ဆောင်သည့်အတွက် ရှေးဟောင်းနန်းဦးစေတီနှင့်အတူ ဒုဋ္ဌဝတီကမ်းနံဘေးမှ ဘုရားစေတီများ ပြိုကျမှုကိုပါ ကာကွယ်ပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိကာလတွင် ဒုဋ္ဌဝတီမြစ်ကမ်းနံဘေး ရှေးဟောင်းနန်းဦးစေတီအနီးတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်သည့်အတွက် နန်းဦးစေတီအပါအဝင် ရှေးဟောင်းစေတီ ၁၀ ဆူကျော်ကို ထိန်းသိမ်းကာကွယ်ပြီးဖြစ်ကြောင်း သိရသည်။

**တိမ်တမန်**



# ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တု မန္တလေးမြို့တွင်းလှည့်လည် မန္တလာတံခွန်ပန်းခြံတွင်ထားရှိမည်

**ပြည်ကြီးတံခွန် ဇွန် ၁၁**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလာတံခွန်ပန်းခြံတွင်ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တုကို ၂၀၁၅ ခုနှစ် ဗိုလ်ချုပ်နှစ် ၁၀၀ ပြည့်မှစတင်ကာ ပြည်သူများလှူဒါန်းငွေဖြင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ရင်ပြင်ဖြစ်မြောက်ရေးကော်မတီမှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး မန္တလေးပန်းချီပန်းပုကျောင်းမှ ကျောင်းအုပ်ကြီးက ဒီဇိုင်းရေးဆွဲပေးကာ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် ကြေးသွန်းပညာရှင် ဦးဝင်းမောင်အလုပ်ရုံတွင် ဇန်နဝါရီ ၁ ရက်မှ စတင်သွန်းလောင်းခဲ့ရာ ဇွန် ၈ ရက်တွင် ပြီးစီးခဲ့သည်။ ဗိုလ်ချုပ်ကြေးရုပ်တုသည် အလျား ၉ ပေ၊ အနံ ၇ ပေခွဲ၊ အမြင့် ၁၃ ပေရှိကာ ကြေးပိဿာ ၁၈၀၀ ဖြင့် သွန်းလောင်းထားသည်။

မန္တလေးမြို့ပြည်သူများ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် မြင်တွေ့ဂါရဝပြုနိုင်ရန် ဇွန် ၁၀ ရက်နေ့ ညနေ ၄ နာရီက ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်မှ မန္တလေး-စစ်ကိုင်းလမ်းအတိုင်း၊ ၎င်းမှ ဘုရားကြီး ၄၅ တာတက်ပြီး ၈၁ လမ်း အတိုင်း ၃၈ လမ်းအထိ၊ ၃၈ လမ်းမှ ၇၈ လမ်း၊ ၇၈ လမ်းမှ ၃၅ လမ်း၊ ၎င်း ၃၅ လမ်းမှ ၇၃ လမ်းအထိ၊ ၎င်းမှ ၆၆ လမ်းအတိုင်း ၂၆ လမ်းအထိ၊ ၂၆ လမ်းမှ လမ်း ၈၀ အထိ၊ ၎င်းမှ ၃၈ လမ်းအတိုင်း မဟာအောင်မြေအားကစားကွင်းအနီး ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် ညအိပ်ရပ်နားသည်။

ဇွန် ၁၁ ရက်တွင် ၇၈ လမ်းမှ သိပ္ပံလမ်းအထိ၊ ၎င်းမှ ၆၂ လမ်းအတိုင်း ပြည်ကြီးတံခွန်မြို့နယ် မန္တလာတံခွန်ပန်းခြံသို့ သယ်ဆောင်မည်ဖြစ်သည်။ ဗိုလ်ချုပ်ကြေးရုပ်သယ်ဆောင်ရာတွင် မြို့မတေးဂီတအဖွဲ့မှလည်း လိုက်ပါကာ ဂုဏ်ပြုတေးများဖြင့် ဖျော်ဖြေပေးသည်။ ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲကို ဇွန် ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဇွန် ၁၉ ရက်အထိ မန္တလာတံခွန်ပန်းခြံတွင် မြို့မတေးဂီတအဖွဲ့ဖျော်ဖြေပွဲ၊ စာပေဟောပြောပွဲ၊ အားကစားပြိုင်ပွဲ၊ စတုဒိသာကျွေးမွေးခြင်း၊ ဆွမ်းလောင်းလှူခြင်း၊ စာအုပ်ဈေးပွဲတော်များလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ မောင်မယ်သစ်လွင်ကြိုဆို မြန်မာနိုင်ငံအနှံ့မှ လူရည်ချွန်များ ပြန်လည်တွေ့ဆုံပွဲကျင်းပ

**မန္တလေး ဇွန် ၁၁**

မျိုးဆက်သစ်လူရည်ချွန်များအဖွဲ့(ဗဟို)မှ ကြီးမှူးကျင်းပသော မြန်မာနိုင်ငံဒေသအနှံ့မှ မျိုးဆက်သစ်လူရည်ချွန်များပါဝင်သော ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပြန်လည်တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၈ နာရီက မန္တလေးနည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အထက်မြန်မာနိုင်ငံ လူရည်ချွန်များအသင်းနာယက ဒေါက်တာယုယုမေနှင့် အထက်မြန်မာနိုင်ငံ လူရည်ချွန်ကြီးများ၊ မျိုးဆက်သစ်လူရည်ချွန်များ၊ မန္တလေးနည်းပညာတက္ကသိုလ်ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက ဘက်စုံထူးချွန်ကျောင်းသားများမွေးထုတ်ရာ လူရည်ချွန်များရွေးချယ်မှုနှင့် ဖြတ်သန်းခဲ့ရသည့် လူရည်ချွန်အတွေ့အကြုံများကို ပြန်ပြောင်းပြောကြားသည်။ ထို့နောက် နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အထက်မြန်မာနိုင်ငံ လူရည်ချွန်ကြီးများကိုယ်စားမန္တလေးတက္ကသိုလ် မြန်မာစာဌာနပါမောက္ခ(ငြိမ်း)ဒေါက်တာမောင်မောင်လေးက လူရည်ချွန်ဘဝအတွေ့အကြုံများကို ပြောကြားသည်။ ထို့နောက် မျိုးဆက်သစ် လူရည်ချွန်များက မိတ်ဆက်စကားပြောကြားပြီး လူရည်ချွန်တေးသီချင်းများဖြင့် ဖျော်ဖြေသည်။ ထို့နောက် အထက်မြန်မာနိုင်ငံ လူရည်ချွန်ကြီးများအား မျိုးဆက်သစ်လူရည်ချွန်များက အမှတ်တရလက်ဆောင်များ ပေးအပ်ကြပြီး ကိုသန့်ဇင်အောင်က ကျေးဇူးတင်စကားပြောကြားကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**



### မိတ္ထီလာကန်ကြီးသန့်ရှင်းရေးအမှိုက်များလိုက်လံသိမ်းဆည်း

**မိတ္ထီလာ ဇွန် ၁၁**

လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု ပထမ (အဆင့်) မေတ္တာရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ အခမဲ့ပညာသင်ကြားပေးလျက်ရှိသည့် တိုင်းရင်းသူ၊ တိုင်းရင်းသား ကလေးငယ်များက မိတ္ထီလာမြို့နှင့် မိတ္ထီလာကန် သာယာလှပသန့်ရှင်းရေးအတွက် အပတ်စဉ် စနေနေ့တိုင်း အမှိုက်များ ကောက်ယူသိမ်းဆည်းလျက်ရှိရာ ဇွန် ၁၀ ရက် နံနက် ၇ နာရီက မိတ္ထီလာကန်ကြီးကို အမှိုက်များကောက်ယူသိမ်းဆည်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့ ပြည်သာယာတောင်(၁)လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု ပထမ (အဆင့်) မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ တိုင်းရင်းသူ၊ တိုင်းရင်းသားကလေးငယ်များကို အခမဲ့ပညာသင်ကြားပေးလျက်ရှိပြီး ကလေးငယ်များ၏ စားဝတ်နေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါဂေဟာသို့ မြောင်စီ၊ လားဟူ၊ နာဂ၊ ကရင်၊ 'ဝ'နှင့် ကချင်တိုင်းရင်းသားများ လာရောက်ပညာသင်ယူလျက်ရှိသည်။

၎င်းပညာ သင်ယူလျက်ရှိသော တိုင်းရင်းသားလူငယ်ကျောင်းသား၊ ကျောင်းသူ ၇၆ ဦးတို့က မိမိတို့ပညာသင်ကြားပေးလျက်ရှိသော မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကြီးတည်ရှိရာ မိတ္ထီလာမြို့ကို ကျေးဇူးဆပ်သောအနေဖြင့် ကျောင်းပိတ်ရက်ဖြစ်သည့် စနေနေ့တွင် အနားမယူကြဘဲ မိတ္ထီလာမြို့နှင့် မိတ္ထီလာကန်ကြီး သာယာလှပသန့်ရှင်းရေးအတွက် အမှိုက်များလိုက်လံကောက်ယူသိမ်းဆည်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းသားလူငယ်များမှ မိတ္ထီလာမြို့နှင့် မိတ္ထီလာကန် သန့်ရှင်းသာယာလှပစေရေးအတွက် အမှိုက်များ လိုက်လံကောက်ယူသိမ်းဆည်းခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာမှစတင်၍ အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းဂေဟာမှူး ဦးမျိုးဆွေက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

### လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးသစ်ပင်သစ်ကိုင်းများ ရှင်းလင်း

**ကျောက်ပန်းတောင်း ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်နေပြည်သူများ မိုးရာသီကာလ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် ဓာတ်အားလိုင်းနှင့်လွတ်ကင်းမှုမရှိသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက သီရိမင်္ဂလာရပ်ကွက် ဂန္ဓာမာလမ်းတွင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မိုးရာသီကာလရောက်ရှိလာပြီဖြစ်သဖြင့် ပြည်သူများ လျှပ်စစ်နှင့်ပတ်သက်သည့် ဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် သစ်ပင်သစ်ကိုင်းများကြောင့် လျှပ်စစ်ရှော့စ်ဖြစ်ပြတ်တောက်ခြင်း၊ ဓာတ်အားလျော့နည်းခြင်းများ မဖြစ်ပေါ်စေရန်အတွက် သီရိမင်္ဂလာရပ်ကွက် ဂန္ဓာမာလမ်းရှိ 400V အိမ်သုံးလျှပ်စစ်ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်သစ်ကိုင်းများကို ကျောက်ပန်းတောင်းမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးခင်မောင်ချိုဦးဆောင်၍ ဝန်ထမ်းများက ခုတ်ထွင်ရှင်းလင်းဖယ်ရှားခဲ့ကြပြီး အဆိုပါရှင်းလင်းမှုလုပ်ငန်းများကို ဂန္ဓာမာလမ်းမှ မြို့ပတ်လမ်းအထိ လျှပ်စစ်ဓာတ်အားတိုင် ၃၅ တိုင်အတွင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

### ကျောက်ပန်းတောင်းမြို့ ပန်းသီတာဥယျာဉ်အား အမြင်တင့်တယ်စေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျောက်ပန်းတောင်း ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ စည်ပင်သာယာ ပန်းသီတာဥယျာဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပရဟိတလူငယ်များ၊ မြို့နယ်စည်ပင်သာယာနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ပန်းခြံစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇွန် ၁၀ ရက် နံနက် ၇ နာရီခွဲမှ စတင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်မှူး ယာယီရဲမှူးအောင်ဝင်းနိုင်နှင့် အရာရှိ၊ အရာခံ၊ တပ်ဖွဲ့ဝင် ၄၀၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်နှင့် ကော်မတီဝင်များ၊ ဝန်ထမ်းများ အင်အား ၁၅ ဦး၊ မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ကျောက်ပန်းတောင်းဟစ်တိုင်လူငယ်အဖွဲ့နှင့် Paradiso ရုပ်ရှင်ရုံ ဝန်ထမ်းများ အင်အား ၁၅ ဦး စုစုပေါင်းအင်အား ၈၀ ဖြင့် ပန်းသီတာဥယျာဉ်အတွင်းမှ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမြင်မတင့်တယ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်လှဲဖယ်ရှားခြင်းနှင့် ထွက်ရှိအမှိုက်များအား စည်ပင်သာယာအဖွဲ့ပိုင်မော်တော်ယာဉ်ဖြင့် မြို့ပြင်သို့ စွန့်ပစ်ခြင်းများကို နံနက် ၉ နာရီခွဲအထိ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မြို့ရှေ့ပန်းသီတာဥယျာဉ် အစဉ်လှပ၍ အမြင်တင့်တယ်သည့် မြို့ကျက်သရေဆောင်ဖြစ်စေရေးအတွက် ကျောက်ပန်းတောင်းဟစ်တိုင်လူငယ်များအဖွဲ့မှ ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များနှင့် အလွတ်ပညာသင်ကျောင်းများမှ ကျောင်းသားကျောင်းသူများဖြင့် စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ်ဆောင်ရွက်သွားနိုင်ရေး စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြို့မိမြို့ဖများတွေ့ဆုံ မုံရွာမြို့ သာယာလှပရေးဆွေးနွေး

**မုံရွာ ဇွန် ၁၁**
မုံရွာမြို့သာယာလှပရေးနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် မုံရွာမြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဇွန် ၁၀ ရက်က ၆ နာရီကျော်ကြာ တွေ့ဆုံညှိနှိုင်းကာ ပြုလုပ်အကောင်အထည်ဖော်မည့် ကိစ္စရပ်များကို အတည်ပြု ဆုံးဖြတ်ခဲ့သည်။

"မုံရွာမြို့သာယာလှပရေးလုပ်တယ်ဆိုတာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရုံးစိုက်တဲ့မြို့ဖြစ်သလိုခရီးသွားတွေဝင်ထွက်သွားလာရာမြို့ဖြစ်တဲ့အတွက် အမြင်မတင့်တယ်တာတွေ အမြင်တင့်တယ်စေဖို့ မြို့မိမြို့ဖတွေပေးတဲ့ အကြံဉာဏ်ကိုရယူပြီး ဆောင်ရွက်စရာရှိတာကို အမြန်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ချင်တဲ့အတွက် အခုလို တွေ့ဆုံဆွေးနွေးပွဲကိုလုပ်ရတာပါ။ မုံရွာမြို့ အခုထက်သာယာလှပဖွံ့ဖြိုးလာမှသာကျန်တဲ့ မြို့တွေလည်းဆက်ပြီး သာယာလှပအောင်လုပ်လာကြမှာဖြစ်ပါတယ်။ မုံရွာပြီးရင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘို၊ ကသာစတာတွေကို ဆက်ပြီး လှပဖွံ့ဖြိုးအောင်ဆက်လုပ်သွားမှာပါ"ဟု ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်ကပြောကြားသည်။

မုံရွာမြို့၏ အဓိကနေရာတွင် ကျွန်းလေးကျွန်းဖြင့်တည်ရှိကာ ဘုရားကျွန်းပေါ်တွင် ရွှေတိဂုံပုံတူစေတီတည်နေသော ကန်သာယာရေကန်သာယာလှပရေးအတွက် အဆင့်မြှင့်မွမ်းမံခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရဦးဆောင်၍ ဆောင်ရွက်သွားမည်ဖြစ်သလို လက်ရှိမုံရွာမြို့နာရီစင်မှ ဗိုလ်ချုပ်ကြေးရုပ်အထိ ဖွင့်လှစ်နေသော ညဈေးတန်းကို မြစန္ဒာခန်းမအနီးမှ ရုံးကြီးလမ်းအတိုင်းစာတိုက်ကွေ့အထိ နေရာသို့ ပြောင်းရွှေ့မည့်ကိစ္စကိုလည်း အများစုကသဘောတူသဖြင့် ရက်ပိုင်းအတွင်း ဖွင့်လှစ်ကာ ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်း သိရ သည်။

မုံရွာမြို့၏သွားလာမှု အများဆုံးဖြစ်သည့် ကျောက်ကာလမ်းမကြီးပေါ်ရှိ စိမ်းစိုရုံးဧရိယာကိုမုံရွာမြို့၏ ကျက်သရေဆောင်ပြည်သူ့ဥယျာဉ်အဖြစ် တည်ဆောက်နိုင်ရေးအတွက် ဦးစီးကော်မတီတစ်ရပ်ကိုဖွဲ့စည်းနိုင်ခဲ့သလို လက်ရှိမုံရွာမြို့၏ အကြီးမားဆုံးပြဿနာဖြစ်သည့်အမှိုက်သိမ်းစနစ်ကောင်းမွန်ရေးနှင့် အမှိုက်ပစ်စနစ်ကောင်းမွန်ရေးကို ဆွေးနွေးရာ အများကအမှိုက်ပစ်စရာနေရာခက်ခဲနေသည့်အတွက် မြေကျင်းတူးကာ အမှိုက်ထည့်ပြီးမြေဖြင့်ပြန်ဖုံးသည့်စနစ်ကို အသုံးပြုရန်အားလုံးသဘောတူညီချက်ဖြင့်ဆုံးဖြတ်ကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**





# ကလေးခရိုင် မင်းကင်းမြို့၌ ၂၄ နာရီလျှပ်စစ်မီးလင်းတော့မည်

**မုံရွာ ဇွန် ၁၁**
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းမန်နေဂျာရုံး (၃) မန္တလေးမှ ကနီမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်အရှေ့ဘက်ခြမ်း ဝက်ချောင်းကလေးကျေးရွာနှင့် အနောက် ဘက်ခြမ်းရှိ ချိုင်ကျေးရွာတို့ကို (၆၆)ကေဗွီ ဓာတ်အားလိုင်းမြစ်ဖြတ်ကျော် တာဝါတိုင်နှင့် ရေး-ဘုတလင်-ကနီ-မင်းကင်း လိုင်းကြိုးဆွဲခြင်း၊ ကွန်ကရစ်တိုင်ထောင်ခြင်း လုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ရေဘုတလင်-ကနီ-မင်းကင်း ဓာတ်အားလိုင်းကြိုးဆွဲခြင်း စီမံကိန်းလုပ်ငန်းများကို လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းမန်နေဂျာရုံး (၃) မန္တလေးမှ တာဝန်ယူ၍ ၂၀၁၄ ခုနှစ်မှ စတင်လုပ်ဆောင်ပြီး လုပ်ငန်းများအားလုံး ၈၃ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ မင်းကင်းမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများ မကြာမီ လျှပ်စစ်ဓာတ်အားကို ပြည့်ပြည့်ဝဝ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့က ညပိုင်းမှာ မီးစက်နဲ့ အချိန်ပိုင်းလျှပ်စစ်မီးအသုံးပြုနေရတယ်။ အခုလျှပ်စစ်မီးလင်းရင်တော့ မြို့ပေါ်ရပ်ကွက်တွေအပြင် အနီးအနားကျေးရွာတွေက ပြည်သူတွေလည်း လျှပ်စစ်မီးအသုံးပြုနိုင်မယ့် အခွင့်အလမ်း တွေရလာမှာပါ။ လိုင်းကြိုးအရှည်က ၆၆ ဒသမ ၇၉ မိုင် ရှိပါတယ်။ မင်းကင်းမြို့မှာလဲ (၆၆/၁၁)ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံလည်း တည်ဆောက်ပြီးစီးနေပါပြီ။ လုပ်ငန်းပြီးစီးမှုအနေနဲ့ ၈၃ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ လုပ်ငန်းကုန်ကျမှုအနေနဲ့ကတော့ ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၁၃၃၅ ဒသမ ၂၃၇ နဲ့ လုပ်ဆောင်ပေးတာပါ။ ရာသီဥတုကောင်းမွန်တယ်ဆိုရင် စီမံကိန်းလုပ်ငန်းအားလုံးကို ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း အပြီးဆောင်ရွက်ပေးသွားမှာပါ" ဟု ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) နေပြည်တော်မှ စီမံကိန်း ညွှန်ကြားရေးမှူး ဦးမင်းနိုင်က ပြောသည်။

၎င်းဓာတ်အားလိုင်းသည် ရေး-ဘုတလင်-ကနီ-မင်းကင်းတို့ကို ဆက်သွယ်ပေးထားသည့် ဓာတ်အားလိုင်းဖြစ်ပြီး မင်းကင်းမြို့ မီးလင်းရေးအတွက် အဓိကလုပ်ဆောင်ပေးခြင်းဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက မြို့ပေါ်ရပ်ကွက်များအပြင် မင်းကင်းမြို့နယ်အနီးရှိကျေးရွာများ လျှပ်စစ်မီးသုံးစွဲနိုင်ရန် အခွင့်အလမ်းများရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**



# မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ရေး အုတ်စီရေမြောင်းတည်ဆောက်မှု (၉၀)ရာနှုန်းပြီးစီး

**မြစ်ကြီးနား ဇွန် ၁၁**
ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အုတ်စီရေမြောင်း တည်ဆောက်မှုလုပ်ငန်းမှာ ၉၀ ရာနှုန်း ပြီးစီးနေပြီဖြစ်သည်။ အုတ်စီရေမြောင်းတာရှည်ကြံ့ခိုင်မှုရှိစေရန်အတွက် (Bean) ချပ်တန်းများ ပေ ၂၀ ခြား တည့်သွင်းကာ (Column) ချပ်တိုင်များပါဝင်ပြီး မြောင်းဖုံးများအား ကွန်ကရစ်လောင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း လမ်းဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးရဲအောင်ထံမှ သိရသည်။

မြစ်ကြီးနားမြို့ပေါ်တွင် မိုးရာသီ၌ ရေဝပ်/ရေလျှံမှုများ ဖြစ်ပေါ်ကာ နေအိမ်များအတွင်း ရေများဝင်ရောက်ခြင်း မကြာခဏ ကြုံတွေ့ရခြင်းကြောင့် ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် အုတ်စီရေမြောင်းအပြင် အောင်နန်းရိပ်သာရပ်ကွက်များတွင်လည်း အခိုင်အမာ ကွန်ကရစ်ရေထုတ်မြောင်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ဦးလေးကြီး**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျောင်းသာယာလှပရေးစုပေါင်းဆောင်ရွက်

**တာချီလိတ် ဇွန် ၁၁**
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျောင်းသာယာလှပရေးအတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်စိတ်(၁)တာချီလိတ်ရဲအုပ်လှဘုန်း ဦးစီးတပ်ဖွဲ့ဝင်များ၊ ရွှေတာချီဆိုင်ကယ် အစည်းအရုံးမှ ဦးကျော်မြင့်ဦးစီးသော ဆိုင်ကယ်တက္ကစီသမားများ၊ ဟောင်လိတ်အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးနှင့် ဆရာ ဆရာမများက တာချီလိတ်မြို့ ဟောင်လိတ်အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ချုံနွယ်သစ်ပင်များ၊ ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်နှင့်အခြားအမှိုက်များကို ဇွန် ၁၀ ရက် နံနက် ၈ နာရီက ကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၁၁၁)**

# ကချင်ပြည်နယ် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် နယ်လှည့်ကွင်းဆင်းအသိပညာပေး

**ဗန်းမော် ဇွန် ၁၁**
ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ရွှေကူမြို့နယ် သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ ရွှေကူမြို့နယ် ရွှေကူလေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၁၀ ရက် နံနက် ၉ နာရီက ပြည်သူလူထုနှင့်တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် နယ်လှည့်ကွင်းဆင်းအသိပညာပေးဟောပြောသည်။

အခမ်းအနားတွင် မြို့နယ်သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းချစ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းသိန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဆွေးနွေးဟောပြော၍ သိရှိလိုသည်များကို မေးမြန်းကြရာ ဗန်းမော်ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဌေးက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်သင်တန်းသားများက သဘာဝဘေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြပြီး လေဘေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူများသို့ပန်ကြားချက် မြေစိုက်ပိုစတာများကို ကျေးရွာအတွင်း လူစည်ကားရာနေရာများတွင် စိုက်ထူပေးခဲ့ကြသည်။



အလားတူ မြို့နယ်အတွင်းရှိ တောပုန်းကျေးရွာနှင့် ငါးဘတ်ကြီးကျေးရွာများသို့လည်း နယ်လှည့်ကွင်းဆင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပေပင်ချောင်ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်၍ ဒေသခံများနှင့်ဆွေးနွေး

**ပဲခူး ဇွန် ၁၁**
ပဲခူးမြို့နယ် ရှမ်းရွာကြီးကျေးရွာဘုန်းတော်ကြီးကျောင်းသာသနာ့လက္ခဏာမွှာရုံ၌ ဇွန် ၉ ရက် ညနေ ၃ နာရီက ပေပင်ချောင်ကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် အစိုးရအဖွဲ့တွေ့ဆုံဆွေးနွေးပွဲပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားရာတွင် ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့်လည်း တစ်ရွာနှင့်တစ်ရွာ၊ တစ်မိသားစုနှင့်တစ်မိသားစု၊ တစ်ဦးနှင့်တစ်ဦး သင့်မြတ်စွာဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်၊ စည်းလုံးညီညွတ်မှသာလျှင် မိမိတို့ဒေသ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မတူညီမှုများကိုယုံကြည်မှုဖြင့် တူညီမှုရရှိအောင် ညှိနှိုင်းဆောင်ရွက်ရန်ပြောကြားသည်။

ထို့နောက် ပေပင်ချောင်ကျေးရွာ ရပ်မိရပ်ဖကိုယ်စားလှယ် ဦးမျိုးဝင်းက လျှပ်စစ်မီးရရှိအောင်ကြိုးစားဆောင်ရွက်ခဲ့ပုံနှင့် လက်ရှိတွင် တွေ့ကြုံနေရသည့်အခက်အခဲများကို ဆွေးနွေးတင်ပြပြီး ရှမ်းရွာကြီးကျေးရွာရပ်မိရပ်ဖကိုယ်စားလှယ် ဦးမြင့်လွင်ကလည်း ရှမ်းရွာကြီးကျေးရွာ၏ အခက်အခဲများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးလှထွန်းနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်ဦးက လျှပ်စစ်နှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် လျှပ်စစ်မီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုးစိုက်ထူထားသည့် မီးတိုင်များ အရည်အသွေးမပြည့်မီမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှမ်းရွာကြီးကျေးရွာအနေဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။ ပေပင်ချောင်ကျေးရွာမီးလင်းရေးအတွက် ရှမ်းရွာကြီးကျေးရွာမှတစ်ဆင့် ပြန်လည်သွယ်တန်းရမည်ဖြစ်သောကြောင့် လျှပ်စစ်အန္တရာယ်ကျရောက်မည်စိုးသဖြင့် မီးသွယ်တန်းခွင့်အားကန့်ကွက်ထားရခြင်းဖြစ်ကြောင်း သိရသည်။

ပေပင်ချောင်ကျေးရွာပြည်သူများအနေဖြင့် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးရရှိရန် ၂၀၁၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် 400 KVA ဓာတ်အားလိုင်းပေ ၉၃၆၀၊ 11 KVA ဓာတ်အားလိုင်းပေ ၇၆၈၀ အနက်မှ ပေ ၅၅၂၀ သွယ်တန်းထားရှိပြီးဖြစ်သည်။ ဆက်လက်သွယ်တန်းရန်ကျန်ရှိနေသော ပေ ၂၁၆၀ ကို ရှမ်းရွာကြီးကျေးရွာအလယ်လမ်းမှ သွယ်တန်းရမည်ဖြစ်သဖြင့် ရှမ်းရွာကြီးကျေးရွာ ရွာသူရွာသားများမှ ကန့်ကွက်ထားသောကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သဖြင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်မှ အမှာစကားပြောကြားရာတွင် ပေပင်ချောင်ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ကျန်ရှိနေသော 11 KVA ဓာတ်အားလိုင်းကြိုးအား ရှမ်းရွာကြီးကျေးရွာ၏ အပြင်ဘက်မှနေ၍ လျှပ်စစ်ဌာနမှ အန္တရာယ်ကင်းရှင်းစွာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သွယ်တန်းပေးမည်ဖြစ်သည်။ ကုန်ကျငွေအား ပေပင်ချောင်ကျေးရွာမှ သိန်း ၁၀၀၊ အစိုးရအဖွဲ့မှ သိန်း ၅၀ ကျခံပေးမည်ဖြစ်သည်။ ရှမ်းရွာကြီးကျေးရွာအဝင်လမ်းကိုလည်း ထပ်မံတိုးချဲ့ကာ ကျောက်လမ်းအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျေးရွာနှစ်ရွာရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ အားကစားပြုလုပ်ရန် ဘောလုံးများလှူဒါန်းခြင်း၊ ရှမ်းရွာကြီးကျောင်းဆရာတော်အား အလှူငွေများဆက်ကပ်လှူဒါန်းခြင်းပြုလုပ်ကာ ပျံလွန်တော်မူသွားသည့် ရှမ်းရွာကြီးကျေးရွာဆရာတော်ဘုရားကြီး၏ ကျောက်ဖြစ်သွားသောအရိုးရုပ်ကလပ်တော်အား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဝန်ကြီးချုပ်နှင့် သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ တိုင်း/ခရိုင်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရှမ်းရွာကြီးကျေးရွာနှင့် ပေပင်ချောင်ကျေးရွာနေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## သနပ်ပင်မြို့နယ်အတွင်း ဆည်မြောင်းလုပ်ငန်းများ လေ့လာ

**ပဲခူး ဇွန် ၁၁**
ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူးရုံး (ပဲခူး)နှင့် ဦးစီးအရာရှိရုံး (ပဲခူး) မှ ဝန်ထမ်းများသည် ဇွန် ၁၀ ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ်အတွင်း ဆည်မြောင်းလုပ်ငန်းများလုပ်ဆောင်မှုအား လေ့လာမှုများပြုလုပ်ကြသည်။

လေ့လာရေးခရီးစဉ်အတွင်း သနပ်ပင်မြို့နယ် တာဝရေထိန်းတံခါး၊ တာဝလှေ့ဝင်လှေ့ထွက်ရေတံခါး၊ တာဝ Outfall Channel သဲနုန်းတူးဖော်ခြင်း၊ ပဲခူး-စစ်တောင်းတူးမြောင်း လျှောစောက်ကျောက်ကြီးစီခြင်းနှင့် ပုဂံညောင်ပင်ရေလွှဲပေါက်တို့အား လေ့လာပြီး တာဝရေတံခါးရှင်းလင်းဆောင်၌ သနပ်ပင်မြို့နယ်ဆည်ရေဌာနမှူး ဦးစီးအရာရှိ ဦးနေမျိုးထွန်းက ဆည်မြောင်းဆိုင်ရာအချက်အလက်များ၊ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ၊ နှစ်စဉ်ပုံမှန်ထိန်းသိမ်းဆောင်ရွက်ရသည့် ဆည်မြောင်းလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ လေ့လာရေးအဖွဲ့မှ သိလိုသည့်အချက်များကို မေးမြန်းခဲ့ကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် တာဝရေတံခါးမှ ပဲခူး-စစ်တောင်းမြစ်ပေါင်အတိုင်း ဆက်လက်ကြည့်ရှုလေ့လာကြပြီး နေ့လယ်ပိုင်းတွင် ပဲခူးမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ အဆိုပါ လေ့လာရေးခရီးစဉ်အား ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရုံးဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများသာမက ကွင်းအတွင်း မြေပြင်ရှိ ဆည်မြောင်းအဆောက်အအုံများ၊ ဆည်မြောင်းလုပ်ငန်းများအား သိရှိနားလည်စေရန်၊ ဝန်ထမ်းအချင်းချင်းပူးပေါင်းဆောင်ရွက် စည်းလုံးညီညွတ်စေရန်နှင့် ရုံးပိတ်ရက်အတွင်း ဒေသန္တရဗဟုသုတရရှိစေရန်ရည်ရွယ်၍ ရုံးဝန်ထမ်းများအား လေ့လာရေးခရီး မကြာခဏစေလွှတ်လျက်ရှိကြောင်း သိရသည်။ ယင်းလေ့လာရေးခရီးစဉ်တွင် စီမံရေးရာ၊ ငွေစာရင်း၊ ပုံဆွဲလုပ်ငန်းဌာနစိတ်တို့မှ ဌာနစိတ်တာဝန်ခံများအပါအဝင် အရာထမ်း၊ အမှုထမ်း ၃၅ ဦးလိုက်ပါကြောင်း သိရသည်။ **သူရအောင်(ပြည်)**



trpf t&m&Brfrl Hifwef trS;f 0 (2^2017) oifwefqifyuk
oefvifrDtqifhifrfrl Hvbuif&;oifwefaumifcefrü Ze9
&ufuuify&mawmifyl Xc½Kwyf rS(acwå)&rSwifoifu tzif
trSpu m;ajymlu m;cbnf tcrft em;oWwmifyl X&wyf rSBU, f
&wyf bS m;awmifyl Xc½Kwyf Uk S&m&Wyf Ulf m;ESbifwefom;
20wWuf&mufchaumifoGbnf (၆၈၉)

## သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေး ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးဆောင်ရွက်

**ရန်ကုန် ဇွန် ၁၁**
၁၉၆၅ ခုနှစ် ရန်ကုန်မြို့တွင် ပထမဦးဆုံးတွေ့ရှိခဲ့သည့် သွေးလွန်တုပ်ကွေးရောဂါသည် ၁၉၇၀ ခုနှစ်တွင် ကပ်ရောဂါအဖြစ်သို့ရောက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အများဆုံးတွေ့ရှိရကြောင်း ဇွန် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပြုလုပ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပွဲတွင် ဒုတိယတိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်နန်းလုံက ရှင်းလင်းပြောကြားသွားသည်။

ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါသည် အသက်ငါးနှစ်မှ ကိုးနှစ်အတွင်း အများဆုံးဖြစ်ပွားပြီး အသက်ကိုးနှစ်ကျော်မှသာလျှင် ရောဂါကာကွယ်ဆေးကို ထိုးနိုင်မည်ဖြစ်သည်။ လူနေထူထပ်သည့် ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေခုနစ်သိန်းခန့်ရှိသည့် လှိုင်သာယာမြို့နယ်တွင် ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ သို့သော်လည်း လူဦးရေနည်းပါးသည့် ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် လူဦးရေအချိုးကိန်းဂဏန်းအရဖြစ်ပွားသေဆုံးမှုမှာ ရန်ကုန်တိုင်းတွင် အများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

ကလေးငယ်များတွင် အများဆုံးဖြစ်ပွားပြီး လူ ၁၀၀ လျှင် တစ်ယောက်သေဆုံးနိုင်ကြောင်း သိရှိရသည်။ သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်သည့်ခြင်ကျားမှတစ်ဆင့် နေ့ခင်းတွင် လူအများကိုကိုက်၍ ရောဂါဖြစ်ပွားစေကြောင်း၊ ခြင်ကျားနှင့်အတူ စတင်ပေါက်ပွားစေသည့် ပိုးလောက်လန်းများကို သုတ်သင်ရှင်းလင်းရမည်ဖြစ်သည်။ ခြင်ကျားဘဝသို့ရောက်ရှိစေမည့် ဥများကို ကြည်လင်သန့်ရှင်းသောရေ၊ တည်ငြိမ်နေသောရေများတွင် ဥချလေ့ရှိကြောင်း၊ ထိုသို့ မဖြစ်စေရန် မိုးရာသီကာလတွင် ရေများကို အဖုံးဖုံးထားရန်၊ မလိုအပ်ပါက သွန်ပစ်ရန်နှင့် ရေများကို မကြာခဏလဲပေးရန်လိုအပ်ကြောင်း၊ ထို့သို့ မဆောင်ရွက်နိုင်ပါက ရေကန်၊ ရေစည်များအတွင်းသို့ အဘိတ်ဆေးခတ်ထည့်ရန်လိုအပ်ကြောင်း သိရသည်။

ထမင်းစားဇွန်းအတွင်းရှိ ရေအနည်းငယ်တွင် ခြင်ကျားများဥနိုင်ပြီး ရေမရှိသော်လည်း ကျန်ရှိသည့်ဥသည် အသက်ပြင်းပြီး နှစ်နှစ်ကြာသည်အထိ ရှင်သန်ပေါက်ပွားနိုင်သည်။ အဆိုပါခြင်ကျားသည် တစ်လခွဲကြာကာလအတွင်း ကောင်ရေသန်းချီ၍ မျိုးပွားပေါက်ပွားနိုင်ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကလေးငယ်များတွင်သာမက လူကြီးများအထိ ယခုအခါဖြစ်ပွားသည်ကို တွေ့ရှိရသည်။ သက်ကြီးခြင်ကောင်များကို ခြင်ဆေးမှုတ်၍ သုတ်သင်နိုင်သော်လည်း ဆေးအာနိသင်မှာ တစ်နာရီခန့်အကြာသာ အာနိသင်ရှိသည်။ မိဘများအနေဖြင့် မိမိရင်သွေးငယ်များကို အကျီလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ဆင်စေခြင်းဖြင့် ကာကွယ်မှုပြုနိုင်ကြောင်း၊ မိမိနေထိုင်ရာအိမ်ပတ်ဝန်းကျင်တွင် ခြင်ကျားနှင့် ပိုးလောက်လမ်း တစ်ကောင်မှမရှိစေရန် သုတ်သင်ရှင်းလင်းရန် အရေးကြီးကြောင်း ရှင်းလင်းပြောကြားသွားသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးဝင်းလွင်က ပြောကြားရာတွင် ၁၉၉၅ ခုနှစ် ကူးစက်ရောဂါကာကွယ်တားဆီးရေးဥပဒေအရ လိုက်နာမှုမရှိသူများကို တရားစွဲဆိုနိုင်ကြောင်း၊ ကျန်းမာရေးဌာန၏ လမ်းညွှန်အကြံပေးချက်များကို လိုက်နာမှုမရှိသူများကို ဆိုလိုကြောင်းနှင့် ပြည်သူ့ကျန်းမာရေးအတွက် လိုအပ်သည်များကို တောင်းခံနိုင်ကြောင်း ပြောကြားသွားသည်။ **အောင်သူရ**

## လေးမျက်နှာမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်

**လေးမျက်နှာ ဇွန် ၁၁**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက ကျင်းပရာ လေးမျက်နှာမြို့နယ် အမှတ်(၁)မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးခိုင်၊ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ် ဦးသိန်းရွှေနှင့် လေးမျက်နှာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထူးထက်တို့က အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးသိန်းရွှေက နိုင်ငံတော်၏ တရားရေးမဏ္ဍိုင်ကို တည့်မတ်မှန်ကန်စွာ ဆောင်ရွက်ရေးနှင့် တရားဥပဒေစိုးမိုးရေးတွင် ဥပဒေဝန်ထမ်းများ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးကြီးသဖြင့် မြို့နယ်ဥပဒေရုံးဝန်ထမ်းများအနေဖြင့် ယခုဖွင့်လှစ်သည့် ဥပဒေရုံးအဆောက်အအုံသစ်မှ ပြည်သူကိုအကျိုးပြုနိုင်အောင် နိုင်ငံသားအားလုံး ဥပဒေ၏အကာအကွယ်ကိုရရှိအောင်၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ဝန်ထမ်းများအနေဖြင့် ဆောင်ရွက်သလို ပြည်သူများလည်းပါဝင်လာအောင် ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကို တိတိကျကျလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် အဆောက်အအုံရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးတို့ကို အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းမှာကြားသည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးစိုးမြတ်ဦးက အဆောက်အအုံဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြို့နယ်ဥပဒေရုံးအဆောက်အအုံသစ်အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၉ ဒသမ ၉ သန်းဖြင့် တင်ဒါခေါ်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၃၆ ပေ၊ အနံ ၂၅ ပေရှိ RC တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**ထွန်းဇော်ထွန်း(မြို့နယ်ပြန်/ဆက်)**




## လူထုအကျိုးပြုကျောင်းသန့်ရှင်းရေးဝိုင်းဝန်းဆောင်ရွက်

**တာပွန် ဇွန် ၁၁**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း ဇွန် ၁၁ ရက် နံနက် ၇ နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သော ကျောင်းသား ကျောင်းသူကလေးများအား သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရာ ခြင်များခိုအောင်းပေါက်ပွားနေရာများဖြစ်သော မြက်ပင်များ၊ ချုံနွယ်များ၊ ရေဝပ်နေရာများအား စုပေါင်းရှင်းလင်းကြရာ တာပွန်နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ဇော်မိုး၊ ပရဟိတဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ နယ်မြေမီးသတ်စခန်းတာဝန်ခံ ဒုဦးစီးမှူး ကိုကိုမောင်နှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၇၀ ခန့် ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြကြောင်း သိရသည်။ **ဝ၇၁**

# စာပေအနုပညာမူပိုင်ခွင့် (အပိုင်း–၁)

ဒေါက်တာမိုးမိုးသွယ်

စာပေအနုပညာဖန်တီးမှုများတွင် ဆောင်းပါး၊ ဝတ္ထု၊ စာအုပ်၊ ကဗျာ၊ လက်ကမ်းစာစောင်၊ ပြဇာတ်၊ တေးဂီတ၊ ရုပ်သံ၊ ဗီသုကာ၊ ဓာတ်ပုံ၊ အသုံးချအနုပညာ၊ အထည်အလိပ်ဒီဇိုင်း၊ ကွန်ပျူတာပရိုဂရမ်စသည့် ဖန်တီးမှုလက်ရာများပါဝင်သည်။မိမိ၏စိတ်ကူးစိတ်သန်းတစ်ခုကိုကာတွန်းအဖြစ် (သို့မဟုတ်) ဆောင်းပါးတစ်ပုဒ်စသည့် အနုပညာလက်ရာတစ်ရပ်အနေဖြင့် ဖန်တီးပြီးပါက အဆိုပါ ကာတွန်း (သို့မဟုတ်) ဆောင်းပါး၏ မူပိုင်ရှင်အဖြစ် တရားဝင်အသိအမှတ်ပြုနိုင်ရန်အတွက် စာပေအနုပညာ မူပိုင်ခွင့်ဥပဒေကို (Copyright Law) သတ်မှတ်ပြဋ္ဌာန်းထားရှိသည်။ မူပိုင်ခွင့်ဥပဒေတွင်ဖန်တီးသူများအတွက် ကျင့်ဝတ်ဆိုင်ရာအခွင့်အရေး (moral right) နှင့် စီးပွားရေးဆိုင်ရာအခွင့်အရေး (economic right) ဟူ၍ အခွင့်အရေး(၂)ရပ် သတ်မှတ်ထားသည်။ လက်ရာရှင်သည် မိမိဖန်တီးထားသည့် အနုပညာလက်ရာအတွက် ဖန်တီးသူအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ပြီးမိမိ၏လက်ရာကိုတစ်ဦးတစ်ယောက်ကမူရင်းရသပျက်ပြားအောင် ပြုပြင်ခြင်း၊ ဖန်တီးသူနေရာတွင် အစားထိုးဖော်ပြခြင်းစသည့် အပြုအမူများကို ဟန့်တားနိုင်သည်။ လက်ရာရှင်၏ ဖန်တီးမှုလက်ရာအတွက် စီးပွားရေးဆိုင်ရာသီးသန့်အခွင့်အရေးများအဖြစ် မူရင်းလက်ရာကိုမူပွားခြင်း၊ ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်း (သို့) ပြုပြင်မွမ်းမံခြင်း၊ ရောင်းချခြင်း၊ အများပြည်သူသို့ ဖြန့်ချိခြင်း၊ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊ ပြည်သူများအားဖျော်ဖြေခြင်း၊ ထုတ်လွှင့်ခြင်း၊ တစ်နည်းနည်းဖြင့် ပြည်သူများထံသို့ ပို့လွှင့်ခြင်းစသည့် လုပ်ငန်းရပ်များကိုစီးပွားရေးအလို့ငှာမိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးအားဖြစ်စေဆောင်ရွက်ခွင့်ကိုမိမိအသက်ရှင်နေသမျှ ကာလပတ်လုံးနှင့် မိမိကွယ်လွန်ပြီးနောက် အနှစ် ၅၀ အတွင်း ရရှိခံစားနိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့်ဆိုရလျှင် ပန်းချီကားတစ်ချပ်ရေးဆွဲသူပန်းချီဆရာသည် သူရေးဖွဲ့ခဲ့သောပန်းချီကားတွင် မိမိ၏နာမည်အရင်း(သို့မဟုတ်)ကလောင်အမည်ကိုဖော်ပြခွင့်ရှိပြီးယင်းပန်းချီကားကို ပြသခွင့်တန်ဖိုးတစ်ခုဖြင့်ရောင်းချခွင့် (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် အသုံးပြုခွင့်များကိုလည်းရရှိမည်ဖြစ်သည်။ ထို့အပြင် မိမိ၏မူရင်းပန်းချီကားကိုအခြားသူတစ်ဦးဦးက မိမိခွင့်ပြုချက်မပါဘဲတုပ၍ ရေးဆွဲပြီးစီးပွားဖြစ်ရောင်းချခြင်း (သို့) မူရင်းအနှစ်သာရပျက်အောင် ပြုပြင်ပြောင်းလဲခြင်းစသည့် လုပ်ရပ်များကိုလည်းတရားဥပဒေအရဟန့်တားပိုင်ခွင့်ရှိသည်။ ပန်းချီလက်ရာရှင်သည် မိမိ၏ ပန်းချီကား မူပိုင်ခွင့်အတွက် မည်သည့်မူပိုင်ခွင့်ရုံးကိုမှ သွားရောက်၍ မှတ်ပုံတင်စစ်ဆေးခံရန်မလိုဘဲမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကိုအလိုအလျောက်ရရှိမည်ဖြစ်သည်။ သို့ဖြစ်သောကြောင့် ပန်းချီဆရာသည် မိမိ၏မူရင်းပန်းချီလက်ရာကိုအခြားသူတစ်ဦးက တုပရေးဆွဲ၍ စီးပွားဖြစ်ဆောင်ရွက်နေခြင်းကိုဟန့်တားနိုင်သည့်အပြင် ၎င်း၏အပြုအမူအတွက် နစ်နာမှုတစ်စုံတစ်ရာရှိမည်ဆိုပါက မိမိ၏နစ်နာကြေးကိုမူပိုင်ခွင့်ချိုးဖောက်သူထံမှ တောင်းဆိုခွင့်ရှိသည်။ မူပိုင်ရှင်များအနေဖြင့် မိမိ၏လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်ကိုမိမိကိုယ်တိုင်ကသိရှိပြီး ဆောင်ရွက်နိုင်မှသာလျှင် မိမိ၏အခွင့်အရေးများကိုအပြည့်အဝရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေ (၁၉၁၄)ကိုပြဋ္ဌာန်းထားရှိပြီးဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် နေထိုင်သူနိုင်ငံသားများ၏ စာပေအနုပညာဖန်တီးမှုလက်ရာများအတွက် ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာမူပိုင်ခွင့်အခွင့်အရေးများကိုအပြည့်အဝရရှိစေရန် ဥပဒေအရခွင့်ပြုပြီးဖြစ်သည်။ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပုစသည့် အနုပညာလက်ရာများဖန်တီးသူသည် မိမိ၏လက်ရာအတွက် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးပိုင်ရှင်အဖြစ် မည်သည့်နေရာတွင်မှ မှတ်ပုံတင်စရာမလိုဘဲ လက်ရာဖန်တီးပြီးလျှင်ပြီးချင်း မူပိုင်ရှင်အဖြစ် ဥပဒေအရအသိအမှတ်ပြုထားပြီးဖြစ်သည်။ သို့ရာတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်းသောအသိပညာဗဟုသုတအားနည်းသည့်အတွက် မူပိုင်ခွင့်ပိုင်ရှင်အများစုသည် မိမိ၏မူပိုင်ခွင့်နှင့် သက်ဆိုင်သည့်အခွင့်အရေးများကိုအပြည့်အဝရရှိစေရန်နှင့် တစ်ဦးတစ်ယောက်၏မူပိုင်ခွင့်ချိုးဖောက်မှုမှ ကာကွယ်ရန်ဆောင်ရွက်နိုင်မှုအားနည်းကြပြီးမူပိုင်ခွင့်လက်ရာများကိုအသုံးပြုသူများအနေဖြင့်လည်းများသောအားဖြင့် မူပိုင်ရှင်များထံမှ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ မိမိတို့၏လုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုကြသည်ကိုလေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့စသည့်အဖွဲ့အစည်းများကမိမိတို့ဆိုင်ရာစာပေနှင့်အနုပညာလုပ်ငန်းများအတွက် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကိုမိမိတို့အဖွဲ့ဝင်များအတွက်ဆောင်ရွက်ပေးလျက်ရှိကြသည်။



ဥပမာတစ်ခုအနေဖြင့်တင်ပြရလျှင် မြန်မာနိုင်ငံတွင် ကျော်ကြားသော တေးရေးတေးဆို အနုပညာရှင် “ထူးအိမ်သင်” ကွယ်လွန်ပြီးနောက် သူ၏သီချင်းတစ်ပုဒ်ကိုပုံဖော်ရိုက်ကူးထားသည့် ဗီဒီယိုရုပ်ရှင်ကားကို ထူးအိမ်သင်၏ဇနီးက အဆိုပါ ရုပ်ရှင်ဇာတ်ကားရိုက်ကူးပြီးနောက်မှ သိရှိရသဖြင့် ဗီဒီယိုရုပ်ရှင် ထုတ်လုပ်သူနှင့်တွေ့ဆုံပြီးအနုပညာနစ်နာကြေးကိုညှိနှိုင်းတောင်းခံခဲ့ရာ လျော်ကြေးငွေ အနည်းငယ်မျှကို နစ်နာကြေးအဖြစ်ကျေနပ်ခဲ့ရသည်။ ထိုသို့ညှိနှိုင်းဆောင်ရွက်ပေးခြင်းကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကဖန်တီးသူနှင့်သုံးစွဲသူတို့အကြား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်ဟုသိရှိရသည်။ အကယ်၍ အဆိုပါ ရုပ်ရှင်ဇာတ်ကားမရိုက်ကူးမီ ကြိုတင်ညှိနှိုင်းခွင့်ရရှိမည်ဆိုပါက ထူးအိမ်သင်မိသားစုအနေဖြင့် ထိုက်သင့်သည့် အနုပညာကြေးကိုတောင်းဆိုနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုအများစုသည် အချင်းချင်းတွေ့ဆုံညှိနှိုင်းဖြေရှင်းခြင်းဖြင့်သာဖြေရှင်းလေ့ရှိကြပြီးမိမိ၏နစ်နာမှုကိုတရားရုံးများတွင် တိုင်ကြားခြင်းကိုမပြုလုပ်လိုကြချေ။

အနုပညာလက်ရာများကိုသုံးစွဲသူများအနေနှင့် မူပိုင်ရှင်များထံမှ မူပိုင်ခွင့်ပိုင်ဆိုင်သည့် ခွင့်ပြုကာလအတွင်းဖြစ်လျှင် တရားဝင်ခွင့်ပြုချက် တောင်းခံရန်လိုအပ်သည်။ အထူးသဖြင့် အနုပညာလက်ရာများကိုစီးပွားဖြစ် ထုတ်လုပ်မည်ဆိုလျှင် မူပိုင်ခွင့်ရှင်များနှင့် တွေ့ဆုံညှိနှိုင်း၍ သဘောတူညီမှုရရှိအောင် ဆောင်ရွက်သင့်သည်။ ဥပမာအားဖြင့် ရုပ်ရှင်တစ်ကားရိုက်ကူးရာတွင် ရုပ်ရှင်ကားဖန်တီးမည့် ဝတ္ထု၊ ဇာတ်ညွှန်း၊ ဇာတ်ဝင်တေးသီချင်း၊ နောက်ခံတေးဂီတစသည့် အနုပညာလက်ရာများကို လက်ရာရှင်များထံမှ ကြိုတင်ခွင့်ပြုချက်ရယူရန်လိုအပ်သည်။ ထိုသို့ ကြိုတင်ဆောင်ရွက်ခဲ့ခြင်းမရှိပါက မူပိုင်ခွင့်ချိုးဖောက်မှုဖြင့် မူပိုင်ရှင်များ၏ ကန့်ကွက်ခြင်းနှင့် နစ်နာကြေးတောင်းဆိုခြင်းခံရမှုများ ကြုံတွေ့နိုင်သည်။ ရုပ်ရှင်ထုတ်လုပ်သူအနေဖြင့် မိမိဖန်တီးထားသော ဇာတ်ကားတွင်ပါဝင်သည့် ကဏ္ဍအသီးသီးမှ အနုပညာရှင်များနှင့်လည်း မူပိုင်ခွင့်ဆိုင်ရာသဘောတူညီမှုများရရှိရန် နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆောင်ရွက်ထားရှိရမည်။ ရုပ်ရှင်ထုတ်လုပ်သူအနေဖြင့် အဆိုပါဇာတ်ကားအတွက် မူပိုင်ခွင့်ကို ပထမအကြိမ်စတင်ဖြန့်ချိသည့်နေ့ရက်မှ အနှစ် ၅၀ အတွင်း ရရှိမည်ဖြစ်သည်။ ၎င်းရုပ်ရှင်ဇာတ်ကားကိုမိမိ၏ခွင့်ပြုချက်မရဘဲပြသခြင်း၊ ကူးယူရောင်းချခြင်း၊ ထုတ်လွှင့်ခြင်းစသည့် အပြုအမူများကိုဟန့်တားနိုင်သည့်အပြင် ထိုသို့ပြုမူခြင်းအတွက် နစ်နာကြေးကိုလည်း တောင်းဆိုနိုင်သည်။ မူပိုင်ခွင့်ပြဿနာဖြစ်ပွားပါကပထမအဆင့်အနေဖြင့် နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းနိုင်သော်လည်းပြေလည်မှုမရှိလျှင် မိမိ၏နစ်နာမှုများအတွက် တရားရုံးတွင် တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း တရားစွဲဆိုနိုင်သည်။ မူပိုင်ရှင်များသည် မိမိရပိုင်ခွင့်ရှိသော အခွင့်အရေးများကိုသိရှိနားလည်ပြီးမိမိ၏အခွင့်အရေးများကိုအသုံးချနိုင်မှသာလျှင် မိမိ၏ ကြိုးစားဖန်တီးမှုများမှ အကျိုးအမြတ်များကိုခံစားရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းထားရှိသော်လည်းမူပိုင်ရှင်များသည် မိမိ၏ရပိုင်ခွင့်များကိုအပြည့်အဝအသုံးပြုမှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှုများကိုစနစ်တကျနှင့် ထိရောက်စွာကိုင်တွယ်ဖြေရှင်းမှုအားနည်းခဲ့သောကြောင့် မူပိုင်ခွင့်ပိုင်ရှင်များ၏အခွင့်အရေးများဆုံးရှုံးနေရခြင်းဖြစ်သည်။သို့ဖြစ်၍ စာပေအနုပညာ ဖန်တီးသူများနှင့် သုံးစွဲသူများကိုမူပိုင်ခွင့်နှင့် ပတ်သက်သည့် အသိပညာဗဟုသုတများကိုဖြန့်ဝေပေးရန်လိုအပ်သည်။ ယနေ့ခေတ်ကဲ့သို့ တိုးတက်သည့်နည်းပညာများကိုအသုံးပြု၍ အလွယ်တကူကူးယူခြင်း၊ ပြသခြင်းနှင့်အခြားသူများသိရှိနိုင်ရန် ပေးပို့ခြင်းစသည့်မူပိုင်ခွင့်ချိုးဖောက်မှုများကိုအလွယ်တကူပြုလုပ်နိုင်ကြသဖြင့် မူပိုင်ရှင်၏အကျိုးစီးပွားများထိခိုက်မှုပိုမိုများပြားလာသည်။ ၁၉၁၄ မူပိုင်ခွင့်ဥပဒေသည် ယနေ့ခေတ်နှင့်လိုက်လျောညီထွေမရှိသည့်အပြင် အင်တာနက်ခေတ်၏မူပိုင်ခွင့်ချိုးဖောက်မှုအန္တရာယ်သည် အနုပညာဖန်တီးမှုလောကကို ပို၍ခြိမ်းခြောက်လာသည်ကို ကာကွယ်နိုင်မည့်အစီအမံများကို ဆောင်ရွက်ရန်အတွက် မူပိုင်ခွင့်ဥပဒေများကိုပြင်ဆင်ပြဋ္ဌာန်းရန်လိုအပ်သည်။

ပညာရေးဝန်ကြီးဌာနအောက်ရှိ အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ဌာနအနေဖြင့်မြန်မာနိုင်ငံစာပေနှင့်အနုပညာမူ ပိုင်ခွင့်ဥပဒေ(၁၉၁၄) ကိုယနေ့ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိပြီးနိုင်ငံတကာအသိအမှတ်ပြုသည့်အခြေခံစံနှုန်းနှင့် ကိုက်ညီစေရန် ပြင်ဆင်ရေးဆွဲပြီးပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မူပိုင်ခွင့်ဥပဒေအသစ်တွင် မူပိုင်ခွင့်ဆိုင်ရာစာပေအနုပညာလက်ရာဖန်တီးရှင်များနှင့် ၎င်းနှင့် ဆက်စပ်သောဖန်တီးမှုအနုပညာရှင်များ၏ အခွင့်အရေးများ၊ မူပိုင်ခွင့်သက်တမ်းများ၊ မူပိုင်ခွင့်လွှဲပြောင်းမှုများနှင့် မူပိုင်ခွင့်ချိုးဖောက်မှုများကို ထိရောက်စွာကာကွယ်ပေးနိုင်မည့် ပြဋ္ဌာန်းချက်များပါဝင်သည့်အပြင် ဒစ်ဂျစ်တယ်ခေတ်မူပိုင်ခွင့်ချိုးဖောက်မှုများကိုဟန့်တားနိုင်မည့်ပြဋ္ဌာန်းမှုများလည်းပါဝင်သည်။ ၎င်းအပြင် ဥပဒေအသစ်ပေါ်ပေါက်လာပါကမူပိုင်ရှင်များနှင့် အသုံးပြုသူများအကြား ဆက်သွယ်ဆောင်ရွက်ပေးပြီး မူပိုင်ခွင့်လက်ရာများကို နည်းမှန်လမ်းမှန် အသုံးပြုနိုင်စေရန်နှင့် မူပိုင်ခွင့်ပိုင်ရှင်များ၏ ရပိုင်ခွင့်များကို စီမံဆောင်ရွက်ပေးမည့်မူပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲသည့်အဖွဲ့အစည်း (Collective Management Organizations)များကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြင်ဆင်ပြဋ္ဌာန်းမည့် မူပိုင်ခွင့်ဥပဒေသည် စာပေအနုပညာဖန်တီးသူများ၏ အခွင့်အရေးများကို ထိရောက်စွာအကာအကွယ်ပေးခြင်းအားဖြင့် အနုပညာဖန်တီးမှုစွမ်းအားပိုမိုတိုးတက်လာစေရန်နှင့် စာပေအနုပညာနှင့်ဆက်စပ်သည့် လုပ်ငန်းများနှင့် ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာစေရန်အတွက် အထောက်အပံ့ကောင်းများပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ စာပေအနုပညာဖန်တီးသူ မူပိုင်ရှင်များအတွက် မိမိတို့ ကြိုးစားအားထုတ်၍ ဖန်တီးထားသည့် အနုပညာလက်ရာများမှ အမြင့်မားဆုံးအကျိုးရလဒ်ကို ရရှိနိုင်မည့်ခေတ်တစ်ခေတ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ ။

## ရေကြောင်းသွားလာလုပ်ကိုင်သူများအား ဘေးအန္တရာယ်ကင်းရှင်းရေး အသက်ကယ်အင်္ကျီများပေးအပ်

**တာချီလိတ် ဇွန် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာရှိ အပြည်ပြည်ဆိုင်ရာ ဝမ်ပုံဆိပ်ကမ်းတွင် ရေကြောင်း ရဲတပ်ဖွဲ့ခွဲ (ဝမ်ပုံ)က ရေကြောင်းသွားလာလုပ်ကိုင်သူ ပြည်သူများမိုးရာသီကာလ သဘာဝဘေးအန္တရာယ် ကင်းရှင်းရေးအသိပညာပေးဟောပြောပွဲနှင့် အသက်ကယ်အင်္ကျီများ ပေးအပ်လှူဒါန်းခြင်းကို ဇွန် ၁၀ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် ရေကြောင်း ရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လှမိုးက ရေယာဉ်မောင်းနှင်သူများအနေဖြင့် အရက်သေစာသောက်စားပြီး စက်လှေမောင်းနှင်ခြင်းမပြုရန်၊ သတ်မှတ်လူဦးရေနှင့် ကုန်ချိန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရန်၊ လှေအကူများထားရှိရန်၊ ရေယာဉ်တွင် စီးနင်းလိုက်ပါသည့် ခရီးသည်များအတွက် အသက်ကယ်အင်္ကျီ တစ်ထည်စီယူဆောင်လာစေရန်ကိုလည်းကောင်း၊ တပ်ဖွဲ့ဝင် ရေယာဉ်မှူး ရဲမှူး ရဲမင်းထက်က ရေယာဉ်တွင် စီးနင်းလိုက်ပါသည့် ခရီးသည်များအတွက် အသက်ကယ်လှေ၊ ဖောင်များ၊ ဘောကွင်းများ ပြည့်စုံစွာထားရှိရန်၊ ရေယာဉ်မောင်းနှင်ခြင်းဆိုင်ရာ ဥပဒေသများနှင့် ရေယာဉ်လိုင်စင်မရှိပါက လိုင်စင်များပြုလုပ်သွားရန်တို့ကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ရေကြောင်းသွားလာလုပ်ကိုင်သူပြည်သူများအား ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အသက်ကယ်အင်္ကျီအထည် ၆၀ ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ စက်လှေအသင်းအဖွဲ့ခေါင်းဆောင် ဦးစိုးနိုင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**






## မန်းရွှေစက်တော်ဘုရားကြီး(၃)မိုင်လမ်းအဝင် လှေတင်တံတားကြီး ပန္နက်တင်မင်္ဂလာပြုကာ တံတားတည်ဆောက်ရေးလုပ်ငန်းစတင်

**ငဖဲ ဇွန် ၁၁**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားကြီး (၃) မိုင်လမ်းအဝင် လှေတင်တံတားကြီး ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒု-ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တံတားတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် မန်းရွှေစက်တော် ဂေါပက ဥက္ကဋ္ဌတို့က တံတား တည်ဆောက်မည့် ဘိုးပိုင်အမှတ်(စ-၃)နေရာရှိ သတ်မှတ်နေရာ အသီးသီးတို့တွင် နေရာယူပြီး မင်္ဂလာအချိန်တွင် ပန္နက်တင်မင်္ဂလာပြုကာ တံတားကြီးအား တာဝန်ယူဆောက်လုပ်မည့် အင်ဂျင်နီယာများ၊ တည်ဆောက်ရေး လုပ်သားများက မန်းရွှေစက်တော်ဘုရား လှေတင်တံတားကြီး တည်ဆောက်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## နှမ်းရိတ်သိမ်းမှုတွင် နှမ်း၊ စပါး၊ ဂျုံ ရိတ်ထုံးစက်ကို အသုံးပြုရိတ်သိမ်းလာ

**မန္တလေး ဇွန် ၁၁**
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ရှိ နှမ်းစိုက်တောင်သူများမှာ နှမ်း၊ စပါး၊ ဂျုံရိတ်ထုံးစက်များကို အသုံးပြုကာ ရိတ်သိမ်းလာကြသည်။ လက်ရှိကာလ နှမ်းရိတ်သိမ်းချိန်တွင် နှမ်းကိုစတင်ရိတ်သိမ်းလျက်ရှိသည်။ ရိတ်ထုံးစက်အားသာချက်မှာ နှမ်း၊ စပါး၊ ဂျုံများကို ရိတ်သိမ်းပြီး ကြိုးဖြင့် စည်းနှောင်ကာထုံးပြီးဖြစ်သွားသည့်အတွက် နွားစာအတွက်ပါ အသုံးပြုနိုင်သည်။

ရိတ်ထုံးစက်မှာ ရိတ်သိမ်းသည့်အခါ ကြိုးဖြင့် အစည်းလိုက်ထုံးပြီး စက်၏နောက်ဘက်ပိုင်းတွင် အတန်းလိုက်ချသွားသည်။ ရိတ်ထုံးစက်မှာ တစ်နာရီလျှင် နှမ်းတစ်ဧကပြီးစီးသည်။ ရိတ်ထုံးစက်ကိုအသုံးပြုခြင်းဖြင့် လျင်မြန်စွာရိတ်သိမ်းပြီး လူအင်အားအသုံးပြုစရာမလိုသည်အထိမြန်ဆန်လှသည်။ ရိတ်ထုံးစက်ကို တရုတ်နိုင်ငံမှ ပြုလုပ်ပြီးနယ်စပ်ဒေသမှ ဝယ်ယူလာခဲ့ခြင်းဖြစ်သည်။ ရိတ်ထုံးစက်တစ်စက်လျှင် ငွေကျပ်သိန်း ၇၀ ပေးရသည်။



လက်ရှိကာလတွင် စတင်စမ်းသပ်ရိတ်သိမ်းခြင်းဖြစ်ပြီး အဆင်ပြေလျက်ရှိကြောင်းသိရသည်။ နှမ်း၊ စပါး၊ ဂျုံရိတ်ထုံးစက်ကို အသုံးပြုခြင်းဖြင့် ကောက်လှိုင်းမှအစ နွားစာများကိုပါ သိုလှောင်နိုင်သည်။ ရိတ်ထုံးစက်ကို စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာမှ ကိုဇော်မင်းက တည်ထောင်ထားခြင်းဖြစ်သည်။ ရိတ်ထုံးစက်ဖြင့် ရိတ်သိမ်းမှုအဆင်ပြေသည့်အတွက် တောင်သူများနှင့် ဈေးနှုန်းညှိနိုင်းကာ အငှားလိုက်ဝန်ဆောင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။ **တိမ်တမန်**

## ထီးလင်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ထီးလင်း ဇွန် ၁၁**
ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ကျေးရွာများတွင် အမှန်တကယ်လိုအပ်လျက်ရှိသည့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းမှာ ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စက်ဝန်းလေးနှစ်တာကာလဖြစ်ကာ မြို့နယ်တွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ အမှန်တကယ်လိုအပ်လျက်ရှိသည့် သောက်သုံးရေလွယ်ကူစွာ ရရှိနိုင်ရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စာသင်ကျောင်း၊ ဆေးခန်းများ၊ စိုက်ပျိုးရေသွယ်လုပ်ငန်းများ၊ ဆောက်လုပ်ပြုပြင်ရေးစသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်ရာ၌ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ကဏ္ဍအလိုက် စာရင်းဇယားရေးသွင်းနည်းများကို တာဝန်ရှိသူများက ကျေးရွာများအရောက် လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိရာ ဇွန်လအတွင်း ကျင်းကျေးရွာ၊ ပြင်ဘကျေးရွာ၊ ရေပုတ်ကျေးရွာနှင့် ညောင်ကန်ကျေးရွာတို့တွင် ဆက်စပ်လျက်ရှိသည့် ကျေးရွာများအတွက် ကျေးရွာလုပ်ငန်းကော်မတီဝင်များ၊ လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများအား ဆွေးနွေးပို့ချနိုင်ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအတွင်း မင်းတုန်းနှင့် စေတုတ္တရာမြို့နယ်များတွင် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ နှစ်မှစတင်ကာ ဆော၊ ထီးလင်း၊ ပေါက်မြို့နယ်များတွင် စတင်ဆောင်ရွက်ကြောင်းနှင့် နိုင်ငံအတွင်း ၄၇ မြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။ **(၄၆၅)**




## ပထမအကြိမ်အလှကုန်နှင့် ကျန်းမာရေးဈေးရောင်းပွဲတော်ကျင်းပ

**မန္တလေး ဇွန် ၁၁**
ပထမအကြိမ် အလှကုန်နှင့်ကျန်းမာရေးဈေးရောင်းပွဲတော်ကို မန္တလေးမြို့တော်ခန်းမတွင် ဇွန် ၉ ရက်မှ ၁၂ ရက်အထိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

အလှကုန်နှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းများ ဈေးရောင်းပွဲတော်တွင် ပြည်တွင်းပြည်ပ အလှကုန်နှင့် ဆေးဝါးကုမ္ပဏီ ၅၀ မှ ဆိုင်ခန်းပေါင်း ၆၀ ကျော်ဖွင့်လှစ်ပြသရောင်းချလျက်ရှိရာ နာမည်ကြီးအလှကုန်ပစ္စည်းများ၊ အသားအရေ အလှအပ ကျန်းမာရေးဆိုင်ရာပစ္စည်းများ၊ ဖက်ရှင်ဒီဇိုင်းအဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ အနောက်တိုင်းနှင့် တိုင်းရင်းဆေးဝါးများ၊ စားသောက်ကုန်များအား ကုမ္ပဏီများမှမိတ်ဆက်၍ အထူးနှုန်းများရောင်းချပေးခြင်း၊ မိတ်ကပ်ပညာရှင်များကလည်း လာရောက်သူ အမျိုးသမီးများအား လက်တွေ့ မိတ်ကပ်လိမ်းခြယ်ပေးခြင်းများဆောင်ရွက်ပေးကြရာ လာရောက်လေ့လာသူဝယ်ယူသူများဖြင့်အထူးစည်းကားလျက်ရှိသည်။

ဈေးပွဲတော်နှင့်အတူရုပ်ရှင်သရုပ်ဆောင်ရွှေစင်၏ သီချင်းဖျော်ဖြေမှု MRTV-4 The Champion of dance 1st winnerဆုရှင်ဇေယျာလင်း ဦးဆောင်သောDynamic Z Dancer Group ဖျော်ဖြေမှုများလည်းပါဝင်ရာ စည်ကားလျက်ရှိကြောင်း သိရသည်။
**မောင်ပြည်သူ(မန္တလေး)**



## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ်သိန်း(၅၀၀)ဖြင့် မြေလွတ်မြေရိုင်းလယ်ယာမြေဧက(၈၀၀) ဖော်ထုတ်ပေးမည်

**မုံရွာ ဇွန် ၁၁**
၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်း ၅၀၀ ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေလွတ်မြေရိုင်း ဧက ၈၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖော်ထုတ်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်ဖော်ထုတ်ပေးမည့် မြေလွတ်မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ကိုင်လိုသော်လည်း မြေယာအမှန်တကယ်မရှိသည့် မြေယာမဲ့ပြည်သူများအား အခမဲ့ဖြန့်ဝေပေးသွားရန်အတွက် ဖော်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အခုဖော်ထုတ်တဲ့ မြေယာတွေက စိုက်ပျိုးရေးလုပ်ကိုင်လိုသော်လည်း အမှန်တကယ်မြေယာမရှိတဲ့ ပြည်သူတွေကို အခမဲ့ဖြန့်ဝေပေးဖို့ ဖော်ထုတ်ပေးတာပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာလည်း ၉၇၅ ဧကကို ဖော်ထုတ်ပြီး မြေယာမဲ့ပြည်သူတွေကို ဖြန့်ဝေပေးနေပါပြီ။ အခုဘဏ္ဍာနှစ်မှာလည်း ကျန်ရှိနေသေးတဲ့ မြေယာမဲ့ပြည်သူတွေကို ထပ်ပြီးဖြန့်ဝေပေးဖို့အတွက် ဖော်ထုတ်ပေးသွားမှာပါ" ဟု တိုင်းဒေသကြီးစက်မှု လယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဖော်ထုတ်ပေးခဲ့သော ကသာမြို့နယ်အတွင်းဧက ၂၀၀၊ ဟုမ္မလင်းမြို့နယ်အတွင်း ၃၇၅ ဧက၊ ဖောင်းပြင်မြို့နယ်အတွင်း ဧက ၂၀၀ နှင့် ရေဦးမြို့နယ်အတွင်း ဧက ၂၀၀ စုစုပေါင်း ၉၇၅ ဧကကို ဖော်ထုတ်ပေးခဲ့ကြောင်းနှင့် ယခုဘဏ္ဍာနှစ်၌ ကျန်ရှိသော မြို့နယ်များတွင် ဧက ၈၀၀ ကို ထပ်မံဖော်ထုတ်ကာ မြေယာမဲ့ ပြည်သူများသို့ အခမဲ့ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# "Ruler: Master Of The Mask"ရုပ်ရှင်ရိုက်ကူးနေစဉ်အတွင်း ကိုယ်အလေးချိန် ၅ ကီလိုခန့် လျော့ကျခဲ့တဲ့ ယိုဆန်းဟို



တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်တဲ့ ယိုဆန်းဟိုဟာ လတ်တလောမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Ruler: Master Of The Mask "ကို လက်ခံရိုက်ကူးနေစဉ်အတွင်း ကိုယ်အလေးချိန် ၅ ကီလိုဂရမ်ခန့် လျော့ကျသွားခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းဇာတ်လမ်းတွဲရုပ်ရှင်မှာ ယိုဆန်းဟိုဟာ ခေါင်းဆောင်မင်းသားအဖြစ်ပါဝင်ထားတာဖြစ်ပြီး သူဟာဇာတ်ဝင်ခန်းတိုင်းလိုလိုမှာပါဝင်နေတဲ့အတွက် ရိုက်ကူးရေးရက်တိုင်းမှာပါဝင်ခဲ့ရတာကြောင့် လုံလောက်တဲ့အနားယူမှုကိုမရရှိခဲ့တာဖြစ်ပါတယ်။ မင်းသားဟာ ရုပ်ရှင်ရိုက်ကူးရေးတစ်လျှောက် နေ့စဉ်ပါဝင်ရိုက်ကူးခဲ့ရကာ သရုပ်ဆောင်ရတဲ့ အခန်းတွေကလည်းများတာကြောင့် အအိပ်၊ အစားမမှန်ဘဲ ကိုယ်အလေးချိန်ကျခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ယိုဆန်းဟိုရဲ့ရုပ်ရှင်သစ်ရဲ့ ထုတ်လုပ်ရေးအပိုင်းမှတာဝန်ရှိသူတစ်ဦးကလည်း "ယိုဆန်းဟိုဟာ လုံလောက်တဲ့အိပ်ချိန်လိုအပ်နေတာဖြစ်ပါတယ်။ ရိုက်ကူးရေးအစီအစဉ်မှာ သူပါဝင်ရတဲ့အခန်းတွေကများနေတော့ အိပ်ရေးမဝဘဲ ကိုယ်အလေးချိန်လျော့ကျလာတာပါ။ ကျွန်တော်တို့အနေနဲ့ကလည်း သူ့ရဲ့ကျန်းမာရေးကို မထိခိုက်စေဖို့အတွက် ရိုက်ကူးရေးအစီအစဉ်တွေကို အကောင်းဆုံး ဂရုတစိုက်ဆွဲထားပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ယိုဆန်းဟိုဟာ MBC ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသနေတဲ့ " Ruler: Master Of The Mask "ရုပ်ရှင် စတင်ရိုက်ကူးခဲ့ချိန်မှ ထုတ်လွှင့်ခဲ့ချိန်အထိ ရက်အတော်ကြာအနားယူခြင်းမရှိဘဲ ရိုက်ကူးခဲ့ကာ ပြီးခဲ့တဲ့ ဇွန် ၉ ရက်မှာမှ အားရက်ရခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ယိုဆန်းဟိုရဲ့ ကိုယ်အလေးချိန်လျော့ကျသွားတဲ့သတင်းကို ရေးသားဖော်ပြခဲ့ချိန်မှာတော့ သူ့ရဲ့ကျန်းမာရေးနဲ့ပတ်သက်ပြီး စိုးရိမ်မိကြောင်း ယိုဆန်းဟိုရဲ့ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတယ်လို့လည်း သိရပါတယ်။

# ကောလာဟလတွေကို မယုံပါဘူးလို့ ဆိုလာတဲ့ ဂျနီဖာလိုပက်ဇ်




ပေါ့ပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်က လတ်တလောမှာ ချစ်သူနဲ့ပတ်သက်ပြီး ပေါ်ထွက်နေတဲ့ ကောလာဟလတွေကို သူ့အနေနဲ့ လုံးဝယုံကြည်မှု မရှိဘူးလို့ ပြောကြားခဲ့ကြောင်း သိရပါတယ်။

ဂျနီဖာလိုပက်ဇ်နဲ့ လက်ရှိမှာ တွဲနေတဲ့ ချစ်သူ အဲလက်ဇ်ရော့ဒရီဂွက်ဇ်ဟာ ဂျနီဖာအပေါ် သစ္စာဖောက်ကာ အခြားအမျိုးသမီးနဲ့ ဇာတ်လမ်းတွေ ဆင်နေကြောင်း သတင်းထွက်လာတာဖြစ်ပါတယ်။အဆိုပါ ကောလာဟလတွေကို ဂျနီဖာလိုပက်ဇ်က သူ့ရဲ့လက်ရှိချစ်သူဘဝ ပျော်ရွှင်မှုရှိနေတာကို မနာလိုဖြစ်နေတဲ့သူတွေက ဖန်တီးနေတာ ဖြစ်ပြီး သူ့အနေနဲ့ ချစ်သူအပေါ် ယုံကြည်မှုမပျက်ကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။

အဲလက်ဇ်နဲ့ သတင်းထွက်နေသူက မော်ဒယ်လ်တစ်ဦးဖြစ်ပြီး လော်ရန်ဟန်တာဖြစ်တယ်လို့ သိရပါတယ်။ အဲလက်ဇ်နဲ့ လော်ရန်တို့ သတင်းတွေထွက်ပေါ်ခဲ့ပြီးနောက်မှာ ဂျနီဖာက သူ့မိတ်ဆွေတွေဆီမှာ အဲလက်ဇ်ရဲ့ သတင်းတွေ စုံစမ်းဖို့ သွားရောက်ခဲ့ပေမယ့် သူငယ်ချင်းတွေကို ကောလာဟလနဲ့ ပတ်သက်ပြီး မယုံကြည်ဖို့သာ ပြောခဲ့ကြောင်း ဂျနီဖာရဲ့ မိတ်ဆွေတစ်ဦးက ဖွင့်ဟခဲ့ပါတယ်။

လော်ရန်ဟန်တာက သူ့ဆီကို ပေးပို့ခဲ့တဲ့ အဲလက်ဇ်ရဲ့ စာတွေကို ထုတ်ဖော်ပြသသွားမှာဖြစ်ကြောင်း လူမှုကွန်ရက်စာမျက်နှာပေါ် ရေးသားခဲ့ပြီးနောက် အဲလက်ဇ်က သူနဲ့ ချိန်းဆိုတွေ့ဆုံဖို့ရာ မိုဘိုင်းဖုန်းမှတစ်ဆင့် ပေးပို့ခဲ့တဲ့ စာတွေကို ဖော်ပြခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

# အနာဂတ်နဲ့ပတ်သက်ပြီး ပရိသတ်တွေနဲ့ ဆွေးနွေးသွားမယ့် Super Junior




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Super Junior ဟာ အဖွဲ့ရဲ့ အနာဂတ်အနုပညာ လှုပ်ရှားမှုအစီအစဉ်နဲ့ပတ်သက်ပြီး ဆွေးနွေးအကြံတောင်းခံတာတွေ ပြုလုပ်ဖို့အတွက် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတစ်ရပ်ကို ကျင်းပသွားမှာ ဖြစ်ကြောင်း အောကေပေ့ါပ် ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ ယင်းတွေ့ဆုံပွဲမှာ အဖွဲ့ရဲ့ အနာဂတ်အနုပညာလှုပ်ရှားမှု ဦးတည်ချက်နဲ့ ပတ်သက်ပြီး အဓိကဆွေးနွေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဖွဲ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်ဂျေအန်တာတိန်းမန့်ကလည်း Super Junior ဟာ ယခုနှစ်ရဲ့ ဒုတိယနှစ်ဝက်အတွင်း တေးဂီတလှုပ်ရှားမှုတွေကို ပြန်လည်စတင်မှာဖြစ်ကြောင်းနဲ့ လတ်တလောမှာတော့ ပရိသတ်အရှေ့အရောက်ပြန်လာဖို့အတွက် ပြန်ဆင်မှုတွေ ပြုလုပ်နေတာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလိုပြင်ဆင်နေတဲ့အရာတွေအနက် ပရိသတ်တွေနဲ့ တွေ့ဆုံဆွေးနွေးသွားမှာလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်းနဲ့ လတ်တလောမှာတော့ တွေ့ဆုံပွဲကျင်းပမယ့်နေရာကို ရှာဖွေနေကြောင်းလည်း သိရပါတယ်။

Super Junior ဟာ အဖွဲ့ဝင်တော်တော်များများစစ်မှုထမ်းနေကြတဲ့အတွက် အဖွဲ့လိုက်တေးဂီတလှုပ်ရှားမှုတွေကို မစတင်နိုင်ခဲ့တာ နှစ်နဲ့ချီ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ မကြာမီက အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ချာစီဝမ်နဲ့ အခြားသောအဖွဲ့ဝင်တွေ စစ်မှုထမ်းကာလပြီးဆုံးသွားပြီဖြစ်တဲ့အတွက် လှုပ်ရှားမှုတွေပြန်လည်စတင်ဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဆန်းမင်းနဲ့ ကန်အင်တို့နဲ့ပတ်သက်တဲ့ အဆိုးမြင်တဲ့ ဝေဖန်ချက်တွေလည်း ပေါ်ထွက်ခဲ့တာကြောင့် Super Junior အနေနဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံကာအနာဂတ်နဲ့ပတ်သက်ပြီး ဆွေးနွေးမှုပြုလုပ်ရတာ ဖြစ်ကြောင်းလည်း သိရပါတယ်။ ❐




# မိုင်လီဆိုင်းရပ်စ်၏တေးသီချင်းသစ် စတင်ထုတ်လွှင့်

တေးအယ်လ်ဘမ်သစ်ကို မထုတ်လွှင့်နိုင်တာအချိန်အတော်ကြာခဲ့ပြီဖြစ်တဲ့ ပေါ့ပ်ကြယ်ပွင့်မိုင်လီဆိုင်းရပ်စ်ဟာ ပြီးခဲ့တဲ့လအတွင်းက တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့်တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဲဒီနောက်ဒုတိယမြောက်တေးသီချင်းသစ် တစ်ပုဒ်ကိုတော့ လတ်တလောမှာ စတင်ထုတ်လွှင့်ပေးခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မိုင်လီဆိုင်းရပ်စ်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းသစ် "Inspired"ကို စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ ဇွန် ၉ ရက်က လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ လတ်တလောထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းဟာ ပထမဆုံးထုတ်လွှင့်ခဲ့တဲ့တေးသီချင်း "Malibu"ကဲ့သို့ တေးဗီဒီယိုကိုပါ ပူးတွဲထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိဘဲ အော်ဒီယိုပုံစံနဲ့သာထုတ်လွှင့်ပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အသက် (၂၄)နှစ်အရွယ် ပေ့ါပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်ရဲ့ တေးသီချင်းသစ် "Inspired"ကို အွန်လိုင်းမီဒီယာတွေကနေတစ်ဆင့် ထုတ်လွှင့်ရောင်းချခဲ့ပေမယ့် မိုင်လီဆိုင်းရပ်စ်ဟာ ယင်းတေးသီချင်းသစ်ကို မကြာသေးမီကပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲနှစ်ခုမှာ ဖျော်ဖြေပေးခဲ့ပြီး ဖြစ်တယ်လို့လည်း သိရပါတယ်။ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Today Show"မှာ "Inspired"ကို ဖျော်ဖြေပေးခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ဇွန် ၄ရက်က မန်ချက်စတာမှာ ပြုလုပ်ခဲ့တဲ့ မန်ချက်စတာပေါက်ကွဲမှုအတွင်း သေဆုံးခဲ့သူတွေနဲ့ ထိခိုက်ခဲ့ရတဲ့သူတွေအတွက်ရည်ရွယ်ပြုလုပ်တဲ့ ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ရဲ့ ဖျော်ဖြေပွဲမှာလည်း "Inspired"ကို မိုင်လီဆိုင်းရပ်စ်က သီဆိုခဲ့ကြောင်းလည်း သိရပါတယ်။

"Inspired"ဟာလည်း ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ "Malibu"ကဲ့သို့ ကျေးလက်အငွေ့အသက်တွေဖုံးလွှမ်းနေတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ ယင်းတေးသီချင်းဟာ ချိုမြိန်ခြင်းနဲ့ မျက်ရည်တွေကို ပေါင်းစပ်ထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး တေးသီချင်းရဲ့အစပိုင်းမှာ မိုင်လီဆိုင်းရပ်စ်ရဲ့ဖခင်ဖြစ်သူ ဘီလီရေးဆိုင်းရပ်စ်ရဲ့အကြောင်းလည်း ပါဝင်နေတာဖြစ်တဲ့အတွက် ဖခင်ကိုဂုဏ်ပြုထားတဲ့တေးသီချင်းတစ်ပုဒ်လို့လည်း ဆိုနိုင်ပါတယ်။ ဒ့ါအပြင် မိုင်းလီဆိုင်းရပ်စ်ရဲ့ ငယ်ဘဝအကြောင်းအရာတွေနဲ့ အနာဂတ်ရည်မှန်းချက်တွေကိုလည်း ထည့်သွင်းဖန်တီးထားတာတွေ့ရပါတယ်။

မိုင်လီဆိုင်းရပ်စ်က သူ့ရဲ့တေးသီချင်းသစ်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်းကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ "Inspired"တေးသီချင်းအတွက် မျက်နှာဖုံးဓာတ်ပုံနဲ့အတူ ဖော်ပြခဲ့တာဖြစ်ပြီး ယင်းတေးသီချင်းဟာ ဂုဏ်ယူစရာကောင်းတဲ့ ဇွန်လဖြစ်နေတဲ့အတွက်နဲ့ နောက်ထပ်အချစ်တွေကို လိုအပ်နေတဲ့အတွက် တောင်းခံနေမှုတို့အတွက် အမှတ်တရအနေနဲ့ ထုတ်လွှင့် ပေးခဲ့တာဖြစ်ကြောင်းလည်း မိုင်လီဆိုင်းရပ်စ်က ရေးသားဖော်ပြခဲ့ပါတယ်။ယင်းတေးသီချင်းသစ်ကို လတ်တလောမှာ အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်ဒ်တွေဖြစ်ကြတဲ့ iTunes၊ Spotify၊ Google Playe နဲ့ Amazon Music တို့မှတစ်ဆင့် ဝယ်ယူနားဆင်နိုင်ပြီဖြစ်ကာ တေးသီချင်းရောင်းရငွေတွေကိုလည်း ကမ္ဘာတစ်ဝန်းမှာရှိကြတဲ့ အိမ်ခြေယာမဲ့လူငယ်တွေအတွက် " Happy Hippie"ဖောင်ဒေးရှင်းမှတစ်ဆင့် လှူဒါန်းသွားဖို့ရည်ရွယ်ထားကြောင်းလည်း ပေ့ါပ်ကြယ်ပွင့်က ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။

**အေးပြည့်-စုစည်းသည်။**

# ကြော်ငြာ


## သံဃာတော်များအတွက်
## ပိဋကကျမ်းစာနှင့် အင်္ဂလိပ်ဘာသာ အထူးသင်တန်း
## ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏
## ဓမ္မဝိနယစင်တာ
## Institute of Dhamma Education
## (I.D.E-YGN)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ဒေသတွင် ဖွင့်လှစ်သင်ကြားမည်။

(၁) Study Program
   (1) English (4-Skills)
   (2) Pitaka Text (Selected)
   (3) Abhidhamma Study
   (4) Pali-English Word Study

(၂) ဓမ္မာစရိယ အောင်ပြီး၍ သက်တော် ၂၅ နှစ်ထက် မကျော်သော ရဟန်းတော်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။ (အောင်လက်မှတ်မိတ္တူ (သို့မဟုတ်) ဓမ္မာစရိယ အောင်မြင်ကြောင်း အထောက်အထား)

(၃) ၂၀၁၇ ခုနှစ်၊ ဇွန်လ (၃၀)ရက် နောက်ဆုံးထား၍ လျှောက်လွှာ လက်ခံပြီး ဇူလိုင်(၃)ရက်နေ့တွင် ဝင်ခွင့်စာမေးပွဲနှင့် အင်တာဗျူးဖြေဆိုရပါမည်။ ဇူလိုင်(၄)ရက်တွင် ဝင်ခွင့်ရသူစာရင်း ကြေညာမည်။ ဝင်ခွင့်ရသူများကို ဇူလိုင်(၇)ရက်တွင် စတင်လက်ခံမည်။ သင်တန်းကာလမှာ Level တစ်ခုလျှင် (၃)လ ဖြစ်သည်။

မှတ်ချက်။ ။ လျှောက်လွှာကို ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာပြုတက္ကသိုလ် ကထိကဆောင်-(၁၀၃)၊ ကထိကဆရာတော် ဒေါက်တာဝိမလ၊ ဖုန်း-၀၉၂၁၅၁၁၅၈ (samana.vimala@gmail.com) ထံတွင် တောင်းယူတင်သွင်းရပါမည်။

သင်တန်းကြီးကြပ်ရေးကော်မတီ

EAZY DRIVE
ခေတ်နှင့်အညီ လူတိုင်းကားမောင်းတတ်စေရန်နှင့် ရန်ကုန်မြို့ထဲလမ်းမများပေါ်တွင်ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာကားမောင်းနိုင်စေရန်အမြန်ရက်တိုအတတ်သင်ပေးသည်။ဖိမ်ကားလည်းသင်သည်။
09 264807699

KING STAR ဖုန်း- 09 264723535, 09 263113229
အောက်ပါဘာသာရပ်များလည်းအဆင့်ဆင့်သင်ကြားနိုင်ပါသည်။
ကွန်ပျူတာအတတ်သင် 30000Ks
သင်တန်းကာလ(တစ်လခွဲ)
အမှတ်(၁၁၈)၊(၃၈)လမ်း၊ မြေညီ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ကျွမ်းကျင်မှုကို အလေးထား သင်ကြားပေးပါသည်။
- Internet-12000Ks
- i-Office 2010
- D.T.P
- Graphic Design
- A+ Hardware
အချိန်ညှိနှိုင်းပေးပါသည်။

Now we are in North Dagon!

nurture preschool
We nurture tomorrow leaders!

GETC®
building a better future

နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့် မူကြိုပညာရေး

Emotional Development (EQ) | Intellectual Development (EQ) | Moral Development | Physical Development | Social Development

အသက် ၅ နှစ်မှ ၁၄ နှစ် အရွယ် ကလေးငယ်များအတွက် တစ်မူထူးခြားသည့် စနေ၊ တနင်္ဂနွေ အင်္ဂလိပ်စာ အစီအစဉ်

- English 4 Skills
- Supplementary skills
- Life skills for children
- Cambridge ESOL Exam



အလုပ်များသော မိဘများအတွက် Extracurricular Activity(ECA) လစဉ်ကျောင်းအပ်လက်ခံနေပါပြီ

စမ်းချောင်း 09262963774/ 5 | လှိုင် 01-530097, 09254148005 | တာမွေ 01-549590, 09254148006 | အင်းစိန် 09259822226/ 7 | မြောက်ဒဂုံ(၃၄ ရပ်ကွက်) 09259822220, 09420633337

အရစ်ကျ ငွေချေစနစ်နှင့် အငှားမှအပိုင်ဝယ်စနစ်

PRIME-BOSS



MX-2614N
Digital Full Color MFP System
- Std : Feeder/ Duplex
- 7" Color LCD Touchpanel
- Std: A3Color Copy/ Network Print/ Network Color Scan
- USB Memory Print/Scan
- Low Runing Cost (လုပ်ငန်းသုံးရန်သင့်လျော်)



AR-6026N
Digital Multifunctional System
- A3 Standard- Copy, Network Print & Color Scan
- Speed 26cpm, ppm
- Productive SOPM, E-sort
- Cost Efficient Toner Save Mode
- Password Protected User Accounts
- Build In Duplex Module

Prime - Boss Company Limited
* မိတ္တူနှင့် DTP လုပ်ငန်းများ ဆက်သွယ်နိုင်ပါသည်။ *
* All Photos Shown with Option
Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botataung Township, Yangon. Tel : 01 256644, 256508 Hot Line : 09 788888929 Fax -01 256158
Naypyitaw - Tel: 067-421393 Mandalay - Tel: 09-91023841 Email: sales@primeboss.com.mm
Since 1996





ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့



Collaboration Partner with SDH INSTITUTE

- Complete International Education Pathway
- Highly Qualified Foreign and Local Lecturers
- Oversea Study Trip to Singapore
- Innovative Learning and Student Support
- Career-oriented Curriculum

✓ University Foundation Program
✓ Diploma in Hospitality & Tourism Management
✓ Advanced Diploma in Hospitality & Tourism Management



EARLY BIRD REGISTRATION

July Intake Admission

တက်ရောက်သင့်သောသူများ
- တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများ
- GCE " O " Level ဖြေဆိုထားသူများ
- ဟိုတယ်နှင့်ခရီးသွားလာရေး နယ်ပယ်တွင် ဝင်ရောက်လုပ်ကိုင်လိုသူများ



CALL US
01-553897,
09-250793994

S-9, U Chit Maung Housing, U Chit Maung Road, Tamwe Township, Yangon.

WORLD CONNECT TRAVELS & TOURS CO., LTD

SINGAPORE AIRLINE MONSOON Promotion အထူးနှုန်းများ

| | | |
|---|---|---|
| SINGAPORE | From | USD- 251 |
| AMERICA | From | USD- 1131 |
| EUROPE | From | USD- 1062 |
| MALDIVES | From | USD- 661 |
| BALI | From | USD- 462 |
| AUSTRALIA | From | USD- 847 |

Promotion Period
01 June to 30 June

Travel Period
01 June to 31 Dec

အရမ်းတန်တဲ့ ဈေးနှုန်းတွေဖြစ်လို့, လက်မလွတ်ရလေအောင် အမြန်ဆုံးဝယ်ထားလိုက်ရအောင်နော်

Tel : 01 218181 ~ 82 ~ 83 ~ 84

No:74 , Ground Floor , Kaing Tan St , Lanmadaw Township , Yangon.

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

&efukefpD;yGm;a&;wuúokdvf ,fjr&S
pD;yGm;a&;pGrf;aqmifrIynmzGHUNzdK;a&;XmewGif
Zefv twGif;atmufygoifwef;ukd zGifhvSpfoGm;rnf

(MIEDC)

"General Management Course for Entrepreneurs"

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၁၄-၆-၂၀၁၇မှ ၂၃-၆-၂၀၁၇ရက်
(ညနေပိုင်း ၈ရက်သင်တန်း)

သင်တန်းကြေး - ၄၀၀၀၀(ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန်-ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)**
**ဖုန်း-၅၂၂၈၇၅၊ ၅၂၂၈၇၆၊ ၀၉-၇၇၅၃၈၅၁၈၄**

ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကတ/၁၃/၁၈/၀၅၂)

ထိပ်တန်း ကျောင်းထား

ထူးချွန်အောင်မြင်လိုသူများအတွက်

# ထိပ်တန်း

ဘော်ဒါကျောင်းသား/သူ ၁၀ ဦးသာလက်ခံမည်။



မောင်ဘုန်းမင်းခန့်
ဆတညှ-၁၀၀
ဘာသာစုံဂုဏ်ထူးရှင်

## အတတ်သင် ကိုယ်ပိုင်အထက်တန်းကျောင်း

အထူးဂရုစိုက်စာသင်ဝိုင်းများနှင့် ဘော်ဒါ (၅)တန်းမှ(၁၀)တန်းအထိ

အဌမတန်းအောင်ချက်-၁၀၀% | ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် | ကျောင်းအပ်လက်ခံပြီ

အမှတ်(၂၀၁)၊သိမ်ဖြူလမ်းမကြီး၊တန်တော်လေးစာတိုက်မှတ်တိုင်၊မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း-၀၁-၃၇၂၆၄၈၊ ၀၉-၅၁၆၅၆၄၇၊ ၀၉-၇၃၀၀၅၇၆၇၊ ၀၉-၄၄၂၆၆၄၉၅၅

GLOBAL PHOENIX
အိမ်ခြံမြေ အကျိုးဆောင်
အဆင့်မြင့် လုံးချင်းအိမ်များ၊
ကွန်ဒိုခန်းများကို ငှားလိုသော
နိုင်ငံခြားသား ဧည့်သည်များ
ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ
အမြန်ဆုံး ဆက်သွယ်ပေးပါ။
09-260 2600 29 / 59

ရွှေကိန္နရီ (MOVING HOUSING SERVICE)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ဆိုင်ခန်း၊ ရုံးခန်း၊ ဂိုဒေါင်၊ စက်ကိရိယာ၊
ဌာနဆိုင်ရာရုံးခန်းများ ပြောင်းရွှေ့လိုပါက 10', 14', 15', 16', 17', 24', 10 ဘီး၊ 12 ဘီးကားများနှင့်
အလုပ်သမားများတစ်ပါတည်း ပြောင်းရွှေ့ပေးနေသည်။
(မြို့တွင်း / နယ်ဝေး)
Ph: 09 2532 77776, 09 2532 66667
09 2532 66668, 09 2532 66669

# STRATEGY FIRST INSTITUTE



DR. KAUNG ZAW, MEDICAL AFFAIRS MANAGER
SERVIER (S) PTE LTD. (MYANMAR BRANCH)

ZUN PANN THWIN, DIRECTOR
ETERNAL FLOWERS (FLORAL SERVICES)

YE NAING LYNN, DIRECTOR
THURIYA WIN CO., LTD.

PHYO THU HTET, BUSINESS DEVELOPMENT MANAGER
INTERNATIONAL ENTERPRISE (IE) SINGAPORE

NAY LIN AUNG, FIELD MARKETING MANAGER
DKSH SERVICES LTD.

EDINBURGH BUSINESS SCHOOL
HERIOT-WATT UNIVERSITY

MBA | MSc
General Finance HRM Marketing | Marketing Human Resources

STRATEGY FIRST INSTITUTE is an approved learning partner of Edinburgh Business School.

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.
No. 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.

Starting Date - 24th June 2017

CALL NOW - (09) 450177770, (09) 250 717168

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

# ကြော်ငြာ










## အမည်ပြောင်းခြင်း

ဦးဇော်ဝင်းထွန်း၊ ၁၂/ပဘတ(နိုင်)၀၀၉၉၄၁၏ သားဖြစ်သူ ရန်ကုန်မြို့၊ အထက(၁)ဒဂုံ ဆဋ္ဌမတန်း(D)မှ မောင်လင်းသန့်ဟိန်းအား မောင်လင်းခန့်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းခန့်ဇော်**

## ဖခင်အမည်မှန်

(၁၄၀)ရပ်ကွက်၊ သုတလမ်း၊ ဒဂုံတောင်၊ အထက(၂)မရမ်းကုန်း ဒသမတန်းမှ မနေခြည်ဦး၏ ဖခင် အမည်မှန်မှာ ဦးကျော်ကျော်ထွန်း၊ ၁၂/ဗဟန(နိုင်)၀၁၆၁၄၁ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်ထွန်း**

အကောင်းကြိုက်သူများအတွက်

**သန့်**

စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ ပဲဆီမွှေး၊ ရှမ်းဆန်၊ ဘဝစမာတီ၊ ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး(ခပ်ချက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်။ ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။ (ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တပါတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်။

ရွှေဘိုပေါ်ဆန်းမွှေးရုံ။

ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း၊ ဘုရင့်နောင်လမ်းမကြီး။

ဖုန်း:-681209, 681504, 682934, 09 73249922






တတ်တိုင်း၊ သင်၍ သင်တိုင်း၊ တတ်စေအံ့
ဂုဏ်ထူးဦးသိန်းနိုင် ဂုဏ်ထူး မြန်မာစာ
မြန်မာစာ အတတ်သင်ကျောင်း
အမှတ် ၁၈၈၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း… ၀၁ ၃၇၅၅၀၉၊ ၀၁ ၃၇၂၂၃၇၊ ၀၉ ၅၀၁၂၆၁၁၊ ၀၉ ၄၅၀၀၅၅၈၅၂
မြန်မာစာ ဂုဏ်ထူး အသေအချာ ရချင်သူ ငွေ၊ လုံ့လရှင်များအတွက်သာ တစ်စီတကုံး တန်းခွဲ (ကိုယ်တိုင်သင်) တစ်ခွဲတည်းသာ
တက္ကသိုလ်ဝင် အာမခံ ဂုဏ်ထူးတန်း သံမဏိတန်းခွဲ
[ဆရာမကြီး ဂုဏ်ထူး ဒေါ်ခင်မြင့်(မဟာဝိဇ္ဇာ)နှင့် အတူ သင်သည်။]
အပတ်စဉ် မေးခွန်းငယ်၊ လစဉ် မေးခွန်းကြီး တို့ကို ဖြေဆိုရမည်။
* နဝမတန်းများလည်း ကြိုတင် တက်ရောက်နိုင်ပါသည်။
ဇွန် (၁၁) ရက် တနင်္ဂနွေနေ့ ဖွင့်မည်


### ဖခင်အမည်မှန်

အထက သန္ဓေပင်၊ မှော်ဘီ၊ ဒသမတန်း(C) တွင် ပညာသင်ကြားနေသော မအိသန္တာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးလှမြင့်[၁၂/မဘန(နိုင်)၀၃၃၃၁၅]ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

### အမည်ပြောင်း

သန်လျင်မြို့၊ အထက(၁)၊ ဆဋ္ဌမတန်း(A)မှ အဖဦးမြတ်သူ၏သား မောင်သီဟနိုင်အား မောင်သုတနိုင် ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သုတနိုင်**


WINGS International
Ticketing & Tours
ပြည်တွင်း၊ ပြည်ပ
လေယာဉ်လက်မှတ်များ
အိမ်အရောက်ပို့ဆောင်မှု။
HOT : 09787811122

ASIA DRAGON (အာရှနဂါး)
ချောင်းသာ 12000 | ပုဂံခရီးစဉ် (သောကြာ)
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000 | မြဝတီခရီးစဉ် (သောကြာ)
09-30030030, 09-799100100, 09-797100100

ရွှေလမ်းခရီး … 095124678,09401589907
* ပုဂံ(စွယ်တော်လေးဆူ)၊ ပြည်ငါးပြည့်၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ–သိဟိုဠ်ရှင်
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မင်းကွန်း၊ ဘုရားဖုံ သောကြာနေ့တိုင်း ထွက်မည်
* တောင်ကြီး၊ (မွေတော်ကက္ကူ) (ထမ်းစမ်းလှိုဏ်ဂူ)၊ အင်းလေး၊ ပင်းတယ၊ ကလော
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကယားပြည်နယ်၊ လွိုင်ကော်(တောင်ကွဲစေတီ)
* ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက်ကွမီ(စက်စဲကမ်းခြေ)
* မော်လမြိုင်ဘုရားစုံနှင့် မွှားလဘီ့တောင်၊ ဝင်းစိန်တောရ၊ ကျိုက်ကွမီ(စက်စဲကမ်းခြေ)
* ကရင်ပြည်နယ် – မြဝတီ၊ မဲဆောက်၊ ဘားအံ ခရီးစဉ်

SN TRAVELS & TOURS
နေ့ရာသီကျောင်းပိတ်ရက်နှင့် ရုံးပိတ်ရက်
fb/sntravelmyanmar
01-387 304
09-51 77940
09-500 7642
ဟိုချီမင်း–မိုးနဲ–ဒါလတ် ၅ရက် (390$) (ဇွန်၁၇–၂၁)
ဟန်ဝိုင်း–ဟာလောင်ဘေး ၄ရက် (450$) (ဇွန်၁၇–၂၀)
ကမ္ဘောဒီးယား (၄ရက်) (450$) (ဇွန်၁၇–၂၁)
ထိုင်း–ကမ္ဘောဒီးယား (၆ရက်) (595$) (ဇွန်၁၇–၂၂)
ဗီယက်နမ်–ကမ္ဘောဒီးယား (၆ရက်) (595$) (ဇွန်၁၇–၂၂)
ဘန်ကောက်–ပတ္တယားကမ်းခြေ (၄ရက်) (390$)
စင်္ကာပူ(၃) ရက် (695$)
ကိုရီးယား ဆိုးလ်–ဂျယ်ဂျူး ခရီးစဉ်(၆ရက်)(1590$)
အင်ဒိုနီးရှား ဘာလီကျွန်း ခရီးစဉ်(၅ရက်)(680$)(ဇွန်၂၄–၂၈)
အရေးကြီးစနစ်
အမှတ်(၄၄၄)အခန်း(ဇ၆)ရွှေတံ့သာလမ်း(အထက်)အနောက်ကန်စွန်းရွှေ၊ ဝန်းဘဲတန်း






WINGS INTERNATIONAL
UMTA မခ–၀၁၈၆ Travel & Tours
သီရိလင်္ကာ စွယ်တော်လှည့်ပွဲ + ဘန်ကောက်အထူးခရီးစဉ်
Jul 29 ~ Aug 5 (ဂျူလိုင် ၈ရက် ခရီးစဉ်)
တစ်ဦးလျှင် – USD 1500 (အပြီးအစီး)
လေယာဉ်လက်မှတ် အသွားအပြန်နှင့် ဟိုတယ်တွင်တည်းခိုပြီး နေ့စရိတ် စားစရိတ်ငြိမ်းကာ လည်ပတ်ရာတွင် အဆင့်မြင့်ဇိမ်ခံ ကားနှင့်ဖြစ်သည်။
☎ 09 7878 111 22, 01 544 277, 01 541 696
No.(180), U Chit Mg Rd, Bahan Tsp, Yangon.

WINGS INTERNATIONAL
TRAVELS & TOURS
* ပုဂံ(စွယ်တော်လေးဆူ၊ ပြည်ငါးပြည့်) – ပုပ္ပါး 98000 ကျပ်
16.06.2017 ညထွက်ပါမည်။
* တောင်ဗိုင်း (ဝါဆိုပန်းကပ်ပွဲ) ခင်းကျိုက် 38000 ကျပ်
07.07.2017 ညထွက်ပါမည်။
09 7878 111 22, 01 544 277

Happiness Trip Travel & Tours
* ပုဂံ – ညောင်ဦး – ပုပ္ပါး – ပခုက္ကူ (စွယ်တော်လေးဆူ) - 45000 Ks
* … – 30000 Ks / (7-7-2017)
09-787 222 453, 09-787 222 454, 09-787 222 456

Air.con ရေကျလို့လား?
Servicing လုပ်လိုက်ရင်
ကောင်းသွားမှာပါ။





AAS Air.con Services
Thingangyun branch
573 811,578 957
Kabaraye branch
09 505 4228
Myaynigone branch
09 86 14140
Lanmadaw branch
09 4200 33454



မိသားစု အိမ်၊ခြံ၊မြေ
ကွန်ဒို/တိုက်ခန်း (အရောင်းသီးသန့်)

| | | |
|---|---|---|
| 1.ပြည်လမ်းအနီးကွန်ဒို၊စခ | (2120Sqft)M2,S2 | 3600L |
| 2.Royalဆင်မင်းကွန်ဒို၊အလုံ | (1900Sqft) | 3300L |
| 3.Hill Top Vista Condo | (1660Sqft) | 3050L |
| 4.ကန်လမ်းကွန်ဒို၊လှိုင် | (2000Sqft)M2,S1 | 3000L |
| 5.ကမာရွတ်ကွန်ဒိုသစ် | (1650Sqft) | 2650L |
| 6.Time City၊စခ(Garden View) | (1330Sqft)M1,S1 | 2650L |
| 7.မင်္ဂလာတောင်ညွန့်ကွန်ဒိုသစ် | (2300Sqft) | 2600L |
| 8.မိုးကောင်းကွန်ဒိုသစ်၊ရက | (1700Sqft) | 2050L |
| 9.ပြည်သာယာလမ်းမ၊သဃက | (1700Sqft)M2,S1 | 1800L |
| 10.ဗဟန်းကွန်ဒိုအသစ် | (1400Sqft) | 1650L |
| 11.ကမ္ဘာအေးဘုရားလမ်းမ၊မရက | (1500Sqft) | 1450L |

☎ - 09799991090, 09799991092, 09799991095



အာရှမြေ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
Website : www.asialand.com.mm

| | | | | |
|---|---|---|---|---|
| သာကေတစက်မှုဇုန် | (100'x200') | မြေ | | 1 Sqft 75000 ကျပ် |
| ရန်ကင်း၊ဘောက်ထော် | (100'x100') | မြေ ဂရံ | | 17000 သိန်း |
| တ/ဥ၊ဝေဇယန္တာလမ်း | (30' x 60') | မြေ | | 12000 သိန်း |
| တ/ဥ၊သံသုမာလမ်း | (40' x 60') | မြေ | | 9000 သိန်း |
| သဃက၊ VIP-II | (60' x 70') | RC2 | | 8500 သိန်း |
| ဗဟန်း၊ဗိုလ်စိန်မှန်လမ်း | (40' x 60') | မြေ ဂရံ | | 8000 သိန်း |
| မ/ဒဂုံ၊ပင်လုံလမ်း | (60' x 80') | မြေ | | 4200 သိန်း |
| မ/ဒဂုံ၊ဗိုလ်မင်းရောင်လမ်း | (40' x 60') | RC3 | | 4200 သိန်း |
| တ/ဥ၊သုမင်္ဂလာလမ်းမ | (20' x 60') | RC2 ဂရံ | | 4000 သိန်း |
| သဃက၊ရတနာလမ်း | (20' x 60') | မြေအစိက | | 3800 သိန်း |
| မ/ဒဂုံ၊ ရွှေပင်လုံအိမ်ရာ | (80' x 60') | မြေ ဂရံ | | 3700 သိန်း |
| မ/ဒဂုံ၊ဗိုလ်မှူးဗထူးလမ်း | (40' x 60') | မြေ ဂရံ | | 3500 သိန်း |
| မ/ဒဂုံ၊ ရွှေပင်လုံအိမ်ရာ | (80' x 80') | မြေ ပါမစ် | | 3500 သိန်း |
| တ/ဥ၊သစ္စာလမ်းမပေါ် | (20' x 60') | မြေ | | 3300 သိန်း |
| မ/ဒဂုံ၊ (၁၄)ရပ်ကွက် | (70' x 80') | RC1½BR2 | | 2400 သိန်း |
| ရက၊ အောင်ပါရမီကွန်ဒို | (2000sqft) | | MBR2,BR1 Pq | 2300 သိန်း |
| တ/ဥ၊ (၁၃)ရပ်ကွက် | (20' x 60') | RC2 | MBR2,BR1 | 1700 သိန်း |
| ဗဟန်း၊တက္ကသိုလ်ရိပ်သာလမ်းသစ် | (1850sqft) | 2F | MBR1,BR1,AC | USD 1200 |
| သဃက၊ VIP-III | (70' x 90') | RC2 | | 20 သိန်း |
| တ/ဥ၊ဝေဇယန္တာလမ်း | (24' x 54') | 3F | | 9 သိန်း |

09-450696412, 09-972807676, 01-543717

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကိုရီးယား ဂျင်ဆင်းအားဆေး . . . Feel the Difference with





စိတ်ဖိစီးမှုများခြင်း အားအင်ကုန်ခမ်းခြင်း ပင်ပန်းနွမ်းနယ်ခြင်း

REVITAL

Daily Health Supplement




ရီဗိုက်တယ် ဖြင့် ဘဝကို ကောင်းမွန်စွာဖြတ်သန်းလိုက်ပါ . . .

Columbus
TRAVELS & TOURS



SILKAIR SINGAPORE AIRLINES

MONSOON 2017 PROMOTION!

- Sales Period : Up to 30 Jun 2017
- Travel Period : Up to 31 Dec 2017
- Departing from Yangon & Mandalay.

| | | |
|---|---|---|
| US$ 201++ Singapore | US$ 413++ Bali | US$ 742++ Australia |
| US$ 577++ Maldives | US$ 968++ Europe | US$ 1035++ America |

လေယာဉ်ပျံလက်မှတ် ကိုယ်စားလှယ်(စ်) T: 01 229245, 378535, 02 60956

trnfjymif

အထက(၁)၊ ရွှေပြည်သာ၊ ဆဋ္ဌမတန်း(င)မှ (အဖ) ဦးကျော်လင်းမင်း|၁၂/ရပသ(နိုင်)၀၄၃၁၀၄|၏ သားဖြစ်သူ မောင်သီဟအောင်ထက်အား မောင်သီဟအောင်ဟု ပြောင်းလဲခေါ်တွင်ပါရန်။

မောင်သီဟအောင်

Ph D ဘွဲ့ရ ဆရာ/ဆရာမများဦးစီးသော
Sharp Study Guide Group
သူငယ်တန်းမှ ၁၀ တန်း
International School , IGCSE
ကျောင်းသူ/သားများအား
တစ်ဦးချင်း (သို့) ဝိုင်း
တစ်ဘာသာချင်း (သို့) Guide
ဘာသာစုံ
အထူး လက်စံသင်ကြားပေးသည်။
Ph: 09-43000600
09-420108991

" သင့်ဘဝရဲ့ ကံကြမ္မာအကျိုးအကြောင်း အဆိုးအကောင်းများကို တစ်နှစ်တာ ဟောပြောထားပါသည် "

မြန်မာသက္ကရာဇ် ၁၃၇၉ - ခုနှစ်

ဝံ-ကလိတ်

မြန်မာ့ရိုးရာအဋ္ဌဟောကိန်း

City Mart, Ocean, Capital, Orange, Sein Gay Har ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈ဓ)၊ မြေညီထပ်
လမ်း- ၄၀ (အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၇၀၉၀၁၃၂၊ ၃၉၁၁၆၉၊
၀၉-၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၂၇၉

မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်(၂၂၁)၊ ၈၄-လမ်းနှင့်
၃၃-လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

မြန်မာနိုင်ငံမှာ လေ့လာသင်ယူနိုင်မည့်
" စီးပွားရေးဆိုင်ရာ ဒီပလိုမာများနှင့် Pre MBA, Master များအကြောင်း သိကောင်းစရာဆွေးနွေးပွဲ "

CROWN EDUCATION
YANGON . MYANMAR

SPEAKER
Ms. Amy Rose Cauley
Market Development Manager (NCUK)
U Aung Kyaw San
Managing Director, Crown Education

June 17
10 AM - 12 Nooon
NOVOTEL HOTEL,
(Eureka Room)

- နိုင်ငံခြားမသွားသေးပဲ မြန်မာနိုင်ငံအတွင်းမှာပဲ လေ့လာသင်ယူမယ်ဆို ဘယ်လို ဒီပလိုမာတွေ လေ့လာသင်ယူသင့်သလဲ .......
- HND, NCC, ABE, ICM, NCUK ဒီပလိုမာတွေ ကွာခြားချက်တွေက ဘာတွေလဲ...ဘယ် ဒီပလိုမာကို ရွေးချယ်သင်ယူသင့်သလဲ .......
- ဘယ်လို MBA အမျိုးအစားတွေ မြန်မာနိုင်ငံမှာ လေ့လာသင်ယူနိုင်သလဲ ....... နိုင်ငံတကာ MBA တွေနဲ့ ဘာကွာခြားလဲ .......
- MBA နဲ့ MSC ကွာခြားချက်များ။ MBA နဲ့ MSC မသင်ယူခင် ဘာတွေ ပြင်ဆင်ထားမလဲ .......
- အင်္ဂလန်ထိပ်တန်းတက္ကသိုလ်ကြီးတွေ တက်ရောက်မယ်ဆို မြန်မာနိုင်ငံမှာ ဘယ်လို ပြင်ဆင်ထားသင့်သလဲ .......

Register Now : (01) 527 838, (09) 26000 40 50, (09) 26000 60 50, (09) 965 085 185

ဦးဝင်းကို
B.Com(Q), C.P.A, ACCA, Accounting Gold Medalist

LCCI LEVEL 1&2,3
LEVEL 4 စာရင်းကိုင်သင်တန်းများ
ကျောင်းအပ်လက်ခံပြီ။

အမှတ်(၂၃-B)၊ ပထမထပ်၊ လှည်းတန်းလမ်းမ၊ ကမာရွတ်။
Tel: 09 550 7139, 09 511 8648

ဒေါ်သီတာဦး
B.Com(Q), CPA, Dip IFR(ACCA)

LCCI I,II&III 2017 Dec Exam

| Level -II (9.7.17 စမည်) | Level - III (15.7.2017 စမည်) |
|---|---|
| (A) Sun 8:00 to 12:00 am | (A) Fri - Sat 6:00 to 8:00 pm<br>Sun 2:00 to 8:00 pm |
| (B) Thur - Fri 9 to 11 am | (B) Sat 6:00 to 8:00 pm<br>Sun 2:00 to 8:00 pm |

No.(68), 5A၊ ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်၊ လှည်းတန်းအနီး။ Ph: 09-51 78297, 09-730 59553

YOMA STRATEGIC HOLDINGS LTD.

CPCL

JCB YOMA JCB

Convenience Prosperity Co.,Ltd လက်အောက်ရှိ JCB Heavy Equipment Rental Business တွင် အောက်ပါ လစ်လပ်ရာထူးများအတွက် ဝန်ထမ်းများအလိုရှိပါသည်။

Positions available at our JCB Heavy Equipment Rental Business:



**Branch Managers**

**Sales Executives**

**Administration Staff**

**Technicians**



ဖော်ပြပါ လစ်လပ်ရာထူးများအတွက် Heavy Equipment Rental အတွေ့အကြုံ ရှိသူများအနေဖြင့် HR Department ဖုန်းနံပါတ် 01 687 002, 687 003, 687 881 သို့လည်းကောင်း ၊ email ဖြင့် လျှောက်ထားလိုသူများအနေဖြင့် info@cpcl-myanmar.com သို့လည်းကောင်း ဆက်သွယ်မေးမြန်း၍ CVများအား ပေးပို့လျှောက်ထားနိုင်ပါသည်။

Please contact our HR department at **01 687 002, 687 003, 687 881**. You can also email your CV to **info@cpcl-myanmar.com**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်


ရိုးရိုးလေး
၁၅ ကျပ်/မိနစ်
အိုရီဒူး၊ MPT ၊ တယ်လီနော နံပါတ်
အားလုံးကို ခေါ်ဆိုရန်အတွက်
*777# ကိုခေါ်ဆိုပါ
စာရင်းသွင်းခ အခမဲ့
ooredoo

STAR ACADEMY
Hospitality & Business Management Academy
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း

Diploma in Tourism & Hospitality Management
ဖွံ့ဖြိုးတိုးတက်နေသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်
စာတွေ၊ လက်တွေ၊ Assignments၊ Project များစွာဖြင့် လုပ်ငန်းအတွေ့အကြုံရှိ ဆရာများကိုယ်တိုင် ထိရောက်စွာသင်ကြားပေးနေပါသည်။



- Tourism Management Course
- Front Office Management Course
- Food and Beverage Management Course
- Sales and Marketing Management Course
- Housekeeping Management Course
- Human Resources Management Course

လျှောက်လွှာပိတ်ရက် - (၂၆.၆.၂၀၁၇)

Star Resources Co.,Ltd အမှတ် (၂၆၇)၊ အခန်း(၂၀၂)၊ ပြည်လမ်း၊ (ဒဂုံစင်တာ-၂ ရှေ့)၊ ရန်ကုန်။ ဖုန်း- (၀၁) ၅၂၃၂၀၀၊ ၂၃၀၄၀၂၀၊ ၂၃၀၄၀၂၁၊ ၅၂၃၆၂၃၊ ၀၉ ၅၀ ၂၀ ၃၀၂

ဂယာရွှေပြည် ဗုဒ္ဓဂယာ-သီရိလင်္ကာဘုရားဖူးအဖွဲ့



မန္တလေး - သီရိလင်္ကာ -မန္တလေး (တိုက်ရိုက်အစီအစဉ်)
ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းလှည့်လည်ပူဇော်ပွဲ (၇)ရက်ခရီး
(28-7-2017) မှ (3-8-2017) အထိ
ခရီးစဉ်စတင်လက်ခံနေပါပြီ။
ဒေါ်ဝင်းဝင်း ကိုယ်တိုင် နွေးထွေးသောဝန်ဆောင်မှုဖြင့် လိုက်ပါပို့ဆောင်ပေးပါမည်။
အမှတ်(၂၀)၊ ၁၀လမ်း(လယ်)၊ လမ်းမတော်မြို့နယ်။ ဖုန်း-၀၁၂၂၁၅၈၆၊၀၉ ၅၀၁၈၀၅၅၊၀၉၇၉၅၄၁၂၈၂၅

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

ကိုကျော်နိုင်
CAR RENTAL
မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အံစာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှု ပေးပါသည်။
09 25 358 2510

ဦးအောင်ဟိန်းကျော်
အတန်းအားလုံးစာအုပ်(လုံး၀) မကိုင်ဘဲသင်သည်
• Translation
အင်္ဂလိပ်စာရေးနည်း (အခြေခံ/ အဆင့်မြင့်)
အင်္ဂလိပ်စကားပြော သင်တန်း
▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre., Vol:1,2,3)
၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ လယ်၊ ရန်ကုန်
▪ 392468 ▪ 09517184

VALUESTAR INSTITUTE
တက္ကသိုလ် ဝင်တန်း ဖြေဆို/အောင်မြင်ပြီးသူများအတွက်
ကွန်ပျူတာ၊ အင်္ဂလိပ်စာ နှင့် စီမံခန့်ခွဲမှု သင်တန်းများ

Computer Courses
- Computer Basic ( Office 2016)
- Advanced Excel
- Desktop Publishing
- Graphic Design
- Auto CAD / Revit
- Practical A+ (Hardware)
- Java/C / C++ /C# Programming
- Web Developing / Design
- Video Editing / Adobe Flash

June လ တန်းခွဲသစ်များ လက်ခံနေပါပြီ။

English Courses
General English ( 4 Skills)
Spoken English
Basic / Pre-Intermediate / Intermediate Level

ABE, UK Diploma
(Level - 4) Business Management
(Level - 5) Business Management
(ABE,UK Diploma အတန်းများ 24.6.2017 စမည်။)

No.15,1st FL,U Tun Lin Chan Street,Hledan. 09-5043580 , 09- 5200 547

STANFORD
Prestige English School
Age 3~5 English Pre School
Age 6~13 Weekday/Weekend English Class
All Age Weekday/ Weekend 4 Skills 50% off
Foreign Teachers/ New Classroom
like us on facebook
Tel : +95 9773529386 Stanford Prestige English School
Address:No.44 Si sone st. Sanchaung Township




*အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။

Sojitz Sunrise Automobile Co., Ltd.
(Authorised Distributor)
Address : No.19, Baho Street, Sanchaung Township, Yangon, Myanmar.
Tel : 01-230 4801, 01-230 4802 Hotline: 09 42509 7655
Web Page : www.dongfeng-myanmar.com Facebook Page : DFM-Myanmar

24 HOURS ON CALL SERVICE
09-261457870

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ၀ သစ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

## ဒေါ်နီ(ပြွန်တန်ဆာ)

**အသက် (၉၃) နှစ်**

ပြွန်တန်ဆာမြို့၊ ဈေးပိုင်းရပ်နေ ဦးပွ-ဒေါ်ကျင်မွှားတို့၏သမီး၊ (ဒေါ်အုန်းရင်)၊ (ဒေါ်သန်း)တို့၏ညီမ၊ ရန်ကုန်မြို့နေ (ဦးမင်းအောင်-ဒေါ်ကြွေကြွေသိန်း)၊ ဦးစိုးလွင်(စီမံကိန်းဒါရိုက်တာ-ငြိမ်း၊ ရန်ကုန်-သံလျှင်တံတားဆောက်လုပ်ရေးစီမံကိန်း)၊ (ဒေါ်မြမြဝင်း)၊ ဦးမြင့်သိန်း(ညွှန်မှူး-ငြိမ်း၊ လေကြောင်းဦးစီး)-ဒေါ်ခင်အေးမြင့်တို့၏အစ်မကြီး၊ မန္တလေးမြို့ ယုန်မင်းပွဲရုံနေ ဦးစန်းမောင်-ဒေါ်ခင်ဖြူ၊ ဒေါ်ခင်ယု၊ ရန်ကုန်မြို့နေ ဦးဉာဏ်အောင်-ဒေါ်မေစိုး၊ ဒေါ်ဥမ္မာအောင်(အထက-၁၀၊ တာမွေ)၊ ဒေါ်ကေသီအောင်(အမက-၁၇၊ တာမွေ-ငြိမ်း)၊ ဒေါ်ဆင့်ဆင့်အောင်(အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဦးရဲအောင် (Chief Officer)-ဒေါ်တင်ဇာလွင်၊ ဒေါ်မို့မို့အောင်(FAUNA and FLORA International)၊ ဦးမြတ်စိုးအောင်(ခ) ဦးမိုးကျော်-ဒေါ်သင်းသင်းမိုး(ရွှေဇာဦးအိမ်ဆောက်ပစ္စည်းဆိုင်)၊ ဦးဉာဏ်လွင်-ဒေါ်နှင်းမြတ်လှိုင်၊ ဦးကျော်စိုး(ညွှန်ကြားရေးမှူး၊ လေကြောင်းဦးစီးဌာန၊ ရန်ကုန်)-ဒေါ်တင်အေးလွင်(အထက-၂ဗဟန်း-ငြိမ်း)၊ ဒုဗိုလ်မှူးကြီးချိုထွန်းအောင်(ငြိမ်း)-ဒေါက်တာဖြူဖြူမြင့်(ပုဇွန်တောင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး)၊ ဒေါက်တာဉာဏ်ထွဋ်-ဒေါက်တာခင်ရူပဝတီမောင်(ခေတ္တ-USA)၊ ဒေါက်တာမျိုးထွဋ်-ဒေါက်တာနန္ဒာမင်းဆွေ(ခေတ္တ-USA)တို့၏ ကြီးကြီး၊ မြေး ၁၅ ယောက်တို့၏ ဘွားဘွားကြီး **အောင်တော်မူပရိယတ္တိစာသင်တိုက်ကြီး၏ကျောင်းဒါယိကာမကြီး** ဒေါ်နီသည် ၁၀-၆-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၇(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ပြွန်တန်ဆာမြို့၊ မြို့မ(၂)ဈေးရှေ့၊ မင်းလမ်းနေအိမ်မှ အရှေ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ် ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တ ပညာစက္က၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သိက္ခာတော် (၇၀)၊ သက်တော် (၉၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ငါးဖယ်အင်းကျေးရွာအုပ်စု၊ သောင်ကုန်းသာသနာ့ရိပ်သာကြီး၏ မဟာနာယက(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တ ပညာစက္က မဟာထေရ် သိက္ခာတော်(၇၀)၊ သက်တော် (၉၆)နှစ်သည် (၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်) ၁၀-၆-၂၀၁၇ (စနေနေ့) နံနက် ၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ ခုနှစ်၊ နယုန်လကွယ်) ၂၃-၆-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇော်ပွဲကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

### ဒေါ်စန်းရီ(ခ)ဒေါ်သီလထေရီ(သဲအင်း)

ဖျာပုံ၊ ရေကြည်

**အသက် (၉၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈) ရပ်ကွက်၊ မဥ္ဇူ(၃)လမ်း၊ အမှတ်(၃၄) နေ (ဦးဆိပ်-ဒေါ်သိန်းမြ)တို့၏သမီး၊ ဦးကျော်စိုး-ဒေါ်တင်တင်ဦး၊ (ဦးမြင့်သိန်း)၊ (ဦးသန်းညွန့်)၊ ဦးဝင်းကြည်-ဒေါ် တင်နွဲ့၊ (ဦးကြည်အေး)တို့၏အစ်မ၊ တူ/တူမ ၁၈ယောက်တို့၏ကြီးကြီး၊ မြစ် ၁၁ယောက်တို့၏အဘွား ဒေါ်စန်းရီ(ခ) ဒေါ်သီလထေရီသည် ၁၀-၆-၂၀၁၇ရက် နံနက် ၁၀း၄၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၇ (တနင်္လာနေ့) ညနေ ၃ နာရီ တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၆-၆-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ညွန့်မေ (၈၅)နှစ်

**(အိုင်ကလောင်)**

(ဦးဟန်-ဒေါ်စိန်ဥ)တို့၏ သမီး၊ ဦးလှထွန်း၏ဇနီး၊ (ဦးမြတ်မိုး)၊ (ဦးကျော်ခိုင်)-ဒေါ်မြင့်မြင့်စန်း၊ ဦးမျိုးဝင်းဇော်-ဒေါ်မြင့်မြင့်ခင်၊ (ဦးစန်းမြင့်)-ဒေါ်သူဇာမြင့်(ခ)မချိုတို့၏မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၀-၆-၂၀၁၇ (စနေနေ့) ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၇ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်စိန်ညွန့်

**အသက် (၉၀)**

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊အမှတ်(၁၈၅)၊ ကျုံးကြီးလမ်းနေ (ဦးကျင်မောင်ကြီး)၏ ဇနီး၊ အရှင်တေဇနိယ (ရွှေဥမင်ဓမ္မသုခတောရရိပ်သာ)၏ မယ်တော်ကြီး၊ (ဦးကြေည်)-ဒေါ်ညွန့်ညွန့်ဆွေ၊ Dr.ဒေါ်လှကြည်၊ Dr.သိန်းကြည်-Dr.သန်းသန်းဌေး၊ Dr.တင်ကြည်-Dr.နုနု၊ ဦးမြင့်ကြည်-ဒေါ်ရီရီမြင့်၊ Dr.စိုးကြည်-Dr.ခင်ခင်ထွေး၊ Dr.အောင်ကြည်-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ပို့ရင်း၊ Dr.ယဉ်ကြည်-ဒေါ်သန်းသန်းလွင်၊ Dr. ထွန်းကြည်-Vivienne တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၈ ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၀-၆-၂၀၁၇ (စနေနေ့) နံနက် ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်တင်ရွှေ

**အသက် (၈၆) နှစ်**

မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်း၏မိခင် ဒေါ်တင်ရွှေ (၈၆)နှစ်သည် ၁၀-၆-၂၀၁၇ ရက်နေ့တွင် ဘဝတစ်ပါးကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စီးပွားရေးတက္ကသိုလ်ရွှေဘိုဆောင် ဆရာများနှင့် ကျောင်းသားများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာမကြီး ဒေါ်ခရစ္စတီနာဖရန့်စစ်

**အသက် (၇၉) နှစ်**

**ယခင်စိန်ပက်ထရစ်၊ အ. ထ. က(၅) မော်လမြိုင်မြို့**

မော်လမြိုင်မြို့၊ အမှတ်(၂၇)၊ တပ်မြေမြောက်လမ်း၊ မန္တလေး ရပ်ကွက်နေ ဆရာမကြီးဒေါ်ခရစ္စတီနာဖရန့်စစ်သည် ၈-၆-၂၀၁၇ ရက်နေ့ ည ၁၁း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စိန်ပက်ထရစ်၊ အ. ထ. က(၅) ကျောင်းသားဟောင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယဗိုလ်မှူးကြီး မြတ်အေး(ငြိမ်း) (၇၈)နှစ်

**ဥက္ကဋ္ဌ၊ ဒဂုံမြို့နယ်ကော်မရှင်အဖွဲ့ခွဲ**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၁၅)နေ ဒေါ်ခင်မိမိကြီး၏ခင်ပွန်း၊ ဦးမြတ်ကျော်စွာဦး၏ ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီး မြတ်အေး(ငြိမ်း)သည် ၈-၆-၂၀၁၇ ရက်နေ့ နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်ကော်မရှင်အဖွဲ့ခွဲ**
**ဒဂုံမြို့နယ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစန်းဌေး

